www.burmeseclassic.com

ရွှေပဒေသာစာပေ

# မယ်နိုင်

# မျက်နှာချင်းဆိုင်လွဲ




( အချစ်လုံးချင်းဝတ္ထုသစ် )

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ |
| | - | ၂၀၁၃၊ မတ်။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>အမှတ် (၃၃)၊ ကျီတော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် (၃၃)၊ ကျီတော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ဈေး | - | ၁၃၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မယ်နိုင် ၈၉၅.၈၃

မျက်နှာချင်းဆိုင်လွှဲ /မယ်နိုင် ။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၀ ။

၂၃၅ စာ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) မျက်နှာချင်းဆိုင်လွှဲ

BURMESE CLASSIC .com

# မယ်နိုင်

# မျက်နှာချင်းဆိုင်လွှဲ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုမှသားမဲ့တဲ့

စကားလုံးတွေနဲ့

မချည်နှောင်နဲ့တော့

စူးရှနက်နဲတဲ့

အပြုံးတွေနဲ့လည်း

မရစ်တွယ်နဲ့တော့

သံသယများတဲ့

မျက်ဝန်းတွေနဲ့လည်း

မဖမ်းစားနဲ့တော့

နှင့်ရဲ့

လုပ်မြဲဟန်တွေကို

ဥပေက္ခာပြုပြီး

အဝေးကို

ကျောခိုင်းထွက်ပြေးသွားချင်တာ

ငါပါ။

**ရွှေပဒေသာစာပေ**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

''အိမ်က ငါ့ကို ယောက်ျားပေးစားတော့မယ်တဲ့''

သူ့ခဘုံရဲ့စကားက ရက်ကိုးရက်ကန်းလေးနဲ့ ဘွင်းကွင်းရှင်းရှင်း ခဲရာခဲဆစ်ဆိုပေမယ့် ဝတ်မှုန်ကူးရဲ့ရင်ထဲမှာ နှလုံးသားများ တစ်စစီကွဲကြေသွားရပါသည်။

''အဲ့တော့ . . သူ့ခက အိမ်ကစကားကို နားထောင်တော့မယ်ပေါ့''

''အခုချိန်ထိတော့ ငါလည်း လိုက်နာဖို့ဆန္ဒမရှိသေးပါဘူး''

''သူခ တကယ်ပဲ 'ကူး'ကိုစွန့်လွှတ်နိုင်လို့လား''

''ငါအကောင်းဆုံးဖြစ်အောင် စဉ်းစားပါဦးမယ်''

ရွှေပဒေသာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



''နာကျင်နေမယ့် ကူးရဲ့နှလုံးသားကို သုခသိနေတယ်ဆိုရင် ရပါပြီ''

''ငါလည်း ကူးကိုသိပ်ချစ်ပါတယ်''

''ကူးလည်း သုခကိုသိပ်ချစ်ပါတယ်။ ဘာနဲ့မှမတူအောင်ပါဘဲ''

ဟုဆိုကာ ဆံပင်ကျောလယ်ခန့်ရှိမည့် လှပသောမိန်းကလေးက ဆံပင်တိုနှောင့်နှောင့်နှင့် မျက်မှန်အဝိုင်းကြီးကြီးတပ်ထားသော ဂျင်းရှေ့ပင်န်တိုနှင့်လူကို လှမ်းဖက်လိုက်သည်။

''သုခ, ကူးကို ပစ်မသွားရဘူးနော်''

''ငါလည်း ကူးကိုအရမ်းချစ်ပါတယ်''

''အဲ့ဒါဆိုရင် ကူးနဲ့သုခ အဝေးဆုံးကိုထွက်ပြေးကြမယ်လေ''

''အဲ့လိုလုပ်လို့မဖြစ်ဘူး, ကူး၊ မေမေက ရောဂါရှိတယ်၊ ငါ့ကြောင့် မေမေတစ်ခုခုဖြစ်သွားရင် ငါတစ်သက်လုံး နောင်တရလို့ဆုံးမှာမဟုတ်ဘူး''

''ဒါဆို သုခက ဘယ်လိုလုပ်မလဲ''

''အခြေအနေကြည့်ရတော့မှာပေါ့။ မနက်ဖြန်ညနေဆို အဲ့ဒီပုဂ္ဂိုလ်တို့မိသားစုအိမ်ကိုလာလိမ့်မယ်''

''ဒါဆို သုခနဲ့ကူးဝေးရဖို့အချိန်က နီးကပ်နေပြီပေါ့''





''အဲ့လိုကြီးလည်း မှတ်မထားနဲ့ဦးလေ၊ ဘယ်အရာမှ ပြောင့်စင်းတယ်ဆိုတာ မရှိပါဘူး၊ ငါ့ကိုယုံပါ,ကူး''

''ယုံပါတယ် ကူး၊ သုခကိုလုံးဝယုံကြည်ပါတယ်''

''ဒါကြောင့်လည်း ကူးကိုချစ်တာပေါ့''

ဟုဆိုကာ ဆံပင်တိုကပ်ကပ်လေးနှင့်လူက ဆံပင်ကျောလယ်ခန့်ရှိသည့်ခပ်ချောချောနှင့်မိန်းမလှလေးကို လှမ်းဖက်လိုက်ပြန်သည်။ ဖြတ်သွားဖြတ်လာလူအချို့က ထိုနှစ်ယောက်ကို တရိပ်တစောင်းအကဲခတ်နေကြပေမယ့် ထိုနှစ်ယောက်ကတော့ မျက်ဝန်းတွေက တည်ငြိမ်လေးနက်စွာ အဝေးသို့သာ ငေးကြည့်နေကြကုန်သည်။

ရင်ထဲမှာ ဗလောင်ဆူနေသောခံစားချက်များနှင့် တစ်ဦးကိုတစ်ဦး မလွှတ်တမ်းဖက်တွယ်ထားကြသည်မှာ သိပ်ချစ်ကြသောယောကျ်ားပျိုတစ်ယောက်နှင့် ပျိုကညာတစ်ယောက်နှယ်။

ထုံးစံအတိုင်း ကူးနှင့်သုမ လမ်းခွဲပြီး ညနေ (၄) နာရီမှ အိမ်ကိုပြန်ရောက်ပါသည်။ သူ အိမ်ထဲဝင်လိုက်သည်နှင့် ကြက်တောင်ရိုးကိုကိုင်ကာ အဆင်သင့်ရပ်စောင့်နေသောမေမေ့ကို တွေ့လိုက်ရသည်။ သုမ ထိတ်လန့်သွားရပါသည်။ ဒီပုံအတိုင်းဆို သုမအရိုက်ခံရတော့မှာမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ညည်း ဘယ်ကပြန်လာတာလဲ သုခဘုံ"

"ဟာ မေမေကလည်း သုခ ဘာအများလုပ်လို့လဲ"

"ညည်းလုပ်တာ ညည်းမသိဘူးလား၊ လာခဲ့စမ်း"

"မလာဘူး"

"လာခဲ့ဆို"

"မလာဘူး"

ဟုပင် ပေကပ်ကပ်နှင့်ပြောကာ နံရံကိုမှီထားလိုက်ပြန်ပါသည်။

"သုခဘုံ"

"ဗျာ"

"ထူးပြန်ပြီလား ဒီလို၊ မင်း အမှတ်သည်းခြေကို မရှိဘူး၊ မင်းကို မနေ့က ဘာပြောထားသလဲ"

"အဲ့လိုနေရာတွေ သုခ မသွားချင်ဘူး"

"ပုံစံကိုက ဟိုမရောက်ဒီမရောက်နဲ့၊ မနက်ဖြန်ပဲ သတို့သားလောင်းဘက်က ညည်းကိုလာအကဲခတ်ကြတော့မယ်၊ မင်းမျက်နှာနဲ့ ဆံပင်က ဘာပုံပေါက်နေတာလဲ၊ လာသွားမယ်"

"ဟာ! သုခ မသွားချင်ဘူး"





"သုခဘုံ"

"မသွားဘူး"

"မသွားဘူးလား"

"မသွားဘူး"

"မသွားချင်ဦးဟယ် . . ."

"ရှမ်း . . . ရှမ်း . . . ရှမ်း"

"ဟာ . . . နာတယ်ဗျ"

"ပြောပြန်ပြီလား ဒီဗျ"

"ရှမ်း . . . ရှမ်း . . . ရှမ်း"

"အမေ့ . . . ကြောက်ပြီ၊ တော်ပြီဗျ"

"ပြောဦး ဒီဗျ"

"ရှမ်း . . . ရှမ်း"

"သွားမှာလား၊ မသွားဘူးလား"

မေမေ့ရဲ့ရိုက်ချက်က ခါတိုင်းထက် နှစ်ဆပြင်းနေတာမို့ သူမမှာ ဟိုခုန်ရှောင်ဒီခုန်ရှောင်လည်း မတတ်နိုင်တော့ပြီ၊ သူမက ခုန်ရှောင်နေ၍ မီရာနေရာကို လှမ်းရိုက်နေသောကြောင့် ရှပ်ကဲ၊ ထိသွားသော လက်ကောက်ဝတ်၊ တည့်တည့်ထိသွားသော လက်မောင်းသားနှင့် ကျောပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာ နာကျင်လှပါပြီ။

''သွားမယ်ဗျာ. . . သွားမယ်၊ သွားမယ်''

နောက်ဆုံးမှာတော့ ထုံးစံအတိုင်း မေမေ့ရဲ့တုတ်ချက်များကို အရှုံးပေးလိုက်ရပြန်ပါပြီ။ ထိုအခါကျမှ မေမေက မောသွားဟန်နှင့် ဆိုဖာဆက်တီပေါ် ထိုင်ချကာ. . .

''သွား. . . အဝတ်အစားသွားလဲခဲ့''

မေမေရဲ့ပြောစကားကို သူက ပေကပ်ကပ်နှင့် ကြည့်နေလိုက်စဉ်မှာ မေမေက သူ့ကို စိတ်မရှည်သလိုလုပ်ပြီး တုတ်ကိုပြန်ကိုင်ကာ. . .

''ဘာလုပ်နေတာလဲ''

''မလဲချင်ဘူး''

''လဲမှာလား၊ မလဲဘူးလား''

ဟုဆိုကာ တုတ်ကို သုခဘုံရဲ့ဦးခေါင်းတစ်ဝိုက် ဝှေ့ဝဲပစ်လိုက်သည်တွင် သုခဘုံကပဲ စိတ်မရှည်နိုင်နှင့်. . .

''လဲမယ်၊ လဲမယ်''

''ဟိုမရောက်ဒီမရောက်တွေ မဝတ်ခဲ့နဲ့။ လုံချည်ဝတ်ပြီးလာခဲ့''

''ရေလဲဝတ်ကလွဲရင် ဘာမှမရှိဘူး''

''မနေ့ကမှ ဝယ်ထားပေးတာတွေရော''





''ကူးကို ပေးပစ်လိုက်ပြီ''

''ပါလာပြန်ပြီလား၊ ဒီကလေးမနာမည်''

''ကူးက သဘောကောင်းတယ်၊ ပြီးတော့ သုခ. ကူးကိုချစ်တယ်''

''တော်ပြီတော်ပြီ ညည်းကို ဒီ့ထက်စိတ်မတိုချင်တော့ဘူး၊ ညည်းမကြာခင် ကျေးတမန်နဲ့လက်ထပ်ရတော့မှာပဲ၊ အဲ့ဒီခါ ဘာကူးနဲ့မှလည်းပတ်သက်ဖို့မရှိတော့ဘူး''

''သုခ မယူနိုင်ဘူး''

''ဒါဆို ညည်းက ဘယ်သူ့ကိုယူမှာလဲ၊ ဝတ်မှုန်ကူးကိုယူမှာလား''

ထိုမေးခွန်းကိုတော့ သူမပြန်မဖြေနိုင်တော့ပါ။

''ရှက်လည်းရှက်စရာကောင်းတယ်နော်၊ အဲ့ဒါတွေကြောင့် ညည်းကိုစိတ်မအေးရတာပေါ့။ ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတာလည်း ထည့်တွေးထားဦး၊ မဖြစ်ဘူး. . . ဒီမင်္ဂလာကိစ္စကို အမြန်ဆုံးပြင်ဆင်တော့မှပဲ''

''မေမေ. သုခ လက်မထပ်ချင်ဘူးနော်''

''ဘာကြောင့်လက်မထပ်ချင်တာလဲ ပြောလေ။ ညည်းမှာ ကောင်လေးရည်းစားရှိသလား၊ ပြော. . . ပြောလေ၊ အသိုင်းမဆိုင်းဘဲ ပေးစားလိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"သုခ အဲ့ဒါတွေ စိတ်မဝင်စားဘူး"

"ဒါဆို ဘာကြောင့် ဝတ်မှုန်ကူးကို ရည်းစားတော်ထားသေးလဲ။ ညည်းကိုယ်ညည်း ယောကျ်ားလေးများမှတ်နေလား"

"သုခ ငယ်သေးတယ်မျာ"

"အသက် (၂၅) နှစ်၊ ဒါ ငယ်သေးတာလား"

"မသိဘူးဗျာ။ သုခ, မယူချင်ဘူး"

"ငါ အမေ၊ ညည်းက ငါ့သမီး။ ငါပြုသမျှ ညည်းခံရမှာပဲ"

"မေမေနော်၊ သုခ ထွက်ပြေးလိုက်မှာ"

"ထွက်ပြေးလေ၊ ညည်းမှာ လက်ဝတ်လက်စားလည်း ဘာမှရှိတာ မဟုတ်ဘူး။ ကားလည်း မရှိဘူး။ ပိုက်ဆံလည်း ငါးထောင်ထက် အပြင် ပိုပြီးမရှိဘူး။ ဖုန်းတစ်လုံးရှိတာ၊ ဒါလည်း အလွန်ဆုံးသုံးရလောက် (၃)ရက်ပေါ့။ ခွက်တစ်လုံးနဲ့ တောင်းစားချင်ရင် ဆင်းသွားလိုက်။ တစ်သက်လုံး ပြန်တက်လာစရာမလိုဘူး"

"မေမေနော်"

"ကဲပါ ကြာတယ်။ အသားမနာချင်ရင် အဝတ်စားသွားလဲ"

"အဲ့ဒီလိုအလုပ်ပြင်ရင် သုခ အိပ်ချင်တယ်။ ပြီးတော့ ယားတယ်"

"မပူနဲ့။ အားလုံးအဆင်ပြေစေရမယ်။ သွားပါသွား"





သုခဘုံမှာ မေမေ့ကို မလွန်ဆန်နိုင်၍ပင် နတ်ခမ်းကြီး စုထော်ကာ လှေကားကို တစ်ထစ်ချင်း တက်လာခဲ့ရပြန်သည်။ သုခဘုံဆိုတဲ့ သူမကတော့ ယောကျ်ားလေးလိုပဲနေတတ်သည့် ခပ်ချောချောမိန်းကလေး တစ်ယောက်ဖြစ်ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကျေးတာမန်. . . မင်း အခုဘာယ်ကပြန်လာတာလဲ"

အသံဟိန်းကြီးကြောင့် ကျေးတာမန်မှာ ပခုံးလေးတွန့်ပြီး ခြေတစ်လှမ်းက နောက်တွန့်သွားရပါသည်။ ထုံးစံအတိုင်း ဖေဖေက သူ့ကိုဆူဖို့ အဆင်သင့်ရှိနေပြီထင်ပါရဲ့။

"ပြောလေ"

ဦးဘာသိုက်မှာ ပေကပ်ကပ်နှင့် နံရံကိုမှီကာ ကျုံ့ကျုံ့လေးရပ်နေသောသူ့ကို စိတ်မရှည်နိုင်တော့၍ အော်ပစ်ခြင်းဖြစ်သည်။

"ကျေး. . . ကျေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကျေးလဲ။ မင်းကို အဲ့ဒီလိုမပြောနဲ့လို့ ငါဘယ်နှခါပြောရမလဲ"

ဖေဖေ့ရဲ့အော်သံကြမ်းကြမ်းကြောင့် ဇက်ကလေးပုဝင်ကာ မဝံ့မရဲလေး ဖြစ်သွားရပါသည်။ ဖေဖေ့ရဲ့မျက်လုံးစိမ်းစိမ်းများကြောင့် အနေကျုံ့သည့်ထက် ကျုံ့လာရပါသည်။

"ပြောစမ်း! မင်း အခုဘယ်ကပြန်လာတာလဲ"

"ဟို. . . ဟို"

"မင်းကို ငါ ဒီကားဝယ်ပေးထားတာ အဲ့လိုပိုင်းလုံးကောင်တွေကို ခေါ်တင်ဖို့မဟုတ်ဘူးကွ။ အရည်မရအဖတ်မရ"

ဖေဖေ့ရဲ့ဒီစကားမှာတော့ သူသဘောပေါက်သွားရပါသည်။ ဖေဖေသူ့ကို အပြင်မှာတွေ့ခဲ့ပြီထင်ပါရဲ့။

"နောက်တစ်ခါ အဲ့ဒီ သီအိုရမ်ဆိုတဲ့ကောင်နဲ့ မင်းကိုတွဲပြီးမတွေ့ချင်ဘူး"

"သီအိုရမ်က ဘာဖြစ်နေလို့လဲဖေဖေ"

"ဘာဖြစ်နေသလဲ။ မင်းဟာမင်းသိမှာပေါ့"

"သီအိုရမ်က ဆင်းရဲတာကလွဲလို့ စိတ်ရင်းလှပါတယ်"

ဖေဖေ့ကိုဘယ်တော့မှပြန်ပြောလေ့မရှိတဲ့သူက သီအိုရမ်နဲ့ပတ်





သက်လာရင်တော့ အမြဲမိသားစုနဲ့ အတိုက်အခံဖြစ်ရသည်သာ။

"မင်းဆီက လိုချင်တာရနေလို့ သူကောင်းနေတယ်ဆိုတာ မင်းသဘောမပေါက်ဘူးလား ကျေးတမန်. . . ဟမ်း"

"ဖေဖေပြောသလိုမျိုးလည်း သီအိုရမ်က မဆိုးပါဘူး"

"မင်းတို့ပုံစံတွေဟာနော်၊ လုံးဝကြည့်မရဘူး။ နောက်တစ်ခါ သီအိုရမ်ကို မင်းနဲ့အတူတွဲတွေ့လိုက ငါ့အဆိုးမဆိုနဲ့။ မင်းဟာမင်း မရှင်းတတ်တဲ့ကိစ္စကို ငါအပြတ်ရှင်းပစ်ရမယ်"

"ဖေဖေ, သီအိုရမ်ကိုဘာမှမလုပ်နဲ့နော်"

"ငါလုပ်ရင် မင်းက ငါ့ကိုဘာလုပ်ဦးမလို့လဲ"

ထိုအခါမှာတော့ သူက နှုတ်ခမ်းဖျားလေးကို လျှာဖျားလေးနှင့် သပ်တင်လိုက်ကာ မတည်မငြိမ်ဖြစ်နေသောမျက်လုံးကလယ်ကလယ်ကို တမင်တကာအားယူကာ စုစည်းပစ်လိုက်ပြီး. . .

"ကျေး, ထွက်ပြေးသွားလိုက်မှာ"

"အား. . . မင်း"

ဒေါသဖြစ်ဖြစ်နဲ့ ဖေဖေက လက်တစ်ဖက်ကို လေထဲမှာမြှောက်လိုက်တော့ သူ့မျက်လုံးအစုံကို ကြောက်ကြောက်နှင့်မှိတ်ချပစ်လိုက်သည်။

"မလုပ်ပါနဲ့ရှင်။ ကလေးကို ကောင်းကောင်းပြောလို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ကယ်တင်ရှင် မေမေက ပြေးဝင်လာ၍ သူမှာအနေ ချောင်သွားရပါသည်။ အမြဲတမ်း သူ့ကိုကာကွယ်ပေးတတ်သော မေမေ့ကို သူသိပ်ကျေးဇူးတင်မိပါသည်။

ထိုအခါမှာတော့ သူကလည်း လူလည်ပီပီ မေမေ့နောက်ကျော လေးနား ပြေးပုန်းပစ်လိုက်ပါသည်။

''မအုန်းနေ့, မင်း. . . မင်း့သားကိုကြပ်ကြပ်အလိုလိုက်။ ဒါကြောင့်လည်း ဒီကောင် ဒီပုံဖြစ်နေတာ။ ဟိုမရောက်ဒီမရောက်''

''အမယ်လေး, တော်ကလည်း ဘယ်မှာ ဟိုမရောက်ဒီမရောက်ဟုတ်လို့လဲ။ ဒီမှာ တီရှပ်၊ ဒီမှာ ဂျင်းပင်န်၊ ဒီမှာ ဘွတ်ဖိနပ် မတွေ့ဘူးလား။ အားလုံးယောက်ျားအဝတ်စားကြီးပဲ''

''ပြောဆိုတာက ကန့်ကလျန့်။ ငါမရှိရင် မရှိသလို နှုတ်ခမ်းနီဆိုး မျက်ခုံးမွေးခြယ်နဲ့ ငါမသိဘူးများထင်နေသလား''

''ဒါတွေက လူငယ်မို့ပါ။ အိမ်ထောင်ကျသွားရင် သူ့ဟာသူပျောက်သွားလိမ့်မယ်''

''မင်းပြောလိုက်ရင် ဒါပဲ၊ ကာဆီးကာဆီးလုပ်ဖို့ပဲသိတယ်။ သီအိုရမ်ဆိုတဲ့ကောင်လေးနဲ့ တွဲနေတာကရော ဘာလဲ၊ သီအိုရမ်က သူနဲ့ဘာလဲ''





''သူငယ်ချင်းတွေပေါ့ရှင်။ ယောက်ျားချင်းပဲ''

''ဟွန်း! ငါမပြောချင်ဘူးနော်၊ နေတာက ပလူးပလဲနဲ့''

''တော်ကလည်း အကောင်းဘက်က ခဏလောက်ကြည့်စမ်းပါဦး၊ ကျွန်မတို့ရဲ့သားရတနာလေးက ကျွန်မတို့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် လုပ်ပါ့မလား။ ဟုတ်တယ်မို့လား့သား''

ကာကွယ်ပေးလှပါတယ်ဆိုတဲ့မေမေ့ရဲ့စကားကမှ သူ့ကိုပို၍ ချောက်ထဲတွန်းပို့လိုက်သလိုပင်။ သူမှာ မေမေ့နောက်ကျောလေးနားမှာပင် ခေါင်းလေး မညိတ်ချင်ညိတ်ချင်။

''မနက်ဖြန်ပဲ ချိန်းထားတဲ့ရက်က ရောက်နေပြီ။ မင်း့သားရဲ့ဆံပင်ပုံဟာ ငါမကြိုက်ဘူး. . . ပြင်ထား။ မနက်ဖြန်မနက်ရောက်လို့မှ ဒီဆံပင်ပုံဟာ မပြင်ရသေးဘူးဆိုရင် ငါ့အဆိုးမဆိုနဲ့။ ဒါပဲ''

ဟု အမိန့်ဆန်ဆန်ပြောကာ ဒေါကြီးမောကြီးနှင့် လှေကားပေါ်တက်သွားသော ဦးဘသိုက်ကြောင့် ဒေါ်အုန်းနေမှာ နှာခေါင်းလေးရှုံ့ကာ. . .

''ဒေါသချည်းပဲ။ ကလေးကို အကောင်းပြောရင်ရရဲ့သားနဲ့''

ဟု ပွတ္တူပွတ္တူပြောကာ သူ့ဘက်လှည့်လာ၍ သူ့စိတ်ထဲ အနေကြပ်သွားရပါသည်။ ထုံးစံအတိုင်း မေမေက သူ့ကိုချော့တစ်မျိုး ခြော



www.burmeseclassic.com

www.burmeseclassic.com



ကစ်မျိုးနှင့် လိုရာပုံသွင်းပြန်ဦးမည်မဟုတ်ပါလား။

"ဟုတ်သားပဲ၊ ငါ့သားရဲ့ဆံပင်က နီရဲနေတာ။ မီးကျွမ်းထားတာနဲ့ တူနေပြီ"

"မေမေ"

"ပြော့သား၊ ဘာဖြစ်ချင်သလဲ"

"ကျေး. . . ဒီဆံပင်ကို မညှပ်ချင်ဘူး။ အခုလိုနည်းနည်းရှည်လာအောင်တောင် ကြိုးစားထားရတာ။ ပြီးတော့ ဒီဆံပင်အရောင်နဲ့ ကျေးနဲ့လိုက်တယ်တဲ့။ သီအိုရမ်ကပြောတယ်"

"ဒီဆံပင်ပုံက ဖြောင့်ဖြောင့်စင်းစင်းဆိုတော့ မိန်းကလေးနဲ့တူနေတယ်သား။ ပြီးတော့ အရောင်က မိန်းကလေးတွေဆိုးတဲ့အရောင်ကြီးကို"

"ကျေးက အဲ့ဒါကို သဘောကျတာ"

"ငါ့သား ဘာကိုကြိုက်သလဲဆိုတာ မေမေသိပါတယ်သားရယ်။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိသေးတယ်၊ သားအသက်ကငယ်တော့တာမှမဟုတ်တာ၊ (၂၅)နှစ်လုံးလုံး မေမေလွှတ်ထားခဲ့ပြီးပြီပဲ၊ မေမေတို့က အသက်ကြီးပြီသား။ မြေးချီချင်သေးတယ်"

"ဟာ. . . မေမေကလည်း"





"ဟော့. . . ရှက်သွားပြန်ပြီ၊ ဒါရှက်စရာမှမဟုတ်တာ၊ မနက်ဖြန်ကို သားရဲ့သတို့သမီးလောင်းနဲ့တွေ့ရတော့မယ်"

"သတို့သမီးလောင်း"

"ဘာဖြစ်လို့လဲသားရဲ့"

"ဘာ. . . ဘာ, ဘာမှမဖြစ်ပါဘူး"

အမှန်တော့ သူ့နှလုံးသွေးတွေ ခန်းခြောက်သွားလုမတတ် ထိတ်လန့်သွားခဲ့ရတာပါ။

"အဲ့တော့ သားက သားရဲ့ဆံပင်ပုံကြီးကိုပြင်လိုက်။ နည်းနည်းလေးတိုပြီး အနက်ရောင်ဆိုးလိုက်။ သတို့သမီးဘက်ကကြည့်ရင် သေသပ်ပြီး စမတ်ကျခန့်ညားတဲ့ပုံဖြစ်အောင်ပေါ့။ ငါတို့သားက အရပ်လည်းရှည်တယ်။ ခန့်လည်းခန့်တယ်။ ကိုယ်ခန္ဓာလည်း အချိုးဒ္ဒ္ဒဘစ်ကျကျနဲ့ သိပ်ခန့်တဲ့ယောကျ်ားကြီးပဲ၊ ကောင်မလေးက မြင်မြင်ချင်း ကြိုက်သွားမှာသေချာတယ်။ တစ်ခုတော့ရှိတယ် သား၊ သား အဲ့ဒီမိန်းကလေးနဲ့စကားသိပ်မပြောနဲ့။ သိလား"

"ဟင်! ဘာဖြစ်လို့လဲ"

"အဲ့ဒီမိန်းကလေးကိုကြည့်ရင် အိမ်မှာနေသလို မဝံ့မရဲ မနို့တရှို့ကြည့်နဲ့၊ တည့်တည့်ကြီးနဲ့ စူးစူးရှရှကို ရဲရဲကြည့်၊ စိုက်ကြည့်ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ပြီးတော့ သူမနဲ့စကားပြောရင်လည်း ကျေး, ကျေးလို့ နာမ်စား မသုံးနဲ့သိလား"

"ဘာဖြစ်လို့လဲမေမေ"

"မိန်းကလေးတွေအကြောင်း သားမသိပါဘူး။ အဲ့ဒီလိုနူးညံ့တာမျိုးဆို မိန်းကလေးတွေက သိပ်စွဲလမ်းကြတာ။ 'ကိုယ်က' 'ကိုယ်'အဲ့ဒီလို ကြမ်းကြမ်းပဲသုံးသိလား"

"ဟုတ်, အဲ့လိုပဲ သုံးမယ်"

မိန်းကလေးတွေကို စိတ်မဝင်စားတဲ့သူက အားမာန်အပြည့်နှင့် ပြောပစ်လိုက်သည်။

"အစမ်းပြောကြည့်ပါလား သား"

"ကိုယ်က၊ ကိုယ်က. ဟဲ. . . ဟဲ အဆင်ပြေတယ်မဟုတ်လား မေမေ"

"ဟုတ်ပြီ"

ဟုဆိုကာ ဒေါ်အုန်းနေမှာ အားပါးတရပင် လက်ခုပ်တီးပစ်မိပါ၏။

"ပြီးတော့ ယောကျ်ားကြမ်းကြမ်းလိုနေနော်။ အဲ့ဒါဆို သူမ. သားကိုကြိုက်မှာမဟုတ်ဘူး"





"အဲ့ဒါဆို ကျေးနဲ့သူနဲ့မင်္ဂလာပွဲပျက်မှာလား"

"ဒါပေါ့"

"ဟား. . . ဒါမှ ကျေးမေမေကွ"

ဟုဆိုကာ ဝမ်းပန်းတသာကြီး မေမေ့ကိုပွေ့ဖက်မိတော့၏။ သူ့စိတ်ထဲမှာတော့ ယောကျ်ားကြမ်းကြီးလိုနေဖို့ နည်းဗျူဟာတွေကို အစီအစဉ်တကျ ရေးဆွဲနေမိပါသည်။

ပြီးတော့ အံကြိတ်ပြီးမှလည်း ကြုံးဝါးနေမိပါသေးသည်။ ဒီမိန်းကလေး တွေ့မယ်ပေါ့။

သို့သော် ထိုမိန်းကလေးကပဲ သူနဲ့တွေ့မှာလား၊ သူကပဲ ထိုမိန်းကလေးနဲ့တွေ့တော့မှာလားဆိုတာ ကံကြမ္မာကပဲ ဆုံးဖြတ်ပေးပါလိမ့်မည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ခြံဝင်းထဲကိုဝင်လာသော အဖြူရောင်ပြောင်လက်နေသော ကားကြီးကြောင့် သူမစိတ်ရှုပ်သွားရပါသည်။ ခုတင်ပေါ်သို့ပင် ကုန်းကုန်းကြီး စိတ်ပျက်လက်ပျက်နှင့် ထိုင်ချမိသည်ထိပင်။

မျက်နှာမှာ လိမ်းခြယ်ထားသော နှုတ်ခမ်းနီ၊ မိတ်ကပ်နှင့် မျက်ခုံးမွေးရုပ်ဒိုးတို့ထက် ပခုံးပေါ် ဖြောင့်စင်းပြီး ဝဲကျသောဆံပင်လှလှကို မှိ၍ စိတ်ပျက်မိသည်ထက် ထိုကားအဖြူကို စိတ်ပျက်မိသည်က ပို၍နေပါသည်။

ဘာပုံမှန်းမသိ ကိုယ်ခန္ဓာပေါ် ကပ်ကပ်ရပ်ရပ်ရှိသော မြန်မာအင်္ကျီ ပုံဆန်းဆန်းကို စုတ်ပြဲသွားသည်ထိ ဖြဲပစ်ချင်နေမိသည်။ ဘေးနား[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော ဖန်ကြည်ရောင် ဒေါက်ဖိနပ်ပါးပါးကိုလည်း အဝေးဆုံးရောက်အောင် လွှင့်ပစ်ချင်မိပေမယ့်လည်း ဖေဖေရဲ့ဒေါသနှင့် မေမေရဲ့တုတ်ချက်များကိုလန့်မိ၍ မကျေမနပ်နှင့် အောင့်သက်သက်ကြီးငြိမ်နေရခြင်းဖြစ်သည်၊

သူမစိတ်ထဲမှာတော့ ကမောက်ကမကြီးပဲ ဘုတောပစ်လိုက်ဦးမယ်ဟုချည်း တွေးပစ်နေမိပါသည်။ သို့သော် အချိုးမပြေသာဖြစ်ခဲ့လို့ကတော့ နေ့စဉ်ရနေတဲ့မုန့်ဖိုးတွေကို ဖြတ်ပစ်မယ်ဟု မေမေက ခြောက်ထား၍ သူမမှာ ဆုံးဖြတ်ရခက်စွာ။

ထိုသို့ခက်ခဲနေစဉ်မှာပင် ကန်ဘောင်ရေပြင်ကို ငေးကြည့်ကာ တစ်ယောက်တည်းဆွေးနေမည့် ဝတ်မှုန်ကူးရဲ့ပုံရိပ်က ဖျတ်ခနဲပေါ်လာ၍ ဖုန်းကိုကောက်ကိုင်ကာ. . .

''သိပ်ချစ်တယ်''

ဟုပင် ဝတ်မှုန်ကူးထံ မက်ဆေ့ချ်ပို့ပစ်သေး၏။ သူမရဲ့မက်ဆေ့ချ်ကိုဖတ်ပြီး ပြုံးနေမည့်ကူးရဲ့ပုံရိပ်က သူမအတွက်တော့ အရာရာကိုရင်ဆိုင်နိုင်မည့်အားဆေးတစ်ခွက်ဖြစ်ပါသည်။

''သုခဘုံ''

''အော့. . . အင်း''





''ဘာလုပ်နေတာလဲ၊ အခုထိ ဖိနပ်မစီးရသေးဘူး။ အောက်မှာ ဧည့်သည်တွေရောက်နေပြီ''

ဟု မေမေက သူမကိုလောဆော်လာမှ သူမက ပြုံးနေသော မျက်နှာကိုပြင်ကာ ဖန်ကြည်ရောင်ဒေါက်ဖိနပ်ကို ဖြစ်သလိုလျှိုပစ်လိုက်သည်။

''ဣန္ဒြေရရဆင်းခဲ့နော်။ ကမောက်ကမဖြစ်လို့တော့ ညည်းနဲ့ငါတွေ့မယ်''

''သုခ ဒီဖိနပ်မျိုးကြီး မစီးတတ်ဘူး''

''လျှာမရှည်နဲ့၊ တစ်ချိန်လုံး အစီးကျင့်ထားပြီးပြီ၊ ဘာမှမဖြစ်နိုင်ဘူး။ ညည်း တမင်တကာလုပ်ရင်တော့ ငါမသိဘူး''

''သုခ အဲ့လိုမလုပ်ပါဘူး''

''လုပ်ရဲရင်လုပ်လိုက်လေ။ ညည်းကို ငါပြောထားပြီးပြီပဲ။ ညည်းအမေ ငါကလည်း ညည်းအကြောင်းကို နပ်ပြီးသား။ ပြောရင် ပြောတဲ့အတိုင်းလုပ်မှာနော်''

သူမ တကယ်ပဲ စိတ်ညစ်သွားရပါသည်။ ဒါကြောင့်ပင် ဖနောင့်ဆောင့်ပြီး လှေကားကို တဘုန်းဘုန်းမြည်သည်ထိ ဆောင့်ဆင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် မေမေက သူမကို မလိုတမန်နှင့် လှည့်ကြည့်လာ၍ သူမမှာ ဆက်ပြီးမလှုပ်ရဲတော့ဘဲ ငြိမ်သက်သွားရပြန်၏။ သို့သော် မကျေမနပ်ရှိနေပါ။

သူမက မေမေ မေးဆက်ပြသောနံမှာသာ ဝင်ထိုင်လိုက်ရပေမယ့် မျက်နှာအမူအရာက မသာမယာနှင့် ရှုံ့တွတွဖြစ်နေပါသည်။

"ဒါ သမီးလေး သုခဘုံလား"

"ဟုတ်ပဲ့၊ မအုန်းနေရယ်, ဟုတ်ပဲ့"

"သမီးက အချောလေးပဲ၊ နူးနူးညံ့ညံ့လေးနဲ့ မှန်မှန်လေး လှနေတာ၊ မမမြိုင်တို့ကတော့ သမီးချောကိုမွေးထားလိုက်တာများ လုံးခြုံပါဘိ"

ထိုအမျိုးသမီးကြီးရဲ့ချီးမွမ်းစကားကို သူမက မအီမလည်ကြီးနှင့်သာ မပြုံးချင်ပြုံးချင် တုံ့ပြန်လိုက်ပါသော်လည်း. . .

"သမီးလေးက ဥက္ကဋ္ဌအရမ်းရှိတာပဲ၊ မိန်းကလေးဆိုတာ အဲ့ဒီလိုမှပေါ့။ အပြုံးရှားပါးရမယ်။ မမမြိုင်တို့တော့ သမီးကိုအပြတ်သင်ကြားထားပုံရတယ်။ အဲ့ဒီလိုမှပေါ့။ သားသမီးကောင်းဆိုတာ မိဘကောင်းဆီကပဲ ပေါ်ပေါက်လာတတ်တာကိုး။ ဟင်းဟင်း. . ."

ထိုအမျိုးသမီးကြီးရဲ့အကောင်းမြင်ပုံက သူမအပေါ် အတိုင်းထက်အလွန်ပဲမို့ သူမက အကန့်အသတ်မရှိ ကျေနပ်သွားရပါသည်။ ဒါဟာ





သူမဘဝမှာ ပထမဆုံး ချီးမွမ်းပြောဆိုခံရခြင်းမဟုတ်ပါလား။

သို့ပါသော်လည်း ထိုချီးမွမ်းစကားကြီးက သူမကို အမှောင်ထုထဲဆွဲခေါ်သွားသလိုလို။

"ဒါက ကျေးတမန်ပေါ့၊ ဟုတ်လား"

"ဟုတ်ပဲ့ရှင်, ဟုတ်ပဲ့။ ကျွန်မတို့ရဲ့တစ်ဦးတည်းသောသားလေးပါပဲ"

"သားက လူချောပဲ၊ တည်တည်ခန့်ခန့်နဲ့ သိပ်စမတ်ကျ. သားနားတာ။ ယောကျ်ားလေးဆိုတော့လည်း ဒီလိုမှပေါ့။ တည်တည်ခန့်ခန့်နဲ့၊ အခုခေတ်ကလေးတွေမှာ ဒီလိုခန့်ခန့်ညားညားနေသူတွေက ရှားသွားပြီ မအုန်းနေရဲ့။ ဆံပင်ရောင်စုံဆိုးပြီး အဝတ်အစားကိုက ဟိုမရောက်ဒီမရောက် ဘိုသီဘတ်သီနဲ့၊ သားကိုကြည့်ရတာမှ တကယ်တည်ကြည်တာ။ ဟုတ်တယ်မဟုတ်လား သမီး"

မေမေ့ရဲ့တစ်ဖက်စောင်းနင်း ချီးကျူးစကားကို သူမက ခေါင်းလေးမညိတ်ချင်ညိတ်ချင် ထောက်ခံလိုက်ရပြန်ပါသည်။ သူ့မှာ ချီးကျူးစကားနဲ့ကိုက်ညီအောင် တည်တည်ကြီးနေလိုက်ရပေမယ့် ကျဉ်းကျပ်လှပါပြီ။

သူ့ရဲ့သတို့သမီးလောင်းဟာ အသည်းကျိန်းမွယ် သိရှိထားတဲ့မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုပင် သူ မကြည့်ဖြစ်သည်ထိ၊ မေမေဒီးကျူးပြောဆိုထားသလို ပင် ကျက်သရေရှိပြီး လှနေခဲ့ပါမည်လားဆိုတာမျိုးကို သူစိတ်မဝင်စားပါ။

ထိုမိန်းကလေးဟာ ပဝတီရှုံးလောက်အောင်လှနေပါစေ၊ ထိုအလှ ကို သူစိတ်မဝင်စားပါ။ သူ့စိတ်ထဲမှာတော့ သူမ. လှလေ၊ သူစိတ်ပျက်မိ လေပါပဲ၊

သူမရှေ့မှာ မလှုပ်မယှက်နှင့် မှုန်ကုပ်ကုပ်ကြီး ထိုင်နေသော မေမေပြောတဲ့ ခန့်ပါတယ်ဆိုသောအဲ့ဒီလူကို သူမ ကြည့်မရဖြစ်သွားရ ပါသည်။ သူ့ကိုယ်သူ ဘာများထင်နေသည်မသိ။ မျက်နှာက ကောက် ကောက်ကြီးနှင့်မို့ ထိုလူရဲ့မျက်နှာကို နှစ်ချက်တိတိဆွဲထိုးချင်နေမိသည့် သူမရဲ့လက်အစုံက လှုပ်ရှလှုပ်ရှရှိနေပါသည်။

"ကဲ. . . သမီး. သားကို ခြံထဲလိုက်ပို့လိုက်ပါဦး၊ ဒီမှာက လူကြီး တွေပဲဆိုတော့ ကျဉ်းကျပ်နေမှာပေါ့"

သမီးဟု နူးနူးရွရွပေါ်လာသောမေမေ့ရဲ့အသံချိုချိုက သူမရဲ့ နားစည်မှာ ခါးသက်သွားရပါ၏။ ဒါလူကြီးတွေ သူမတို့နှစ်ယောက်ကို ပို့နေကြတာပဲဆိုတာကို သိသိကြီးနှင့်လည်း သူမနှင့်သူက လူငယ်ဖြစ်နေ ရသောဘဝမှာမို့ ဘာမှပြန်မပြောဝံ့တော့ဘဲ လိုက်နာလိုက်ရပြန်ပါသည်။

သို့သော်လည်း နှစ်ယောက်လုံးက တစ်ယောက်ကိုတစ်ယောက်





မလိုစောင်းမြှောင်းတော့ ခပ်စူးစူးကြည့်မိသွားကြပါသေးသည်။

လူကြီးတွေ၏တွန်းပို့မှုကြောင့် ခြံထဲ သူ့ကိုဦးဆောင်ခေါ်လာတဲ့ သူမက နောက်လှည့်မကြည့်ဘဲ ခပ်မော့မော့သွားနေသလို၊ သူမနောက် လိုက်လာခဲ့သောသူကလည်း ရှည်လျားသောအရပ်အမြင့်ကြီးနှင့် မလိုက် ဖက်လောက်အောင်ပင် ငုံ့လျှိုးလျှိုး ရှိုရှိုကျိုးကျိုးလေး သူမနှင့် နှစ်ကိုက် အကွာအဝေးလောက်ကနေ မဝံ့မရဲလေး လိုက်နေခဲ့ပါသည်။

သူမက မြက်ခင်းစိမ်းပေါ်မှာ အပြာရောင်လွှင်လွှင်လေးရှိနေသော ခုံတန်းပေါ်မှာ မြန်မာအင်္ကျီရင်စေ့နှင့် မလိုက်ဖက်စွာ ကိုးရိုးကားရားဝင် ထိုင်လိုက်တော့ အနောက်တိုင်းဝတ်စုံကို စမတ်တကျဝတ်ဆင်ထားတဲ့ သူက သူမထိုင်နေရာ ခုံတန်းလေးရဲ့ဘေးအစွန်ဘောင်ပေါ်မှာ မလိုက်မဖက် ပင် ကျုံ့ကျုံ့လေး ဝင်ထိုင်မိလိုက်ပါသည်။

သူမက သူ့ကိုမကြည့်ဘဲ ကောင်းကင်ပြင်ကြီးကိုမော့ကြည့်ပြီး တိတ်ဆိတ်နေခဲ့သလို သူကလည်း အဝေးတစ်နေရာသို့ မဖို့တဖို့လေး ကြည့်ပြီး ငြိမ်သက်နေခဲ့ပါသည်။

"မင်းနာမည် ကျေးတမန်နော်"

"နင့်နာမည် သုခကုံဆိုတာလည်း ငါသိပြီးသားပါ"

"မင်းမှာရည်းစားတွေဘာတွေ မရှိဘူးလား ကျေးတမန်"



www.burmeseclassic.com

www.burmeseclassic.com



''ဟမ်း. . . ဘာဖြစ်လို့''

''ရှိတယ်မရှိဘူးသာဖြေလိုက်စမ်းပါ၊ အမေးအမြန်းထူလိုက်တာ။ ရှိရင်လည်း မင်းရည်းစားကိုသာ မင်းယူလိုက်တော့။ ခက်ခဲနေရင်ပြော၊ ငါကူညီမယ်''

''အယ်''

တိတ်ဆိတ်တုန်းကတော့ သူမတူအောင် တိတ်ဆိတ်နေပြီး အခုတော့ ဝူးဝူးဒိုင်းဒိုင်းကျလာတဲ့သူမစကားတွေကို သူ ဘယ်လိုတုံ့ပြန်လို့ တုံ့ပြန်ရမှန်းမသိနိုင်တော့။

''ရှိလား၊ မရှိဘူးလား''

''ရည်းစားဟုတ်လား''

''အင်း''

''ရည်းစားဆိုတာ အခုလက်ရှိကိုယ်နဲ့တွဲနေတဲ့တစ်ယောက်လား''

''အင်းပေါ့''

''ရှိတော့ရှိတယ်။ ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်လဲ၊ ဘာတွေခက်ခဲနေသလဲ၊ ပြောကွာ. . . ငါကူညီမယ်''

''ပြောလို့မရဘူး''





''ဘာဖြစ်နေလို့လဲ။ မင်းအမေက ဘာတွေတားမြစ်ချုပ်ချယ်ထားလို့လဲ''

''အဲ့ဒါလည်း အဲ့ဒါပေါ့။ ဒါပေမဲ့ နင်ပြောသလိုကြီးကျတော့''

''ဘာတွေလဲဟာ၊ ရှုပ်နေတာပဲ။ မင်းကောင်မလေးက ဟိုလိုကွာ၊ ငါနဲ့ကိစ္စဖြစ်သွားရင်။ အဲ. . . ကြေကွဲရမယ်။ အဲ့ဒါဆိုလိုတာ''

''ကောင်မလေး! အဲ့ဒါမဟုတ်တာ''

''ဟမ်''

''ငါနဲ့အခုတွဲနေတာက ကောင်လေး သီအိုရမ်တဲ့''

''ဗုဒ္ဓေါမြတ်စွာ! ရှင်းနေတာကို မင်းမို့ ရှုပ်အောင်လုပ်တယ်။ သူငယ်ချင်းဆိုလည်း သူငယ်ချင်းလို့ ရှင်းရှင်းလင်းလင်းပြောပါလား။ ပြောပုံက ရည်းစားပဲရှိနေတာလိုလို၊ တကယ်လေတယ်''

ဟု ညည်းညူကာ ဆံညှပ်နှင့်ဖိထားသော ဆံပင်ဖြောင့်ဖြောင့်များကို လက်ချောင်းများနှင့် ထိုးဖွပစ်လိုက်သည်။

''အား. . . လား. . . နာလိုက်တာ''

''နင်ကလည်း အဲ့လိုမလုပ်နဲ့လေ။ ဆံပင်တွေပုံပျက်သွားမှာပေါ့''

''ပျက်ပလေ့စေပေါ့။ ဒါတွေ ငါမှမကြိုက်တာ''

''ဟယ်. . . နင်ကလည်း၊ လုပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"လုလေ, ငါမုန်းလေပဲ"

"အဲ. . . ပြောင်းပြန်ကြီး"

"ငါကတော့ မင်းနဲ့လက်မထပ်ချင်ဘူး၊ အဲ့ဒါဘယ်လိုလုပ်မလဲ"

"ငါလည်းပဲ နင်နဲ့လက်မထပ်ချင်ဘူး"

"အေး, ဟုတ်ပြီ၊ အဲ့ဒါဆို မင်းဘက်ကစပြီး ဒီကိစ္စကိုဖျက်သိမ်းလိုက်ပါလား"

"ဟာ. . . ဘယ်ဖြစ်မလဲ၊ ဖေဖေ ငါ့ကိုထိုးမှာပေါ့"

"တစ်ချက်တလေပဲ ခံလိုက်ပေါ့၊ ယောကျ်ားပဲဟာကို"

"အဲ့လိုကြီးမပြောပါနဲ့ဟယ်"

"မင်းပုံစံက မိန်းမကျနေတာပဲ"

"တကယ်တူလို့လား"

"အဲ့ဒါတွေထားလိုက်ပါတော့ ငါကလည်း မင်းကိုမရချင်ဘူး၊ မင်းကလည်း ငါ့ကိုမရချင်ဘူးဆိုတော့ ငါတို့တစ်ခုခုကြံမှဖြစ်လိမ့်မယ်၊ အဟဲ, အဆိုးထဲက အကောင်းလို့ဆိုရမှာပဲ၊ မင်း ငါ့ကိုကြိုက်သွားမှာကို ငါက စိုးရိမ်နေတာ"

"ဟင့်အင်း, ငါက မိန်းကလေးတွေကိုမချစ်တတ်ဘူး"

"အင်း. . . ဒါတော့ ငါနဲ့တူသွားပြန်ပြီ၊ ငါလည်း ယောကျ်ားလေး





တွေကို မချစ်တတ်ဘူး။ အဲ့တော့ မင်းနဲ့ငါနဲ့ သူငယ်ချင်းလုပ်ကြမယ်။ ချဲကဲန်း. . ."

ဟုဆိုကာ သူမက လက်လေးတစ်ဖက်လှမ်းပေးလိုက်သည့်တွင် သူက ဆွဲလိုက်ပြီး မိတ်ဆွေဖွဲ့လိုက်ကြသည်။ သူတို့နှစ်ယောက်ကိုတရိပ်တစောင်း ချောင်းမြောင်းကြည့်နေသည့်မိခင်နှစ်ယောက်က ထိုမြင်ကွင်းကိုလည်း မြင်လိုက်ရော သက်ပြင်းကိုယ်စီချသွားကြပြီး တစ်ယောက်ကိုတစ်ယောက် ပြုံးပြီးကြည့်နေလိုက်ကြသည်။

"ဒီခေတ်လူငယ်တွေက သိပ်ရင်းနှီးလွယ်ကြတာ"

"ဟုတ်ပါ့. . . မမမြိုင်ရေ၊ သားက နည်းနည်းဆိုးတော့ သမီးနဲ့အဆင်မှပြေပါ့မလားလို့ စိုးရိမ်နေရတာ၊ အခုမှ သက်ပြင်းချနိုင်တော့တယ်"

"ကဲ. . . ကလေးတွေက ဒီလိုအဆင်ပြေသွားကြတော့ တို့လူကြီးတွေဘက်က အစီအစဉ်ကိုအကောင်အထည်ဖော်လိုက်ကြရင် မကောင်းဘူးလား"

"အကောင်းဆုံးပေါ့ မမမြိုင်ရယ်"

"ကဲ. . . ကိုကျော်မောင်နဲ့ ကိုဘသိုက်ရေ ဘယ်လိုလဲ၊ တို့တွေတော့ အမြန်ဆုံးစီစဉ်လိုက်ချင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့လည်း အမြန်ဆုံးပါပဲဗျာ၊ အဲ့ဒါမှ ဒီကောင်ခြေငြိမ်မှာ"

"ဟုတ်ပါ့ဗျာ. . . သမီးတစ်ကောင် နွားတစ်ထောင်ဆိုတော့ ကို ဘသိုက်ရဲ့သားနဲ့သာဆိုရင် ကျွန်တော့်သမီးကိုစိတ်ချရပါပြီဗျာ"

"ကဲ. . . အားလုံးသဘောတူညီမှုရပြီဆိုတော့ အမြန်ဆုံးစီစဉ် လိုက်ကြရအောင်"

လူကြီးတွေက အပြုံးကိုယ်စီနဲ့ ကျေနပ်ပီတိများစွာတို့ မျက်နှာ တစ်ပြင်လုံး လျှံထွက်နေခဲ့ကြပါသည်။ လူကြီးတွေက လူကြီးပါဆိုသော အရှိန်အဝါနှင့် လူငယ်တွေ၏သဘောဆန္ဒကို ဘယ်လိုရှိတယ်ဆိုတာ မစုံစမ်းတော့ဘဲ ဖြစ်ချင်ရာကိုသာ ကြိုတ်မှိတ်အစီအစဉ်ဆွဲနေခဲ့ကြသလို လူကြီးတွေ ဘာစီစဉ်နေကြတယ်ဆိုတာ မသိသေးတဲ့သူမနှင့်သူကတော့ လွတ်လမ်းကိုသာ အသည်းအသန်စဉ်းစားလို့နေခဲ့ပါပြီ။

သို့သော်. . .

❀ ❀ ❀



## အခန်း (၄)

သူမမျက်စိရှေ့မှောက်သို့တည့်တည့်ကြီးရောက်လာသော ပန်းနုရောင်ပြောင်လက်နေတဲ့ သတို့သမီးဝတ်စုံကြီးကြောင့် လိပ်ပြာလွင့်လု မတတ် တုန်လှုပ်သွားခဲ့ရပါသည်။

"ဒါက ဘာကြီးလဲ"

"ဝတ်စုံလေ, မတွေ့ဘူးလား"

မေမေရဲ့ ထီမထင်သလို အရေးမစိုက်သည့်စကားက သူမကို တုတ်ကြီးကြီးနှင့် ဦးခေါင်းတည့်တည့်ထုနေသလို။

"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''မနက်ဖြန် ညည်းဝတ်ရမယ့်ဝတ်စုံလေ''

''ဗျာ! ''

''ဘာမှဗျာမနေနဲ့, ဝတ်စမ်းကြည့်။ လိုတာပိုတာ ပြင်ရအောင်''

''ဟာ. . . မေမေ''

''ဘာလဲ၊ ဘာပြောမလို့လဲ''

''မေမေ လွန်တယ်ဗျာ။ အမှန်တော့ သုခကို အရိပ်အမြွက်ဖြစ်ဖြစ် ပြောသင့်တယ်''

''ငါအရိပ်အမြွက်ပြောတော့လည်း ညည်းက ဘာစိစဉ်တတ်မှာမို့လဲ။ လျှာမရှည်ပါနဲ့, ဝတ်ကြည့်စမ်းပါ''

''မဝတ်ဘူးဗျာ။ သုခ လုံးဝသဘောမတူနိုင်ဘူး''

''ညည်းသဘောကို ငါက တောင်းခံနေတာမဟုတ်ဘူး။ ညည်းကို အမိန့်ပေးနေတာ''

''မေမေ''

''ညည်းဟာညည်းဝတ်မှာလား၊ ငါဆွဲချွတ်ပြီး ဝတ်ပေးရမှာလား''

''မေမေနော်. . . လူကိုအရုပ်မှတ်နေသလား၊ ပေးစားချင်တဲ့ယောကျ်ားနဲ့ပေးစား၊ ဘာမှန်းမသိညာမှန်းမသိနဲ့၊ ကိုယ့်သမီးဘဝကို သူများတွေလက်ထဲထည့်ရဲတာယ်''





''ဘာ. . . ဘာပြောတယ်၊ ညည်းမသိဘဲ ဘာမှမပြောနဲ့၊ ညည်းက ငါ့သမီးပဲ၊ မတော်တရော်လူနဲ့ပေးစားပါ့မလား၊ အခုက ကိုဘသိုက်နဲ့ မအုန်းနေရဲ့သားပဲ၊ အဖေကဆိုလည်း စီးပွားရေးမှာ ထိပ်၊ အမေကဆိုလည်း ရွှေဆိုင်တွေပိုင်တယ်။ ပြီးတော့ ကျေးဇူးတမန်က တစ်ဦးတည်းသောသား,လူရည်သန့်၊ မျိုးရိုးကအစ အကုန်ဘာမှပြောစရာမရှိ၊ ဒီလိုလူမျိုးနဲ့ငါတို့သမီးကို မပေးစားလို့ ဘယ်လိုလူမျိုးနဲ့ပေးစားရမှာလဲ''

''လူရည်သန့်ဟုတ်လား၊ မေမေ မသိဘူးနော်''

''ဒါ့ထက်အပြင် ညည်းက ဘာသိချင်သေးလို့လဲ''

''မေမေနော် သူက ဟိုဟာကြီး''

''ဘာလဲ၊ မဟုတ်ကဟုတ်ကပြောလို့တော့ ညည်းအသေပဲ''

''အခြောက်. . . အခြောက်ကြီး''

''ဒွမ်! ခွပ်! ''

ထိုအခါမှာတော့ မေမေက မခံမရပ်နိုင်နှင့် သူမခေါင်းကိုတဒွမ်ဒွမ်ထုချပစ်ပါတော့သည်။ မေမေ့ရဲ့ထုချက်က ပြင်းတာမို့ သူမမှာ ခေါင်းကလေး ငိုက်ခနဲငိုက်ခနဲကျသွားရသည်ထိ။

''မေမေ နာတယ်လို့''

''ဒီလောက် သေသေသပ်သပ်နဲ့ ခန့်ခန့်ညားညားဝတ်စားဆင်



www.burmeseclassic.com

www.burmeseclassic.com



ယင်ကားတာ ညည်းမတွေ့ဘူးလား။ မျက်နှာကလည်း တည်ကြည်လို့ ဘာတစ်ခုမှအပြစ်ပြောစရာမရှိတဲ့ဟာ။ ညည်းမို့ရှာကြဲ. . . ဟွန်း. . . ငါထပ်ပြီးထုထည့်လိုက်ရ"

"ဟာ. . . မေမေက မသိဘဲနဲ့ အဲ့ဒါ သုခ သိတယ်။ အခုခေတ်မှာ အဲ့ဒီလိုကျားကျားလျားလျားပုံစံကြီးတွေနဲ့ ခြောက်နေကြတဲ့သူတွေ တစ်ပုံကြီး။ တချို့တချို့တွေဆို ကိုယ့်ကိုယ်ကို ဝန်ခံပြီးကို အဲ့လိုနေကြတာ။ သူတို့တွေက မိန်းကလေးတွေကိုစိတ်မဝင်စားကြဘူးမေမေရဲ့"

"အဲ့တော့ ငါက မင်္ဂလာပွဲကို ဆိုင်းငံ့ရမယ်ပေါ့"

"အင်း"

"ဒွမ်! ခွပ်! "

"ယုတ္တိမရှိတာတွေလာမပြောနဲ့"

"အား. . . တကယ်ပါဆို"

"တကယ်ဆိုလည်း ဘာဖြစ်သလဲ၊ သရေပေါ့။ ညည်းကရော မခြောက်လို့ စိုနေလို့လား"

"သုခက. . ."

"မိန်းကလေးချင်း ရည်းစားထားတာ အဲ့ဒါ စိုနေတာလား။ သူ မိန်းကလေးတွေကိုမကြိုက်ရင် ငါက ပိုတောင်သဘောကျသေး။ အဲ့ဒါမှ





ညည်းပုံစံနဲ့ဖြစ်မှာလေ။ ကဲ. . . လျှာမရှည်ပါနဲ့၊ ဒီအကျီကိုစမ်းဝတ်ကြည့်၊ မကြာခင် အလှပြင်မယ့်သူရောက်လာလိမ့်မယ်။ ညည်းမျက်နှာကိုအစမ်းပြင်ကြည့်လိမ့်မယ်"

"မေမေနော်, သုခသဘောမတူဘူး"

"ညည်းသဘောထားကို ငါမေးနေတာမဟုတ်ဘူး"

"သုခ ထွက်ပြေးလိုက်မှာ"

"လမ်းဘေးမှာ ခွက်တစ်လုံးနဲ့တောင်းစားချင်ရင် ထွက်ပြေးလိုက်လေ။ ညည်းအဖေရဲ့ဒေါသကို သိတယ်မဟုတ်လား။ သူသာမျက်နှာပျက်ရလို့တော့ ညည်းသေရင်တောင် သူလှည့်ကြည့်မှာမဟုတ်ဘူး"

မေမေက ပြောချင်ရာပြောပြီး ထွက်သွားတော့ သုခမှာ ခန္ဓာကိုယ်ကိုတစ်ခုလုံး ပုရွက်ဆိတ်ကောင်တွေတက်လာသလို ယားကျိကျိခံစားလိုက်ရပါသည်။

"အား. . . ဟား. . . အား"

မခံမရပ်နိုင်နှင့် အသံကုန်သာ အော်ပစ်တော့၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ကျေးအခန်းထဲကဝတ်စုံတွေက ဘယ်ပွဲသွားဖို့လဲမေမေ"

သူမှာ နားမလည်နိုင်စွာပင် အပြင်ကပြန်ရောက်ရောက်ချင်း ခုတင်ပေါ်မှာ သိုက်ကလေးနှင့် စနစ်တကျရှိနေသောဝတ်စုံသန့်သန့်ကြောင့် ချက်ချင်းပင် မေမေရှိရာသို့လာကာ မေးမြန်းလိုက်ခြင်းပင်ဖြစ်သည်။

"ဘယ်ပွဲမှမဟုတ်ဘူး။ သားရဲ့ပွဲအတွက် သီးသန့်ပြင်ဆင်ထားတာ"

"ကျေးရဲ့ပွဲဟုတ်လား, ကျေးရဲ့မွေးနေ့က ဒီဇင်ဘာမှလေ။ ဘာဖြစ်လို့ ကြိုပြီးလုပ်ထားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်စုံကို သားကြိုက်ရဲ့လား။ သတို့သမီးက ပန်းနုရောင်ဆိုတော့ သားကို အဖြူချည်းသန့်သန့်ပြင်ဆင်ထားလိုက်တာ"

"သတို့သမီး!"

ထိုအခါမှ သူ ပျာယာခတ်သွားရပါသည်။

"အင်းလေ"

"မေမေ"

"သားသမီးဆိုတာ အရွယ်ရှိတုန်း သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့်။ သီးချိန်တန်နေပြီး မသီးတတ်မပွင့်တတ်ရင်လည်း မေမေတို့လို ဥယျာဉ်မှူးတွေကပဲ မြေဩဇာတွေသုံး၊ သီးအောင်ပွင့်အောင် ကူညီပေးရ တယ်လေ"

"မေမေ, ကျေး. . ."

"သမီးလေး သုခဘုံက ချောပါတယ်၊ မေမေဖြင့် ချွေးမသိပ်တော် ချင်တာ"

"ကျေး. . . မိန်းကလေးတွေကိုစိတ်မဝင်စားဘူးမေမေ"

"အတူတူနေရမန်များတော့ သံယောဇဉ်တွေရှိလာမှာပေါ့"

"သူလည်း ယောကျ်ားလေးတွေကိုစိတ်မဝင်စားဘူးမေမေ"

"မဆိုးပါဘူး။ တစ်ခဏလေးတွေ့လိုက်ကြတာတောင် တစ်ယောက်





ကိုတစ်ယောက် ဒီလောက်နားလည်သွားကြရင်"

"မေမေ မသိဘူးနော်"

"ဘာလဲ သားရဲ့"

"သူ ယောကျ်ားတွေကိုမချစ်ဘူးနော်"

"ကောင်းတာပေါ့။ အဲ့ဒါမှ သန့်သန့်ရှင်းရှင်းအချစ်ဦးကို သား ပိုင်ဆိုင်ရမှာ"

"မဟုတ်ဘူးနော်မေမေ"

"ဟုတ်လိုက်ပါ သားရယ်။ မေမေတော့ ဒီမင်္ဂလာပွဲကို ဘယ်လို နည်းနဲ့မှအပျက်မခံနိုင်ဘူး"

"ကျေး, သုခဘုံနဲ့လက်မထပ်ချင်ဘူး"

"ဘယ်လိုပြောလိုက်တာလဲ သားရယ်။ မေမေ နားကြားများလွဲ သွား သလား။ ငါ့သားက လိမ္မာပြီးသားပါ"

"အခု မလိမ္မာတော့ဘူးမေမေ။ ကျေး,ထွက်ပြေးချင်နေပြီ"

"မင်းက ဘယ်သူ့အားကိုးနဲ့ ဒီလိုလုပ်မှာလဲ"

အနောက်မှဟိန်းပြီး ထွက်ပေါ်လာတဲ့ဖေဖေ့အသံကြီးကြောင့် ထွက်ပြူစပြူနေတဲ့ မခံချင်စိတ်ကလေးက ငုံ့လျှိုးတိမ်ဝင်သွားရပြန်ပါ၏။

"လူပုံကိုကြည့်လိုက်ရင်က ပျော့အိပျော့ဖတ်နဲ့။ မင်းပုံစံကိုက



www.burmeseclassic.com

www.burmeseclassic.com



လုံးဝသဘောမကျဘူးနော်''

''ဖေဖေ, ကျေး. . .''

''ဘာ. . . ကျေးလဲ။ မင်းထွက်ပြေးချင်ရင် ထွက်ပြေးလေ။ ငါ တံခါးဖွင့်ပေးလိုက်မယ်။ ထွက်ပြေးပြီးရင် ဘယ်တော့မှ အိမ်ပြန်လာဖို့ စိတ်မကူးနဲ့။ အိမ်ရိပ်ကိုလာနင်းရင်တောင် ငါက ရဲကိုဖုန်းဆက်ပြီး ဖမ်းချုပ်ပစ်လိုက်မယ်၊ ဒီဖုန်းတွေ၊ ဒီကားတွေ၊ ဒီနာရီတွေကို မင်းဘာတစ်ခုမှ ယူသွားစရာမလိုဘူး။ မင်းကိုမွေးခဲ့တာ ဒီအရွယ်ထိပြုစုပြီးပြီပဲ။ တာဝန်ကျေပြီ၊ မင်းဟာမင်း တောင်းစားစား၊ ခိုးစားစား ငါတို့နဲ့ဘာမှမဆိုင်ဘူး။ သီအိုရမ်ကိုအားကိုးနေတယ်ဆိုရင်တော့ မင်းမှားသွားမှာပဲဆိုတာ မင်းကိုယ်မင်းသိပါတယ်။ အေး. . . ငါ့စကားနားမထောင်ဘဲ လုပ်ချင်ရာလုပ်သွားမယ်ဆိုရင်တော့ မင်းအချုပ်ခန်းထဲရောက်မယ်။ ကားယူပြီးပြေးမယ်ဆိုရင်လည်း ကားခိုးမှုနဲ့ထောင်ချမယ်။ ဖုန်းကိုရောင်းမယ်ဆိုလည်း မင်းနာမည်နဲ့မဟုတ်ဘူး။ ထောင်ထဲရောက်အောင်လုပ်မယ်။ ဒါတွေအားလုံးကို သတ္တိရှိရှိရင်ဆိုင်နိုင်တယ်ဆိုရင်တော့ ကြိုက်တဲ့အချိန်ကြွ။ မအုန်းနေ. . . မင်း, ဒီကောင်ကိုမတားနဲ့''

ဟုသာ ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်သွားသောဖေဖေကြောင့် သူမှာ လမ်းမရှိတော့ပြီမို့ ကလေးတစ်ယောက်လိုခြေဆင်းပြီး အားပါး





တရအော်ငိုပစ်လိုက်ချင်ပါတော့သည်။

''အား. . . ဟား. . . ဟား. . . အား. . . ဟီး. . . ဟီး. . . အီး . . . အီး. . . ဟီး''

မေမေက သူအော်ငိုနေတာကိုလည်း ခါတိုင်းလိုမချော့မော့တော့ဘဲ ကျောခိုင်းသွားလိုက်၍ လွန်စွာဝမ်းနည်းကြေကွဲရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဝတ်ကောင်းစားလှများနှင့် အလျှိုလျှိုဝင်လာကြသည့်ညှော်သည် များကိုကြည့်ပြီး သုခဘုံမှာ စိတ်ညစ်နေရသလို၊ ငှငှကြီးထိုင်နေသော ကျေးတမန်မှာလည်း စိတ်ပျက်လက်ပျက်။

''သုခဘုံ, မင်းပြောတော့ မင်းမှာအကြံရှိတယ်ဆို''

''ဘယ်တတ်နိုင်မလဲကွ။ ဒီလောက်မြန်မယ်လို့ထင်မှမထင်တာ''

ကျေးတမန်ကလည်း ထူးခြားစွာပင် ကျားရိုင်းတစ်ကောင်လို ဟန်မိနေသလို သုခဘုံကလည်း ထူးဆန်းစွာပင် ငေးငိုင်လျက် မှိုင်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု ငါတို့ဘာလုပ်ကြမလဲ"

ဟုပင် သုခဘုံက ကိုယ့်ကိုယ်ကို ယုံကြည်မှုမဲ့စွာ ကျေးတမန်ကို အဖော်ညှိလိုက်သည်တွင် ကျေးတမန်က အားကိုးခံလူတစ်ယောက်ဖြစ်သွား၍. . .

"လက်ချင်းတွဲပြီး လူပုံအလယ်လျှောက်ပြရုံမှတစ်ပါး ဘာလုပ်နိုင်တော့လို့လဲ"

"အင်း. . . ကူးကတော့ ဝမ်းနည်းနေတော့မှာပဲ"

"သီအိုရမ်လည်း လာလိမ့်မယ်။ ငါ့မျက်နှာဘယ်လိုပြရမှန်းတောင် မသိနိုင်တော့ဘူး"

"ခန်းမထဲဝင်တာတော့ ဟုတ်ပါပြီ။ မင်းနဲ့ငါ ဘယ်လိုရှေ့ဆက်ပြီး နေရမလဲ"

"ငါ မိန်းမတွေကိုစိတ်မဝင်စားဘူး"

"ငါလည်း ယောက်ျားတွေကိုစိတ်မဝင်စားပါဘူး။ အဲ့ဒါကြောင့်ပေါ့"

"ဟင်!"

"ဟေ့. . . မင်း တစ်မျိုးကြီးမတွေးလိုက်နဲ့လေ။ အဲ့ဒီလိုမျိုးမဟုတ်ဘူး။ ငါတို့ကို ပုလဲမြို့သစ်ထဲကအိမ် လက်ဖွဲ့မယ်လို့ပြောတယ်။ ဟား. . .





ဟား. . . အဲ့ဒီအိမ်သာရရင်တော့ အနုပ်ပဲ။ အကျယ်ကြီး ကဲချင်သလိုကဲ။ ကြောက်စရာတုတ်ယည်းမရှိတော့ဘူး။ ဟား. . . ဟား"

"အဲ့ဒါက နောက်မှပါ။ အခုလောလောဆယ် ငါ့မိဘအိမ်မှာ ခဏနေ။ ပြီးရင် မင်းမိဘအိမ်မှာ ခဏနေရမယ်လို့ ရာဇသံထွက်ထားပြီးသား။ အဲ့ဒါဘယ်လိုရှင်းမလဲ"

"ခဏပဲဟာ၊ အောင့်အည်းသည်းခံပြီး အဆင်ပြေသလို ဟန်ဆောင်နေရမှာပဲ။ မင်းနဲ့ငါက သူငယ်ချင်းပဲဟာကို"

"ဟုတ်တယ်. သူငယ်ချင်း"

"တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"ငါတို့ အကောင်းဆုံးသရုပ်ဆောင်ကြရမယ်"

"အွန်း. . . အဲ့ဒါမှ ငါတို့ကို အဲ့ဒီအိမ်ကြီးမြန်မြန်ပေးမှာ"

"ရိုက်. . . အောရိုက်"

ဟုဆိုကာ သုခဘုံက လက်ဖဝါးဖြန့်လိုက်သည်တွင် ကျေးတမန်ကလည်း အလိုလို သုခဘုံရဲ့လက်ဖဝါးကိုရိုက်ပြီးလျှက်သား ဖြစ်နေပါသည်။

"ဟေ့. . . ဒီကလေးနှစ်ယောက် ဘယ်လိုဖြစ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပီတိမျက်နှာကြီးတွေနှင့် အမေနှစ်ယောက်က ဝင်လာသည်တွင် ညီညွတ်ရေးကွင်းဆင်းထားကြသည့်သူတို့နှစ်ယောက်က မတိုင်ပင်ထားကြပါဘဲ တစ်ယောက်ရဲ့လက်ကို တစ်ယောက်က ဆုပ်ကိုင်ပြီး လျှက်သားဖြစ်သွားရပါသည်။

"ဟီးဟီး. . . တိုင်ပင်နေကြတာ"

"ကဲ. . . ခန်းမထဲဝင်ကြရအောင်။ ဧည့်သည်တွေစုံနေပြီ"

ဟု အမေနှစ်ယောက်က ပီတိမျက်နှာကြီးနှင့် ဦးဆောင်ပြီး ဆင်းသွားသည်တွင် သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြပါသည်။

သို့သော် အလှပဆုံးသတို့သမီးရဲ့အပြုံးနှင့်လည်းမတူသလို အခန့်ညားဆုံးသတို့သားတစ်ယောက်ရဲ့အပြုံးမျိုးမဟုတ်တာလည်း မှန်ကန်လွန်းလှပါသည်။

ဒေါက်ဖိနပ်ကို စီးလေ့စီးထမရှိတဲ့သုခဘုံကလည်း အဆင်မပြေမှုများစွာ။ ကျေးတမန်ကျပြန်တော့လည်း ညိုးငယ်ရီဝေနေသောသီအိုရမ်ရဲ့မျက်ဝန်းနက်နက်ကို ကြပ်တည်းစွာ ရင်ဆိုင်ရင်းနှင့်ပဲ ထိုမင်္ဂလာပွဲလေးမှာ မသက်မသာနှင့် အဆင်ပြေစွာ ပြီးဆုံးသွားခဲ့ရပါသည်။

အမြဲတမ်း ယောကျ်ားတစ်ယောက်လိုဝတ်စားဆင်ယင်ခဲ့သည်





ဖြစ်၍ ဒီလိုခပ်ကျပ်ကျပ်မိန်းကလေးဝတ်စုံမျိုးကို သူမ စိတ်ပျက်လှပါပြီ။ သို့သော် အောင့်နိုင်ရင်အောင့်မယ်ဆိုတဲ့ဆိုရိုးစကားအတိုင်း မနှစ်သက်သော်လည်း သည်းခံပြီး ကျိတ်မှိတ်နေလိုက်ရပါသည်။

သို့သော် သူမအတွက် ပိုခက်ခဲသွားခဲ့ရပါသည်။ အကြောင်းမှာ မင်္ဂလာပွဲပြီးပြီးချင်း နှစ်ဖက်လူကြီးများကိုကန်တော့ကာ ကျေးတမန်နှင့်အတူ ကျေးတမန်၏မိဘအိမ်မှာ သုံးရက်လောက်နေရန် အမိန့်ချလိုက်ခြင်းဖြစ်သည်။

သူမဦးနှောက်တစ်ခုလုံး ရှုပ်ထွေးညစ်နွမ်းသွားရပါသည်။ သူမတို့အတွက် သီးသန့်လက်ဖွဲ့ထားသော အိမ်မှာနေပါမည်လို့ ဘယ်လိုပြောပြော၊ မရသောအခါတွင်မူ သူမ သေချင်လောက်အောင် စိတ်ညစ်ရပါသည်။

ဒီလိုအခြောက်ကောင် ကျေးတမန်နဲ့ သူမ၊ တစ်ခန်းတည်းမှာ ဘယ်လိုမှမဖြစ်နိုင်တာကို သူမတို့အချင်းချင်းသာ အသိဆုံးဖြစ်ပါ၏။ ဒါကြောင့် နောက်ဆုံးဘယ်လိုမှကြံရာမရသောအခါတွင်မူ နှစ်ယောက်သား တိတ်တဆိတ်တိုင်ပင်ကာ ဟန်းနီးမွန်းထွက်မည်ဟု တစ်သံတည်းထောင်းဆိုဖြစ်ခဲ့ကြသည်။

သို့သော် လူကြီးတွေကလည်း အကွက်ကျကျစီမံထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အလား. . . သားရှင်ဘက်ကလည်း အခုမှ သားကိုသင်ကြားစရာတွေ များနေသလို၊ သုခဘုံတို့ဘက်ကလည်း သင်ပြစရာတွေများနေလိုက် ပါဘိခြင်း။

နိုင်လုံသောအကြောင်းပြချက်များစွာတို့ကြောင့် လူငယ်တွေဖြစ်တဲ့ သုခဘုံနဲ့ကျေးတမန်ကပဲ ဒီပွဲမှာလည်း ပြိုင်ဘက်မရှိ အရှုံးပေးလိုက်ရသည်သာ။

သူမ တစ်ခုအနေချောင်သွားရသည်က ကျေးတမန်ရဲ့မေမေ ဒေါ်အုန်းနေက သူမကို သမီးချည်း ပါးစပ်ဖျားမှ မချစတမ်း ဖော်ရွေနေသလို ကျေးတမန်ရဲ့ဖခင် ဦးဘသိုက်ကလည်း ကျေးတမန်ထက် သူမကို ပို၍ဦးစားပေးနေ၍ သူမမှာ စိတ်ရှုပ်ရသည့်ကြားက ကျေနပ်စရာတစ်ခုပဲဖြစ်နေရ၏။

သိပ်ပြီး ခမ်းနားသေသပ်လှပသော ကျေးတမန်တို့အိမ်ထဲရောက်ရှိသောအခါတွင်မှ သူမသဘောပေါက်သွားရပါ၏။ ဒါကြောင့် မေမေက သူမကို ကျေးတမန်နဲ့သဘောတူခဲ့ရတာပဲဆိုတာကိုပေါ့။

အားလုံးသောအရာများထက်ပို၍ ရင်သပ်ရှုမောဖွယ်ကောင်းသည်က သူမတို့ရဲ့မင်္ဂလာဦးအခန်းဆိုသော အခန်းကျယ်ကြီးပါပဲ။ တစ်ခန်းလုံး ပန်းနုရောင်များနှင့် ဖိတ်ဖိတ်လက်နေပြီး မွှေးပျံ့ ရှင်းသန့်နေသော





ထိုအခန်းလှလှကြီးထဲကို ကျေးတမန်၏မေမေ ဒေါ်အုန်းနေက ခေါ်လာခဲ့သည့်တွင် သူမတစ်ကိုယ်လုံး ကြက်သီးလေးများ မွေးညင်းပေါက်ကလေးတွေမှာ တွဲနိုသွားရပါသည်။

သူမရင်ထဲ တစ်ခုခုကို စိုးရိမ်ကြောက်လန့်နေမိသလိုလိုနှင့် တစ်ခုခုကို ထိတ်လန့်စွာကြောက်ရွံ့နေမိပါသည်။ အမြဲ ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်ရှိခဲ့သည့် သုခဘုံဆိုသောသူမက ပထမဆုံး စိုးထိတ်မိပြီး ကိုယ့်ကိုယ်ကို မယုံကြည်မိခြင်းဖြစ်၏။

''သမီးလေး သဘောကျရဲ့လား''

ထိုအသံချိုချိုက သူမကိုလှောင်ပြောင်နေသလိုလို။ ချောက်ကမ်းပါးနက်ကြီးထဲ တွန်းပို့နေသလိုလို။

''သမီးမကြိုက်တာရှိရင် ချက်ချင်းပြောနော်၊ ဒီမေမေက အကုန်အဆင်ပြေအောင် ချက်ချင်းဖန်တီးပေးမယ်''

သုခ မကြိုက်တာ ကျေးတမန်ကိုပါဟု ချက်ချင်းဖြေပစ်ချင်ပါသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် မချိုပြုံးလေးနှင့်သာ တုံ့ပြန်လိုက်ရပါသည်။

''မအုန်းနေ. . . သမီးလေး ပင်ပန်းလာရောပေါ့။ နားပါစေ''

ဟု သူမ၏ဖေဖေအသစ် ဦးဘသိုက်ရဲ့ အမိန့်ဆန်ဆန်စကားလုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့်မှ သူမရဲ့မေမေအသစ် ဒေါ်အုန်းနေက သူမကို အခန်းထဲတွန်းပို့ကာ ထွက်သွားပါတော့၏။

နတ်နန်းတမျှ ခမ်းနားထည်ဝါလှသော ထိုမဂ်လာခန်းမကြီးက သူမအတွက်တော့ သရဲခြောက်သည့်အိမ်ကြီးတစ်လုံးလိုပင်။ အခန်းထဲကိုဝင်ဝင်ချင်းပင် စိတ်ကျဉ်းကျပ်လွန်းတာကြောင့် လိုက်ကာစတွေကို ဆွဲဖွင့်ပစ်လိုက်သည်။ ဒီတော့မှ ပတ်ဝန်းကျင်လေထုအေးအေးက အခန်းထဲ စီးဝင်လာရသည်။

အခုထိ မချွတ်ရသေးသော သတို့သမီးဝတ်စုံကြီးက အနေကျဉ်းကျပ်လှပါပြီ။ သူမ မွေ့ရာထူကြီးပေါ်မှာ စိတ်လွတ်ကိုယ်လွတ်ထိုင်ချပစ်လိုက်သည်။

ကျပ်ညှပ်နေသည့်ထိုအင်္ကျီကို ဘယ်လိုချွတ်ရမှန်းမသိတဲ့သူမက ညှိုးလွန်းလှပါသည်။ ခေါင်းပေါ်မှာ အပုံလိုက်အခွေလိုက်လှနေသော ထိုဆံထုံးတွေကိုလည်း စိတ်ညစ်လှပါပြီ။

ဒီမျက်နှာပေါ်မှာ အပုံလိုက်ရှိနေသော မိတ်ကပ်ထူထူနှင့်နှုတ်ခမ်းနီများကိုလည်း စိတ်ညစ်လှပါပြီ။ လန်းဆန်းသွားအောင် ရေအဝချိုးပစ်ချင်မိပေမယ့် ဘယ်လိုမှမချွတ်တတ်နေသော ထိုအင်္ကျီနှင့် ထိုဆံထုံးများကြောင့် သူမမှာ ပို၍စိတ်ကျဉ်းကျပ်နေမိသည်။





သူမအခုရောက်နေသည်သာ သူမရဲ့အိမ်ဆိုရင် သူမစိတ်ကျေနပ်သည်ထိ အကျယ်ကြီးအော်ပစ်မိမှာမလွဲပင်။ အခုတော့ လူဘောင်၊ လူစည်းကမ်း၊ လူ့ကျင့်ဝတ်များကြောင့် စိတ်ညစ်ရင်လည်း မညစ်သလိုပြုံးနေရ၊ မလုပ်ချင်တာကိုဘဲ ကြိတ်မှိတ်ဇွတ်လုပ်နေရ၊ စိတ်ကုန်မိတာကတော့ အရမ်းကိုပါပဲ။

မှန်တင်ခုံရှေ့မှာ ငုငုကြီးထိုင်၍ ချွတ်မရသောအင်္ကျီနှင့် ဖြုတ်မရသောဆံထုံးကို စိတ်ပျက်စွာထိုင်ကြည့်နေစဉ်မှာ သူမ ကြည့်မရဆုံးသော ကျေးတမန်က ဝင်ရောက်လာခဲ့၍ ထိတ်လန့်ခြင်းတွေ ပြုံစုရောက်ရှိလာပြီး ပို၍အနေကျုံ့သွားရပါသည်။

''မင်း ဘာလာလုပ်တာလဲ''

''ဒါ ငါတို့အတွက်အခန်းပဲလေ''

''ကျွတ်. . . ပြဿနာပဲ''

''စိတ်မပူပါနဲ့။ ငါ မိန်းမတွေကိုစိတ်မဝင်စားဘူး''

ဟု ဘာမှမထူးခြားသလိုဆိုကာ အပေါ်ဝတ်ကုတ်အင်္ကျီကိုချွတ်ပြီး ချိတ်နှင့်ချိတ်လိုက်သည်တွင် သူမမှာ မကြည့်ရဲသလိုဖြစ်သွားရပါသည်။ သူကတော့ ဘာမှမဖြစ်သလို အင်္ကျီတွေကိုပေါင် တစ်ထည်ချင်းချွတ်နေလိုက်သေး၏၊



www.burmeseclassic.com

www.burmeseclassic.com



သူမမှာသာ ရောက်တတ်ရာရာနှင့် သူ့ထံသို့ အမှတ်တမဲ့ကြည့်မိလိုက်စဉ် ကြွက်သားဖြိုင်ဖြိုင်ထနေသောရင်အုပ်ကျယ်ကြီးနှင့် ကြွံနိုင်သောလက်မောင်းသားကို အတိုင်းသားတွေ့လိုက်ရ၍ ရင်အစုံမှာ တဒိုင်းဒိုင်းနှင့်အခုန်မြန်သွားရကာ ချက်ချင်းပင် မျက်နှာလွှဲပစ်ပါ၏။

"ဟော့. . . မင်းအင်္ကျီလဲမယ်ဆိုရင် ငါ့ကိုကြိုပြောပါလား"

"ငါက မင်းမကြည့်ဘူးလို့ထင်လို့ပါ"

ဤမျှသာပြောပြီး တစ်ယောက်ကိုတစ်ယောက် ကျောပေးထားလိုက်ကြသည်။

"မင်း ရေမချိုးသေးဘူးလား သုခဘုံ"

"အင်း. . . မချိုးသေးဘူး"

"ဒါဆို ရေချိုးခန်း ငါသုံးလိုက်တော့မယ်"

ဟုဆိုကာ သူရေချိုးခန်းထဲဝင်သွားတော့မှ သူမမှာ အသက်မှန်မှန်ရှူရဲပါတော့သည်။ သူဟာ မိန်းမတွေကိုစိတ်မဝင်စားတဲ့ ခပ်ခြောက်ခြောက်ယောက်ျားတစ်ယောက်ဆိုတာ သူမလုံးဝကြီးသိနေပါသော်လည်း သူမရဲ့နဂိုဘဝက မိန်းကလေးတစ်ယောက်မို့ အခြောက်ဖြစ်နေပါစေ၊ ယောက်ျားပျိုတစ်ယောက်ရဲ့ရှေ့မှာ မဝံ့မရဲတော့ဖြစ်မိပါသည်။

ဒီလိုကြီးကျဉ်းကျဉ်းကျပ်ကျပ်နေရတာထက်စာရင် ခွက်တစ်လုံး





နှင့် လမ်းမှာတောင်းစားတာကမှ ပိုကောင်းသေးဟုပင် နောင်တရစွာ ရူးမိုက်စွာ တွေးတောနေမိသည်။

ဘယ်လိုမှ ချွတ်မရတဲ့အင်္ကျီကို စိတ်ပျက်မိတာထက် ရေချိုးခန်းထဲမှ ရေကျသံကို နားထောင်နေရတာက ပို၍ဝန်လေးလှပါသည်။ ထိုရေကျသံ တိတ်ဆိတ်သွားမှာကိုပဲ ပို၍စိုးရိမ်မိနေပြန်သလိုလို၊ သူမစိုးရိမ်မိတာတွေချည်းပဲ ဆက်တိုက်ဖြစ်နေရပါတော့သည်။

"ဟင်. . . မင်းအခုထိ အင်္ကျီမလဲရသေးဘူးလား သုခဘုံ"

"အင်း"

သူမ ဖြေလိုက်ပေမယ့် လှည့်မကြည့်ပါ။

"မင်းစိတ်မကျဉ်းကျပ်ဘူးလား။ ငါတော့ အပြင်ကပြန်လာရင် ရေချိုးရမှ၊ အဝတ်လဲရမှာပဲ။ နို့မဟုတ်ရင် နေလို့မရဘူး"

ဟုပြောပြောဆိုဆိုနှင့် ဗီရိုတံခါးကိုဖွင့်ကာ အင်္ကျီကို လဲဝတ်နေပြန်သည်။ သူမမှာသာ စိတ်ညစ်ညစ်နှင့် ကျောက်ရုပ်ကြီးလိုပင် ငူငူကြီး ထိုင်နေမိသဲ။

"လိုက်ကာတွေက မင်းဖွင့်ထားတာလား၊ ငါပိတ်လိုက်မယ်နော်၊ ငါက အဲ့လိုမျိုးမနေတတ်ဘူး"

ဟုပြောပြောဆိုဆိုပင် လိုက်ကာစကို ဆွဲပိတ်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူမက သူ့ကိုမော့ကြည့်ဖြစ်သွားပါသည်။ သူကတော့ မနာလိုချင်စရာကောင်းလောက်အောင် ရှင်းသန့်နေခဲ့ပါသည်။

ညအိပ်ဝတ်၊ ဝတ်စုံအဖြူရောင်သန့်သန့်ကို စနစ်ကျစွာ ပိပိရိရိ ဝတ်ဆင်ထားပုံက သူမကိုသရော်နေသလိုပင်. . .

''နင်လိုအပ်တာရှိရင်ပြောနော်။ ငါကအိမ်ရှင်ပဲ၊ အားလုံး ငါ တာဝန်ယူတယ်''

ဟုဆိုကာ ဘာမှမထူးခြားသလို သူမဘေးနားက ခုတင်စွန်းလေးမှာမှီပြီး လှဲချလိုက်ပြန်သည်။

''နင့်ကို ငါကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ သုခဘုံ။ ငါ ဘာကူညီရမလဲ''

''ဘာမှမဖြစ်ပါဘူး''

''နင် ဒီအင်္ကျီကြီးတွေဝတ်ရတာ မကြိုက်ဘူးမဟုတ်လား။ လဲပစ်တော့လေ။ ငါတို့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်ပေါ့''

ဤစကားကို ကျေးတမန်က ရိုးရှင်းစွာဆိုလိုက်တာဖြစ်ပေမယ့် သူမကိုယ်သူမတော့ မလုံမလဲဖြစ်သွားမိပါသည်။ ကျေးတမန်ကတော့ မျက်နှာကြက်ကိုကြည့်၍ ပြုံးလိုက်မဲ့လိုက်နှင့် ဘာတွေစဉ်းစားနေမှန်းမသိ။





''ကျေးတမန်''

''ဟင်! ဘာလဲ''

''ဘာမှမဟုတ်တော့ပါဘူး''

သူမတစ်ခုခုပြောမယ်ကြံပြီးမှ ဘာမှမပြောဖြစ်တော့။

''ဘယ်သွားမလို့လဲ''

ရုတ်တရက်ထရပ်လိုက်သောသူမကို ပြောလိုက်ခြင်းဖြစ်သည်။

''ခဏ. . . အပြင်''

ဟုဆိုကာ သူမအခန်းပြင်ဘက်သို့ ကသောကမျောထွက်လာခဲ့မိပါသည်။ အခန်းပြင်ဘက်ရောက်မှ သက်ပြင်းမောကို တနင့်တပိုးကြီးချကာ တံခါးရွက်ကိုမှီပြီး ထိုင်ချမည်ပြုတော့ ပွင့်သွားသော မျက်နှာချင်းဆိုင်အခန်းမှ တံခါးရွက်ကြောင့် ရုတ်တရက်ကြီး ပြန်မတ်ပစ်လိုက်ရပြန်သည်။

''ဟင်! သမီး''

''ဟဲဟဲ. . . အန်တီ။ အဲ. . . မေမေ. . . အဟဲ''

သူမရဲ့အသံက မရဲတရဲမို့ အစိမ်းသက်သက်ကြီးပင် ခြောက်ကပ်ကပ်။

''အိမ်ကိုပြန်ရောက်တာကြာလှပေါ့။ အခုထိ ဒီဝတ်စုံမလဲရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား''

''ဟို. . . အဲ''

သူမမှာ ဘာပြောလို့ပြောရမှန်းမသိ၊ ကျေးတမန်နဲ့မက်လာဆောင်လိုက်ရ၍သာ မေမေလို့ခေါ်လိုက်ရတာ။ သူမနှင့်ထိုအမျိုးသမီးက ရင်းနှီးလှတယ်ဟူ၍မရှိ၊ သူမမှာ မရင်းနှီးသောလူစိမ်းတွေကြားမှာ အငွေ့ပုံပြီးပျောက်သွားချင်လှပါသည်။

''ဟိုလေ၊ အဲ့. . . သုခ. အင်း. . . အကျီ၊ အဲ့ဒါမချွတ်တတ်လို့''

သူမက ထစ်အထစ်အနှင့် အားယူပြီးပြောလိုက်တော့ ထိုအမျိုးသမီးကြီးက ဟဟင်းဟင်းနှင့်ရယ်မောလာခဲ့ပါသည်။ ထိုရယ်သံကြောင့် သူမမှာ အားတက်သွားမိသည်။

အနည်းဆုံး သူမရဲ့အကျီကိုချွတ်ဖို့နည်း သိတော့မှာလေ။ ပန်းနုရောင်ဂါဝန်ရှည်လေးနှင့် ဖူးကြွနွှရှာ လှပနေသောသူမပုံကို ဒေါ်အုန်းနေမှာ ရယ်ချင်သွားမိပါသည်။

အပျိုစင်ကလေးမို့ ယောကျ်ားပျိုကို ရှက်နေတာပဲဆိုတာ သူမသဘောပေါက်သွားရပါသည်။ ဒေါ်အုန်းနေက သူမကိုယ်လေးကို ကြင်နာစွာတွန်းဖယ်ကာ သူမရဲ့ကျောနောက်က တံခါးရွက်ကိုဖွင့်လိုက်ပြီ. . .

''ဝင်လေ. . . သမီး''





''အဲ. . . အဲ့ဒါ''

''ဟဲဟဲ. . . အဟင်း. . . ဟင်း, ငါ့သမီးလေးက အတော်အရှက်ကြီးတာကို''

''သုခ''

''ဒါရှက်စရာမှမဟုတ်တာဘဲသမီးရယ်။ သမီးနဲ့သားက အကြင်လင်မယားတွေဖြစ်နေကြပြီပဲ၊ နောက်နှစ်ပေါင်းများစွာ အတူနေရဦးမှာ။ ဘာမှရှက်စရာမလိုဘူး။ လောကမှာ အရင်းနှီးကြဆုံးလူနှစ်ယောက်ရှိတယ်။ အဲ့ဒါဇနီးမောင်နှံပဲ။ ကဲ. . . သားရေ. ဒီမှာရှက်နေတဲ့ သားရဲ့သတို့သမီးကိုခေါ်လိုက်ပါဦး''

ဟုပြောလိုက်မှ သူမမှာ ပို၍နေစရာမရှိဖြစ်သွားရပါသည်။ ကျားကြောက်လို့ ရှင်ကြီး,ကိုးမိပါတယ်၊ ရှင်ကြီးက ကျားထက်ဆိုးဆိုတာလိုဖြစ်နေရပါ၏။

''သားရယ်. . . သုခဘုံက သားရဲ့ဇနီးဖြစ်နေပြီပဲ၊ သားက ကြင်ကြင်နာနာဆက်ဆံမှပေါ့။ မေမေတို့မျက်နှာပျက်အောင် မလုပ်နဲ့နော်''

''ဟာ. . . မေမေကလည်း''

''ကဲ. . . မေမေတို့တွေပင်ပန်းထားကြတာ၊ စောစောပဲ အနားယူတော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ထွက်သွားပြန်ပါသည်။ သူမနှင့် သူသာလျှင် အခန်းထဲမှာ ခြောက်ကပ်ကပ် ကျန်နေရစ်ပြန်ပါ၏။ သူက လဲလျောင်းနေရာမှ ရုတ်တရက်ထရပ်ကာ သူမအင်္ကျီနောက်ဇစ်ကို ဖြုတ်မယ်ကြံတော့ သူမမှာ ကြောက်အားလန့်အားပင် ဇတ်ခနဲရှောင်ပစ်လိုက်သည်။

"ဘာလုပ်တာလဲ"

"နင့်အင်္ကျီကို ငါစိတ်ပျက်လာလို့"

"ဪ. အင်း. . . ငါလည်းစိတ်ပျက်ပါတယ်"

"ဒါနဲ့များ ချွတ်လဲရောပေါ့ဟယ်"

"ငါ၊ အဲ. . . ဟွန်း. . . ငါမချွတ်တတ်ဘူး"

"ဟား. . . ဟား. . . နင်ကလည်း အ,ရန်ကော၊ မှန်း. . . ငါချွတ်ပေးမယ်"

"ရ. . . ရပါတယ်။ ငါ, ငါ့ဟာငါချွတ်မယ်"

"ပြီးတာပဲ"

ဟုဆိုကာ ကုတင်ပေါ်ပြန်လှဲချလိုက်သည်တွင်. . .

"ကျေး. . . ကျေးတမန်"

"ဪ. . . ပြော"

"ဇစ်ကိုဆွဲပြီးချွတ်လိုက်ရင် ရသလား"





"အင်းလေ၊ နင် ဒါမျိုးတစ်ခါမှမတတ်ဖူးဘူးလား"

ထိုအခါမှာတော့ သူမက ရေချိုးခန်းထဲပြေးဝင်ကာ တံခါးကို ဝုန်းခနဲဆောင့်ပိတ်ပစ်တော့သည်။ ကျေးတမန်စိတ်ထဲ သုခဘုံကိုနည်းနည်းတော့ ရယ်ချင်သွားရပါသည်။

သို့သော် ခဏအကြာမှာတော့ ရေချိုးခန်းတံခါးက ဝုန်းဆိုပွင့်သွားပြီး ထိုဂါဝန်ရှည်ကြီးက သူ့မျက်နှာပေါ် ပုံကျလာခဲ့သည်၊ ထိုဂါဝန်ရှည်ကြီးက သူ့ကိုပုံပျက်ပန်းပျက်အုပ်သွားတာမို့ သူ ထိုဂါဝန်ရှည်ကြီးအန္တရာယ်မှလွတ်ကင်းချိန်မှာတော့ သူမက ညအိပ်ဝတ်အင်္ကျီပွပွနှင့်ဘောင်းဘီကို တူညီစွာဝတ်ဆင်ပြီးနေပါသည်။

သူ့စိတ်ထဲမှာတော့ မြန်လိုက်တာဟုတွေးမိပေမယ့် ဘာမှတော့မပြောဖြစ်တော့၊ သူမက ဖိုးဖိုးဇတ်ဇတ်ပင် မှန်တင်ခုံရှေ့ထိုင်ကာ ရှုပ်ပွေပွယောင်းနေသောဆံပင်ထုံးကိုကြည့်ပြီး. . .

"ကျေးတမန်. . . မင်း ဒီဆံပင်ကိုရှင်းတတ်လား"

"အင်း"

"ငါ့ကို နင် ဒါတော့လုပ်ပေးနိုင်တယ်မဟုတ်လား"

"အင်း. . . ငါလုပ်ချင်ပါတယ်"

ဟုဆိုကာ သူကလည်း ဆတ်ခနဲပင်ထရပ်ကာ သူမရဲ့ဆံပင်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ညှင်သာစွာကိုင်လိုက်သည့်တွင် သူမရင်ထဲ ဆတ်ခနဲဖြစ်သွားခဲ့သည်မှလွဲ၍ အခြားဘာမှထူးခြားမှုမရှိ။

''နင့်ဆံပင်က တော်တော်လှတာပဲ သုခဘုံ။ နင် ဘာနဲ့လျှော်တာလဲ''

''မသိပါဘူး။ ရေချိုးခန်းထဲရှိတာနဲ့ လျှော်ပစ်တာပဲ''

''နင်ကလည်း အဲ့ဒီလိုတော့ မဖြစ်သင့်ဘူးလေ။ မိန်းကလေးဆိုတာ ကိုယ့်အလှကိုကိုယ်တော့ အနည်းဆုံးထိန်းသိမ်းတတ်ရမယ်''

''ငါ အဲ့ဒါတွေကို ဆိုနေကျသီချင်းတစ်ပုဒ်လောက်တောင် စိတ်မဝင်စားဘူး''

''ငါဆို ညအိပ်ရင်တောင် ခရင်မ်လိမ်းပြီးမှအိပ်တာ။ ငါ့ပါးလေးတွေဆို နင်ကိုင်ကြည့်ပါလား။ နူးအိနေတာပဲ''

''မကိုင်ချင်ပါဘူးဟာ။ ကျေးတာမန့်. . . မင်း အဲ့ဒီလောက်အလှအပကိုခုံမင်သလား''

''အင်း''

''ဒါနဲ့များ နင့်ပုံက ယောကျ်ားရင့်မာကြီးကျနေတာပဲ။ ဗလကတောင့်တောင့်၊ အရပ်က ရှည်ရှည်၊ ဝတ်ပုံစားပုံက မိမိနဲ့ စတိုင်လ်ကျကျ။ အဲ့ဒ်လိုသွင်ပြင်ကိုကြည့်ပြီး တကယ်မထင်ရဘူး''





''အဲ့ဒါဖေဖေကြောင့်ပေါ့။ ငါ သင်တန်းမတက်ချင်ဘူးဆိုလည်း အတင်းပို့၊ သူဝယ်ပေးတာပဲ ငါက ဝတ်ရတာ။ ငါ့မှာ ကိုယ်ဝတ်ဖို့အဝတ်အစားတောင် ဝယ်ပိုင်ခွင့်မရှိဘူး''

''အဲ့တော့ မင်းနဲ့ငါက ဘဝတူတွေပဲ။ အဲ့ဒီတော့ အိမ်ပိုင်ရမှ ငါတို့စိတ်ကြိုက် လွတ်လွတ်လပ်လပ်နေရအောင်''

''နင်ကတော့ အဲ့ဒီအခွင့်အရေးမျိုး ရနိုင်ပါသေးတယ်၊ ငါကတော့ အလုပ်ဝင်ရတော့မယ်တဲ့။ အခုမှ ထောင်လုံးလုံးကျတာပဲ''

''ရတ်တရက်ကြီး''

''သူတို့ပြောသလို ငါ နင့်ကိုလက်ထပ်လိုက်ရင် လွတ်လပ်ပြီထင်နေတာ။ အခုတော့ အိမ်ထောင်သည်မို့ အလုပ်လုပ်ရမယ်တဲ့၊ ဒါပေမဲ့ ငါ့ကို နားချိန် (၁၀) ရက်ပေးလိုက်ပါသေးတယ်။ ကောင်းမလားလို့ လျှောက်ကြည့်တာ၊ သွားကြည့်မှ ခရောင်းလမ်းမှန်းသိတော့တယ်''

''(၁၀)ရက်ဆိုတဲ့အခွင့်အရေးကို အသုံးချလိုက်ပေါ့''

''နင့်အိမ်မှာ (၃)ရက်၊ ငါ့အိမ်မှာ (၃) ရက်၊ ဟန်းနီးမွန်းက (၂) ရက်၊ ပိုတဲ့ (၂) ရက်က ငါ အမျှားကြီးအကျဉ်းကျမှာနဲ့ မတန်လိုက်တာ၊ အားလုံးထဲမှာ. . . ဖေဖေနဲ့တစ်ရုံးတည်း အလုပ်တူတူလုပ်ရမှာကို စိတ်အပျက်ဆုံးပဲ''



www.burmeseclassic.com

www.burmeseclassic.com



ညည်းညူနေသော ခပ်ခြောက်ခြောက်နှင့် ကျေးတမန်ကိုသနားမိပေမယ့်လည်း သူမအတွက်တော့ ထူးခြားသည့်အခွင့်အရေးကောင်းကြီးမို့ တစ်ကိုယ်ကောင်းဆန်စွာ ပျော်ရွှင်နေရပါသည်။

သူမရဲ့စိတ်ကူးထဲမှာတော့ ပျော်စရာကောင်းလာတော့မည့် ကူးနှင့်သူမကို့ကမ္ဘာက လွှမ်းခြုံလျှက်။

''ငါအရမ်းပင်ပန်းနေပြီ ကျေးတမန်။ ငါအိပ်တော့မယ်''

ဟုဆိုကာ ခုတင်ပေါ်မှာ လှဲချပစ်လိုက်ပါသည်။ သူမနည်းတူ ကျေးတမန်ပါ ခုတင်ပေါ်လှဲချလာ၍ သူမမှာ ဆတ်ခနဲပင် ငုတ်တုတ်ထထိုင်မိလိုက်ပြန်သည်။

''ဘာလဲ သုခဘုံ''

''မင်းနဲ့ငါ အတူအိပ်လို့မဖြစ်ဘူး''

''ဘာလဲဟာ၊ နင်ကလည်း အချင်းချင်းတွေပဲ''

''ငါ၊ အဲ. . . ငါ နှစ်ယောက်မအိပ်တတ်ဘူး''

''ဒါဆို ငါက ဘယ်မှာသွားအိပ်ရမလဲ''

''မင်းက အိမ်ရှင်ပဲ။ ငါဘယ်သိမလဲ''

''ငါ. ငါ့အခန်းထဲမှာပြန်အိပ်နေတာကို ဖေဖေသိသွားရင် ငါ့ကိုထိုးမှာပေါ့''





''တစ်ချက်တလေပဲ ဘာဖြစ်လဲ''

''ဟာ. . . နာတယ်။ ဟပေါ့! ခြေသံကြားတယ်။ ငါတို့ကိုလာချောင်းတာထင်တယ်''

ဟု နားပါးသော ကျေးတမန်က ပြောလိုက်သည့်တွင် သုခဘုံမှာ ပြာသွားရပါသည်။ တံခါးဖွင့်သံ ကလစ်ခနဲကြားလိုက်ရသည့်တွင် အင်မတန်သွက်သော သုခဘုံမှာ ဘာမှပုံကြီးချဲ့ပြီး စဉ်းစားမနေတော့ဘဲ ကျေးတမန်ကိုပခုံးမှဆွဲကိုင်ကာ ခေါင်းအုံးပေါ် လှဲချပစ်လိုက်ပါတော့သည်။

အခန်းထဲမှာ စကားပြောသံသဲ့သဲ့ကြောင့် နားစွင့်မိနေသော ဒေါ်အုန်းနေမှာ ရုတ်တရက် စကားပြောသံတိတ်သွား၍ တံခါးကိုညင်သာစွာဖွင့်ကာ ချောင်းမြောင်းကြည့်ရှုမိလိုက်သည်။

နေ့လယ်က မမမြိုင်ပြောထားသောစကားကိုလည်း နားစွန်နားဖျား ကြားယောင်မိပါသေးသည်။

''သမီးက အနည်းငယ်ယောကျ်ားဆန်ပြီး ကြမ်းတယ်''တဲ့။

ထိုအချိန်ကဆို သူမရယ်ချင်စိတ်ကို မနည်းဖုံးဖိထားခဲ့ရပါသည်။ အနည်းငယ်ယောကျ်ားဆန်သောချွေးမနှင့် အနည်းငယ်မိန်းမဆန်သောသားတို့ကိုမှရွေးပြီး အိမ်ထောင်ချပေးမိသောအဖြစ်ကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က တူမလိုနဲ့ ဆန့်ကျင့်ဘက်ဖြစ်နေကြသော သားရဲ့ အိမ်ထောင်ရေးကိုစိုးရိမ်မိခဲ့ပါ၏။ သို့သော် ညအိပ်မီးရောင်မှိန်မှိန်အောက်မှာ တစ်ယောက်ကိုတစ်ယောက် ကြင်နာစွာထွေးပွေ့ပြီး အိပ်ပျော်နေကြသောကလေးနှစ်ယောက်ကြောင့် ပင့်သက်ကို တစ်မျှော်တစ်ခေါ် ချပစ်လိုက်မိသည်။

ကြည့်စမ်းပါဦး. ကြည်နူးစရာကောင်းလိုက်တာ။ သားကို ဒီလို အိမ်ထောင်သည်ယောကျ်ားကောင်းတစ်ယောက်အဖြစ် သူမ မြင်ချင်ခဲ့တာ ကြာခဲ့ပါပြီ။

ယောကျ်ားဆိုတော့လည်း ယောကျ်ားပါပဲလားဟု သူမတွေးမိလိုက်စဉ်မှာတော့ အစိုးရိမ်ပိုခဲ့မိတာတွေကို ရယ်ချင်သွားရပါသည်။ ခုတင်အောက်သို့ ကပိုကရိုပြုတ်ကျနေသော စောင်ပါးပါးကို လွှမ်းခြုံပေးကာ မီးပိတ်ပြီး အခန်းပြင်ပြန်ထွက်ခဲ့ချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်၍နေခဲ့ပါပြီ။

❀ ❀ ❀



## အခန်း (၇)

သူက ထုံးစံအတိုင်း စောစောထတတ်တဲ့အကျင့်ရှိသူမို့ နံနက် (၆) နာရီ ဒိုင်းခနဲဆို မျက်လုံးနှစ်လုံးက ပွင့်နေခဲ့ပါပြီ။ သို့သော် စိတ်အစဉ်ကတော့ ခါတိုင်းလိုကြည်လင်မနေဘဲ ကျဉ်းကျပ်သွားရ၏။

ကွေးကွေးလေး အိပ်ပျော်နေခဲ့သောသူ့ကိုယ်ခန္ဓာက ချုပ်နှောင်ခံထားရခြင်းကြောင့်ဖြစ်သည်။ လူကလေးက သေးသလောက် အလေးချိန်ရှိသောသူမခန္ဓာကိုယ်ကို ဆတ်ခနဲတွန်းဖယ်ပစ်ဖို့ကြံရွယ်ချိန်မှာ စိုထိုင်းထိုင်းဖြစ်နေသော သူ့အကျႌကျောပြင်ကိုသတိပြုမိသွားရပါသည်။

ထိုအခါမှာတော့ သူမကိုတွန်းဖယ်ဖို့အစီအစဉ်က ပြောင်းသွားရ



www.burmeseclassic.com

www.burmeseclassic.com



ကာ နောက်ကျောကိုလက်ဖြင့်စမ်းကာ ဘာလဲဟုသောသိချင်စိတ်ကြောင့် နမ်းကြည့်လိုက်စဉ်မှာတော့. . .

''အား! ဟာ. . .''

ထိုအသံနှင့်အတူ သူမကိုယ်ကိုလည်း တွန်းဖယ်ပြီးဖြစ်သွားရပါသည်။ အားနှင့်တွန်းဖယ်လိုက်တာမို့ ဘာဟန်ချက်မှရှိမနေခဲ့သော သူမမှာ အသားလွတ်ကြီးပင် ကုတင်အောက်သို့ လွတ်လွတ်လပ်လပ်လိမ့်ကျသွားရတော့၏။

''ဘုန်း! ''

နာကျင်သွားသောခါးရိုးကို လက်ကလေးနှင့်ဖိထားကာ အိပ်မှုန်စုံမွှားနှင့်ပင်. . .

''ဘာလုပ်တာလဲ''

စိတ်တိုသွားရတာကြောင့် ငေါက်ငေါက်သတ်ကြီးပင် အော်ပစ်လိုက်သည်။ ထိုအခါကျတော့ နှာခေါင်းကြီးရှုံ့ကာ ကုတင်၏အခြားတစ်ဖက်မှာ ရပ်နေသောသူက. . .

''ငါ့အကျီမှာ သွားပုပ်ရည်တွေ၊ နင်ကျထားတာမဟုတ်လား''

''ငါ့ကိုအဲ့လိုစွပ်စွဲရအောင်က အဲ့ဒီသွားပုပ်ရည်မှာ စာကပ်ထားလို့လား''





''ငါ့မျက်နှာက ရင်ဘတ်ရဲ့အပေါ်မှာရှိတာ။ ငါ့မျက်နှာက ဇောက်ထိုးပေါက်နေလို့လား''

''ဒီအကျီတစ်ထည်ညစ်ပေတာ ဘယ်အချိန်လျှော်လျှော်ရတယ်။ မကျေနပ်ရင် အမှိုက်ပုံးထဲ ပစ်ထည့်လိုက်။ မင်းကို ဘယ်သူမှတရားလာမစွဲဘူး။ ငါ့ခါးရိုးသာတစ်ခုခုဖြစ်သွားလို့ကတော့ မင်းသေပြီသာမှတ်''

''ဘယ်လိုဟာမျိုးလဲမသိဘူး။ မတွေ့ဖူးပါဘူး''

''ဘာပြောတယ်''

သူမက မာရေကျောရေနှင့် ပိတ်ဟောက်ပစ်လိုက်တော့ သူ့မျက်နှာလေးမှာ ဆီးရွက်သာသာမျှသာ။ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့သွားရပါသည်။

''တစ်ညလုံးလည်း ကောင်းကောင်းမအိပ်ရဘူး။ သူများကိုဖိထားပြီးမှ သူကပဲ စိတ်တိုနေရတယ်''

''မကျေနပ်ရင် မင်းဟာမင်း ကြမ်းပြင်ပေါ် ဆင်းအိပ်နော်။ အခုမှ ဘာမှပွစိပွစိလာပြောမနေနဲ့''

''သုခဘုံ့အမှန်တကယ်တော့ ငါနှင့်ကိုတော်တော်စိတ်တိုနေပြီ''

''အဲ့တော့ မင်းက တစ်ယောက်ချင်း ဖိုက်တင်ပေးချင်တာလား။ ရတယ်လေ. လာခဲ့။ သုခဘုံရဲ့လက်စွမ်းကို မြည်းစမ်းကြည့်တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဟုငစွေစေ့ကြည့်ပြောကာ အင်္ကျီလက်ကိုပင့်၍ လက်သီးဆုပ်ကို မျက်နှာနှင့် (၄၅) ဒီဂရီတိမ်းစောင်း၍ ချိန်ရွယ်ပစ်လိုက်သည်တွင် ကျေးတမန်မှာ မျက်လုံးပြူးကြီးနှင့် မှင်တက်သွားရပါသည်။ ထိုအချိန်မှာပင် တံခါးခေါက်သံက ညင်သာစွာ နှစ်ချက်ဆင့်ထွက်ပေါ်လာပြီး. . .

''ဝင်ခဲ့ပြီနော်''

ထိုအသံကြောင့် ရန်ဖြစ်နေကြသောသူတို့နှစ်ယောက်မှာ ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်သွားရပါသည်။

''ကလစ်''

ကလစ်ဟူသောတံခါးဖွင့်သံကြားချိန်မှာတော့ နှစ်ယောက်လုံးရဲ့ ဦးနှောက်တွေမှာ ထုံပူသွားရပါတော့သည်။ လက်သီးဆုပ်ကြီးနှင့်ချိန်ရွယ်ထားသော သူခဘုံရဲ့ဦးနှောက်ထဲမှာလည်း လျှပ်စီးတွေ လင်းလက်ယှက်ဖြာနေရသလို မှင်တက်စွာရပ်နေခဲ့သော ကျေးတမန်ရဲ့စိတ်အစဉ်ကလည်း တစ်ခုခုကိုအပြင်းအထန်စဉ်းစားလျက်။

'တံခါးဟာဟပွင့်လာချိန်မှာတော့ နှစ်ယောက်လုံးက ဘာမှထွေထွေထူးထူးစဉ်းစားမနေကြတော့ပါဘဲ သူ့ထက်ငါဦး အလုအယက် ခုတင်ပေါ်ပြေးတက်ပစ်ကြတော့သည်။

ဒါကို ဒေါ်အုန်းနေက သူမ ဝင်လာမှ ရောက်တတ်ရာရာပုံနှင့်





သူတို့နှစ်ယောက်ကို တစ်မျိုးတွေးပစ်မိပါသည်။ ဒေါ်အုန်းနေရဲ့အပြုံးကို သူတို့နှစ်ယောက်လုံးကလည်း မယုံသင်္ကာနှင့်အကဲခတ်လိုက်ကြသည်။

''သားတို့အခန်းက ဘုန်းခနဲအသံကြားလို့ဝင်လာတာ။ ရန်ဖြစ်နေကြတာတော့မဟုတ်ပါဘူးနော်''

''ဟပ်. . . မဖြစ်ပါဘူး။ မဖြစ်ပါဘူး''

ဟု နှစ်ယောက်သား အတိုင်အဖောက်ညီညီ တစ်သံတည်းထွက်ဆိုကြပြန်သည်။

''ခုနက ဘုန်းခနဲကြားလိုက်တယ်''

''မကြားပါဘူး. ဟဲဟဲ. . . ဟုတ်တယ်နော်။ ဘာအသံမှမကြားလိုက်ဘူးနော် သုခဘုံ''

''အင်း. ဟုတ်တယ်။ မကြားဘူး''

''ဒါဆို မေမေပဲ နားကြားလွဲတာထင်တယ်။ ကဲကဲ. . . ထကြတော့။ အောက်ထပ်မှာ မင်းတို့ဖေဖေ ကော်ဖီသောက်ဖို့စောင့်နေတယ်။ သမီးက မေမေနဲ့အပြင်ခဏလိုက်ခဲ့နော်။ သမီးတို့မင်္ဂလာဦးအိမ်အတွက် လိုအပ်တာလေးတွေ ဝယ်ရအောင်''

သူမ စိတ်ပျက်သွားရပါသည်။ သူမစိတ်အပျက်ဆုံးက အဲ့ဒီဈေးဝယ်တဲ့ကိစ္စဖြစ်၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို၊ အဲ. . . သုခ မလိုက်လို့မရဘူးလားမေမေ၊ ကျေးတမန်ကို ခေါ် . . . အဲ. . ."

"သားက သူ့ဖေဖေနဲ့ ကုမ္ပဏီလိုက်သွားရမှာ"

"မေမေ, ကျေး. . ."

"အိမ်ထောင်ပြုလိုက်ပြီဆိုတဲ့ယောကျာ်းက အလုပ်လုပ်ရတယ် သားရဲ့"

"ဟာ. . . ရှုပ်လိုက်တာ"

သူက စိတ်ပျက်စွာ ခါးရိုးကြီးကုန်းပြီး ငူငူကြီးထိုင်ချလိုက်ပါသည်။

"ကဲ. . . သမီး, တစ်ခါတည်းပြင်ဆင်ပြီး ဆင်းခဲ့နော်။ မေမေ အောက်မှာစောင့်နေမယ်"

ဟုဆိုကာ ဒေါ်အုန်းနေ သွားမည်ပြုတော့. . .

"မေမေ, သုခ မလိုက်လို့မရဘူးလား"

"ဘာဖြစ်လို့လဲ,သမီး"

"ဟို, အဲ. . . နေမကောင်းဘူး၊ ဟုတ်တယ်၊ နေမကောင်းဘူး။ ဟုတ်တယ်နော် ကျေးတမန်။ ငါနေမကောင်းဘူး"

"အင်း. . . ဟုတ်မှာပေါ့"





"ဟုတ်တယ်။ တကယ်နေမကောင်းဘူး"

သူမနှင့်သူက အတိုင်အဖောက်ညီညီပြောလိုက်ကြတော့ ဒေါ်အုန်းနေက ချက်ချင်းဆိုသလို သူမနဖူးကိုစမ်းကြည့်လာ၍ သူမမှာ ပြာသွားရပြန်သည်။

"ကိုယ်လည်း မပူပါဘူး"

"ဟာ. . . ကိုယ်မှာမဟုတ်ဘူး၊ ခါးမှာ"

"ခါးမှာ"

"ဟုတ်တယ်, ခါးမှာ။ အရမ်းနာနေတာ"

"တော်တော်များ နာနေသလား။ ဘယ်တုန်းကဖြစ်တာလဲ"

"ကျေးတမန်ပေါ့။ သူ့ကြောင့်သူ့ကြောင့်, သူ. . . သုခကို, အဲ့ မဟုတ်ပါဘူး"

"ဟုတ်တယ်မေမေ။ သူ တော်တော်နေမကောင်းဖြစ်နေတာ။ ကျေး. . . ပြုစုလိုက်မယ်။ ရပါတယ်။ ကျေး ဒီနေ့တော့ မလိုက်သေးဘူးလို့ ဖေဖေ့ကိုပြောပေးပါ။ သူက အဲ့လိုနေမကောင်းတော့ ကျေးဘယ်လို စိတ်ချမှာလဲ"

ဟု သူနှင့်သူမက ပိုင်နိုင်စွာပြောချပစ်လိုက်သည့်တွင် ဒေါ်အုန်းနေမှာ သဘောပေါက်စွာ ပြုံးတုံးတုံးလေး ဘာမှမပြောတော့ဘဲ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားပါတော့သည်။

ထိုအခါမှ သူနှင့်သူမက သက်ပြင်းကိုယ်စီရှိုက်ကာ တစ်ယောက်ကိုတစ်ယောက်ကြည့်မိလိုက်ကြသည်။ ထိုအကြည့်တွေက အကျဉ်းအကျပ်ထဲက လွတ်မြောက်လာသည့် အောင်နိုင်သူလူသားများနှယ်။

တင်းထားသမျှကိုဖြည့်လျှော့လိုက်သော ပန်းဝင်သူ၏အကြည့်မျိုးနှင့်၊ ဒီနေ့တော့ သုခဘုံ၏ ကလိမ်ကကျစ်ဉာဏ်ကြောင့် သူပါ လွတ်လပ်ခွင့်ရသွားတဲ့အတွက် သုမဘုံကို နည်းနည်းတော့ကျေးဇူးတင်မိပါသည်။

❀ ❀ ❀



## အခန်း (၈)

လူကြီးတွေက ကားကိုယ်စီနှင့် အသီးသီးထွက်သွားကြချိန်မှာတော့ သူတို့ရဲ့ကမ္ဘာမှာ လွတ်လပ်မှုတွေအပြည့်နှင့် ပျော်စရာကြီးဖြစ်သွားရတော့သည်။

''ဖေဖေက ဘာစိတ်ကူးပေါက်သွားတယ်မသိဘူး။ ငါ့ကို (၁၀) ရက် အနားပေးမယ်ပြောပြီး''

''ကျေးဇူးတာမန်''

''ဘာလဲ''

''မင်းဆီမှာ မုန့်ပိုးဘယ်လောက်ကျန်သေးသလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ"

"ငါသာမကယ်လိုက်ရင် မင်း၊ မင်းအဖေနဲ့လိုက်သွားရမှာ ကျိန်းသေနေပြီ။ ကယ်တင်ခပေး . . . ပိုက်ဆံ"

"ဘာကြောင့်ပေးရမှာလဲ၊ နင်ဟာနင် နင့်အမေဆီက တောင်းသုံးပေါ့"

"ငါက မင်းနဲ့လက်ထပ်ပြီးပြီ။ သူတို့ပေးစရာမလိုတော့ဘူးတဲ့။ ပေးစမ်းပါဟာ။ ကြာပါတယ်။ ကူး.စောင့်နေတော့မှာ"

"မပေးပါဘူး၊ ငါလည်း အရင်ကလို မုန့်ဖိုးရတော့မှာမဟုတ်ဘူး၊ အလုပ်ဝင်မှ ကိုယ့်လစာနဲ့ကိုယ်သုံးရမှာ၊ ဒီကြားထဲ လက်ကျန်ငွေက လောက်မှာမဟုတ်ဘူး။ မပေးဘူး"

"ကျေးတမန်"

"ငါအပြင်သွားရဦးမယ်။ ငါ့ကို သီအိုရမ် စောင့်နေတော့မှာ"

"ကျေးတမန်"

သူမက အသံဟိန်းကြီးနှင့်အော်လိုက်ပေမယ့်လည်း ကျေးတမန်ကတော့ ဂရုပင်မစိုက်သေးတဲ့ အပြင် ရွှံ့ပြီးမှတောင် ပြေးထွက်သွားပါသေးသည်။

သူမမှာသာ စိတ်လည်းဆိုး၊ အကြံလည်းအိုက်စွာပင် ကြမ်းပြင်





ပေါ် ပုံပျက်ပန်းပျက်ထိုင်ချပစ်တော့သည်။ အဲ့ဒါမှ ပြဿနာ၊ ကူးက သူမကို အပြတ်စိတ်ကောက်နေလိမ့်မည်။ ကူးကိုချော့ရအောင် လက်ဆောင်တစ်ခုခုမှ ပါမသွားရင် သူမ. ကူးကိုသွားတွေ့တာ အလကားကြီး ဖြစ်နေတော့မည်။

သူမ ကြံရာမရဖြစ်နေစဉ်မှာ တံခါးရွက်ကြီးပြန်ပွင့်သွားပြီး ငိုက်ဆိုက်ဆိုက် ငုံ့လျှိုးလျှိုးနှင့် ကျေးတမန်က ဝင်လာခဲ့ပြန်သည်။

"မင်းကို သွားလိုက်ပြီလို့ထင်နေတာ"

"နင်မပါရင် ငါ့မှာအပြင်ထွက်ခွင့်မရှိဘူးတဲ့"

"ဘယ်သူကလဲ"

"အမိန့်ချသွားတယ်တဲ့"

"ဘာမှုစရာလဲ။ အိမ်မှာ ဘယ်သူမှမရှိတာ ဖွတ်ထွက်ပေါ့"

"မရဘူး။ သူက ဗလအားကိုးနဲ့ ငါ့ကိုဖွတ်တားမှာပေါ့။ သူက အဖေ့လူယုံလေ"

ဟုစိတ်ပျက်ညှိုးငယ်စွာဆိုပြီး သူမဘေးနားမှာ ဝင်ထိုင်လိုက်ပြန်သည်။

"ငါ ကြမ်းခင်းပြင်ပေါ်မှာ ဖြစ်သလိုထိုင်တာ အခုပထမဆုံးပဲ။ အဲ့ဒါ နင့်ကြောင့်။ နင့်ဆီကအကျင့် ငါ့ဆီကူးသွားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုထိုင်နေတော့ စိတ်ရှုပ်နည်းနည်းသက်သာတယ်မဟုတ်လား"

"နင်လည်း အပြင်သွားမှာပဲမဟုတ်လား သုခဘုံ။ မထူးပါဘူး။ ငါတို့နှစ်ယောက်အတူတူသွားရအောင်"

"မသွားချင်ပါဘူး။ ကူးက ငါ့ကိုတင်းနေမှာ။ မင်းပါလာရင် ပိုဆိုးကုန်မှာပေါ့"

"နင်ကလည်း ဝေးပြန်ရော။ ငါလည်း နင်နဲ့အတူတွဲမသွားပါဘူး။ သီအိုရမ်အထင်လွဲတာကို ငါလုံးဝလက်မခံနိုင်ဘူး။ အခုတောင် မနည်းရှင်းပြရမှာ၊ အိမ်က အထွက်ပြရုံလေး"

ထိုအခါမှာတော့ သူမအကြံတစ်ခုရသွားပါသည်။ သူမအကြံက အကြီးကြီးမို့ မျက်ဝန်းလေးတွေ လင်းလက်လာရပေမယ့် ထိုမျက်ဝန်းများကိုအလုံးခြုံဆုံးဖုံးဖိကာ. . .

"တော်ပါပြီဟာ။ ငါ ဒီနေ့အပြင်ထွက်ဖို့စိတ်မဝင်စားဘူး"

"ဟာ. . . နင်ကလည်းလုပ်ပါဟာ။ ငါ့ကို သီအိုရမ်မျှော်နေမှာဟ"

"မသွားချင်တော့ပါဘူးဟာ။ သုံးစရာကမရှိ၊ သွားစရာကားလည်း မရှိ"

"ငါ့မှာရှိတာပဲ"





"မင်းမှာရှိတာ ငါကဘာလုပ်ရမှာလဲ"

"တက္ကစီခ သက်သာတာပေါ့ဟာ။ နင်သွားချင်တဲ့နေရာအရောက် ငါလိုက်ပို့ပြီးမှ ငါ့ဟာငါ ခရီးဆက်မယ်"

"တော်ပါပြီဟာ။ ပိုက်ဆံမရှိရင် အပြင်ထွက်ဖို့မကောင်းဘူး"

"ငါချေးပေးမယ်"

"ဘယ်လောက်လဲ"

"ခုနတုန်းကတော့ မှိုင်ငိုင်ငိုင်နဲ့။ နင် အဲ့လောက်ပဲ ပိုက်ဆံမက်သလား"

"သည်းခြေကြိုက်ပဲ"

"နှစ်သောင်းပေးမယ်"

"နိုး. . . နိုး. . . နိုး ဒီလောက်လေးနဲ့တော့ သုခဘုံကိုလာမဆွယ်နဲ့။ သုခဘုံက ဆောရီးပဲ"

"သုံးသောင်းဟာ"

"ဖိနပ်တစ်ရံစာပဲရှိတယ်။ ဆိုင်တစ်ဆိုင်မှာ တစ်ခုခုတော့ စားသောက်ဦးမှာလေ"

"လေးသောင်းဟာ"

"နည်းနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လောက်ပေးရမှာလဲ။ လုပ်ဟာ, အချိန်ကုန်တယ်"

"ငါးသောင်း"

"ရတယ်ဟာ ရတယ်, ပေးမယ်။ လဲတော့ အဝတ်အစား သွားမယ်"

"ရပြီလေ။ ဒီပုံပဲလိုက်မယ်"

"ဒီပုံကြီးနဲ့"

"ဘာဖြစ်လို့လဲ။ ဒီဝတ်စုံက မင်းရဲ့စီးပွားရေးကို တုတ်နဲ့ထိုးနေလို့လား"

သုခဘုံက ထီမထင်လေးပြောလိုက်ချိန်မှာတော့ ကျေးတမန်က နှာခေါင်းလေးရှုံ့ကာ ကြည့်လာပါသည်။ အင်္ကျီကို မျိုးလို့များလား ဘိုသီဘတ်သီ ငါးထပ်လောက်ဝတ်ထားပြီး ရှော့ပင်န်တို့၊ ဦးထုပ်စုတ်ကို ဖြစ်သလိုဆောင်းထားတဲ့သုခဘုံက မျက်နှာမှာလည်း ဘာမိတ်ကပ်မှလိမ်းခြယ်ထားခြင်းမရှိ။

"လှပနေတဲ့နှင့်ဆံပင်က နှမြောဖို့ကောင်းလိုက်တာ"

"နှမြောမနေနဲ့။ ဒီနေ့ပဲ ဒီဆံပင်ကိုကောက်လာဦးမှာ။ ဒီလိုဖြောင့်ဖြောင့်မျိုးက မိန်းမနဲ့သိပ်တူတယ်။ ငါမကြိုက်ဘူး"

"ငါနဲ့များ လဲလိုက်ချင်တယ်။ နင်သိပ်တုံးတယ် သုခဘုံ"





"တုံးတဲ့အကြောင်းပြောရင် ငါ့ရဲ့ဆရာက မင်းပဲ"

"ဗုဒ္ဓေါ!"

"ဟုတ်တယ်လေ၊ မင်းမို့ ငါ့ကိုလက်ထပ်ဖို့သဘောတူလိုက်တာ။ အမှန်တကယ်ဆို ဘာညာသာရကာအကြောင်းပြပြီး ငြင်းပစ်ယိုက်ရမှာ။ အဲ့ဒီလိုဆိုရင်ပဲ မင်းကို ငါက ကျေးဇူးတင်ချင်တင်ဦးမှာ"

"အမယ်လေး မိကျောင်းမသားရယ်, တော်ပါပြီ၊ ပြီးခဲ့တာတွေကို။ ဒီနေ့ အပြင်ရော ထွက်ရဦးမှာလား"

"ငါက မင်းကိုစောင့်နေတာ"

"ငါ့ကို"

"အင်းလေ, နှုတ်ခမ်းနီတွေဆိုး။ မိတ်ကပ်တွေ လူးဦးမယ်ထင်နေတာ"

"အဲ့ဒါဆိုရင်တော့ နင်ပါရင်လည်း ငါ ဒီအိမ်က ထွက်ခွင့်ရမှာမဟုတ်ဘူး"

"ဟဲဟဲ. . . နောက်တာပါကွာ။ သွားမယ်"

ဟုဆိုကာ သုခဘုံက ကျားကျားလျားလျားပင် လွှားခနဲထွက်သွားခဲ့ပေမယ့် ကျေးတမန်ကတော့ ခြေလှမ်းကျဉ်းကျဉ်းလေးကားပြီး အပြေးကလေး လိုက်သွားခဲ့ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကူး . . ."

တွေဝေစွာငေးငိုင်ပြီး အဝေးကိုမျှော်ကြည့်နေသော မိန်းမချောလေးက ခေါ်သံကြောင့် လှည့်ကြည့်လာသည်။ သို့သော် ခါတိုင်းလိုတော့ ထိုမျက်ဝန်းတွေက သက်ဝင်လှုပမှုမရှိ။ သာမန်ကာလျှံကာမျှရယ်ပါ။

သူမက ကူးဆိုသောမိန်းမချောလေးရဲ့ဘေးမှာ ဝင်ထိုင်လိုက်ပြီးလျှင် . . .

"ကူး ဒီမှာရှိနေမယ်ဆိုတာသိတယ်"

"မြင်လိုက်ပါတယ်။ ဒီနေရာအရောက် သဘောထားကြီးကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးသွားတဲ့ အသစ်ကျပ်ချွတ်ခင်ပွန်းကောင်းကြီးကို''

''ဟာ. . . အဲ့ဒီအကန့်မဟုတ်ဘူး''

''အဲ့ဒါဆို ကူးက တလွဲတွေးတာပေါ့ဟုတ်လား၊ ဟင်းဟင်း. . . ရယ်ရတယ်နော်၊ လူတိုင်းဟာ ပုံပြောကောင်းကြတယ်ဆိုပေမယ့် ကူး သုခကိုတော့ ယုံကြည်ခဲ့ပါတယ် အပြည့်အဝ၊ ဒါပေမဲ့ သုခလည်း လူ တွေထဲကလူတစ်ယောက်ပါပဲ''

''မဟုတ်ဘူး၊ ကူးအထင်လွဲနေပြီ''

''အထင်လွဲနေတယ်ဟုတ်လား၊ အဲ့ဒါဆို ကူးတစ်ယောက်တည်း ကိုရှင်းပြဖို့မလိုဘူး၊ တစ်လောကလုံးက လူတွေကိုရှင်းပြလိုက်ပါ။ အခု ထိတောင် သတင်းစာထဲမှာ မင်္ဂလာညွှန်ခံပွဲကျေးဇူးတင်လွှာက ပါလို့မပြီး နိုင်သေးဘူး''

''အဲ့ဒါတော့ဟုတ်တယ်၊ ဒါပေမဲ့ ကူးပြောသလိုမဟုတ်ဘူး''

''တော်ပါတော့ သုခရယ်၊ ဘာမှပြောမနေပါနဲ့တော့၊ ကူး. သုခကို မမုန်းချင်ဘူး၊ အဲ့ဒီတိုင်းပဲ ယုံကြည်နေပါရစေ''

''ငါရှင်းပြမယ်.ကူး''

''ရှင်းပြမယ်ဟုတ်လား၊ ရှင်းပြတယ်ဆိုတဲ့ ရှင်းတမ်းတစ်ခုက အလျှို့ဝှက်ဆုံးသောအမှန်တရားကို အလုံခြုံဆုံး ဖုံးကွယ်လိုက်တာပဲ၊





ရှင်းမပြဘဲနေလည်းရပါတယ်။ ကူးရင်ထဲမှာ ဘယ်လိုမှမရှိပါဘူး''

''မဟုတ်ဘူးကွာ၊ အဲ့ဒါကို လွဲနေတာ''

''ဟုတ်ပါတယ် လွဲပါတယ်၊ ကူးနဲ့သုခက အစောကြီးတည်းကကို လွဲနေခဲ့တာပါ။ သိသိကြီးနဲ့ ရူးမိုက်မိခဲ့တဲ့ ကူးနှလုံးသားကိုပဲ ကူးအပြစ် တင်ပါတယ်။ သုခမှာ ဘာအပြစ်မှမရှိပါဘူး၊ ဖြစ်ခဲ့သမျှအားလုံး ကူး တစ်ယောက်တည်း မှားခဲ့တာပါ''

''ပိုဆိုးကုန်ပြီ''

''ဟုတ်တယ်၊ ပိုဆိုးကုန်တဲ့အခြေအနေပါ။ ဒီ့ထက်ဆိုးမလာကြ ခင် ကူးနဲ့သုခရဲ့ဇာတ်လမ်းက ရပ်တန့်သင့်ပြီ''

''မဟုတ်သေးဘူး.ကူး''

''ဘယ်ဟာက မဟုတ်တာလဲ။ သုခနဲ့သူ မင်္ဂလာဆောင်လိုက် တာက, မဟုတ်တာလား၊ ကူးရဲ့စကားလုံးတွေက မှားနေတာလား၊ ကူး သိသလောက်တော့ အခုချိန်ထိ ကူးပြောတာ မမှားသေးဘူး''

''ငါ ကူးကိုတစ်ခုပဲပြောမယ်၊ အဲ့ဒါကို ကူး.အမှန်အတိုင်းဖြေပါ''

''ပြောကြည့်လေ။ သေချာတာတော့ ကူး. သုခကိုမလိမ်ခဲ့ဖူးဘူး''

''ကူး ငါ့ကိုချစ်သလား''

''မမေးသင့်တော့တဲ့မေးခွန်းမျိုးပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုပဲဖြေပါ"

"မဖြေချင်ဘူးဆိုရင်ရော"

"ရတယ်လေ။ အဲ့ဒါဆို ငါသေရင်တောင် ကူး, ငါ့ကိုမတွေ့ရတော့ဘူး"

"ဘာအဓိပ္ပာယ်လဲ"

"တစ်ကနေ ငါးအထိရေတွက်မယ်။ တစ်၊ နှစ်၊ သုံး၊ လေး"

"ချစ်တယ်၊ အရမ်းချစ်တယ်"

"ဟား. . . ဟား. . . ဒီလိုမှပေါ့"

ဟုဆိုကာ ပါမစ်ရသွားသူနှယ် ပခုံးစွန်းကို အားပါးတရဆွဲကိုင်ကာ ပွေ့ဖက်ပစ်လိုက်သည်။

"ကူးကို ငါ ဒီနေ့လက်ဆောင်အဖြစ် ဖိနပ်ဝယ်ပေးမယ်။ ဆိုင်ကောင်းကောင်းမှာ မုန့်ကျွေးမယ်"

"အချိန်ရရဲ့လား"

"ကူးအတွက်ဆို အချိန်တွေကပိုပြီးသား"

"တကယ်"

"တကယ်ပေါ့။ ကူးကလွဲရင် တခြားဘယ်သူကမှ ငါ့အတွက် အရေးမကြီးဘူး"





"ကျေးတမန်ကရော"

"ဟား. . . ဟား. . . ဒီအခြောက်နဲ့ငါက မိတ်ဆွေတွေပါ"

"ဟင်! အခြောက်"

"ဪ. အင်း. . . ဘာမှမဟုတ်ပါဘူး"

"သူက အဲ့လိုလူလား"

"အဲ့လိုကြီးတော့ မဟုတ်ပါဘူး၊ သူက မိန်းမတွေကိုစိတ်မဝင်စားတတ်တာကလွဲလို့ လူကောင်းတစ်ယောက်ပါ။ ခင်ဖို့ကောင်းတယ်"

"ဟင်! ဘယ်လိုကြီးလဲ"

"ကူးလေး ဘာမှစိတ်မရှုပ်နဲ့၊ ငါနဲ့ကျေးတမန်က ရိုးရိုးသူငယ်ချင်းတွေပဲ။ ညီအစ်ကိုတွေပေါ့။ ငါတို့က လွတ်လပ်မှုရဖို့အတွက် တက်ညီလက်ညီကြိုးစားနေကြသူတွေ၊ နောက်ဆို ငါတို့နှစ်ယောက်အတွက် အိမ်တစ်လုံး သီးသန့်ရတော့မှာ။ ကြိုးစားမှုရဲ့ရလဒ်ပေါ့။ အဲ့ဒီချိန်ဆို လွတ်လပ်ပြီ။ ဟဲဟဲ. . . ဒီကြားထဲ ကူး ခဏလေး သည်းခံလိုက်နော်,နော်လို့"

"အထင်လွဲခဲ့တဲ့အတွက် ကူးကိုခွင့်လွှတ်ပါနော်"

"နိုး . . . နိုး. . . နိုး ကူး တို့ အဲ့လိုမတွေးဘူး။ ချစ်ပြီးသား. . . ဟဲဟဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်ကူးရဲ့ အချွဲအနုအညှာခံလိုက်ရချိန်တိုင်း တဟဲဟဲနှင့် ကျေနပ်ပီတိဖြစ်ရသူက ငမိုက်သား သုခဘုံရယ်ပါ။

❁ ❁ ❁



## အခန်း (၁၀)

"မင်္ဂလာဦးက ပျော်ရွှင်ဖွယ်အတိပဲလား ကျေးတမန်"

သူ့ကိုစေ့စေ့ကြည့်ပြီး ထွေလုံးသဖွယ်ပြောလာသည့် သီအိုရမ်ရဲ့ စကားဦးက သူ့ရင်ကို လှုံ့ချွန်နှင့်ထိုးဆွလိုက်သလို။

သူ့ သီအိုရမ်နဲ့မျက်နှာချင်းဆိုင်ခုံမှာ မဝံ့မရဲလေး ထိုင်ချလိုက်ပါသည်။ သီအိုရမ်ပြောဆိုသမျှကို ခံယူရန်ဖြစ်သည်။

သို့သော် သီအိုရမ်က ထိုမျှသာဆိုပြီး သူ့ကိုဘာမှထပ်မပြောတော့ဘဲ စီးကရက်ကိုရှိုက်ငင်လိုက်ပြီး ထုံးစံအတိုင်း အငွေ့ကိုကောင်းကင်ထံသို့ လွှတ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ သူသိပ်နှစ်သက်ခဲ့ရသော သီအိုရမ်ရဲ့စတိုင်လ်လေ။

"သီအိုရမ်. . . နင် ငါ့ကိုဘာမှပြောစရာမရှိတော့ဘူးလား"

"မင်းက ဘာပြောစေချင်နေတာလဲ ကျေးတမန်"

"ပြစ်တင်စကားဖြစ်ဖြစ် တစ်ခုခုပေါ့"

"မင်းက ဘာအပြစ်လုပ်ထားလို့လဲ"

"ဟို. . . ဟာလေ"

"မင်းသတို့သမီးက မဆိုးပါဘူး. . . မင်းစိတ်ညစ်နေလို့ ငါက တော်တော်ဆိုးမယ်ထင်နေတာ"

"ဆိုးတယ်။ တော်တော်ဆိုးတယ်"

"ဟမ်! ဒီလောက်လှပတဲ့မိန်းကလေးမျိုး မင်းဘယ်မှာသွားရှာ မှာလဲ။ အသားအရေ မျက်လုံး နှုတ်ခမ်း၊ ကိုယ်ခန္ဓာ၊ ဒီလောက်ဆို လှတာပဲလေ"

"မဟုတ်ဘူး။ နင်မသိပါဘူး"

"နူနေလို့လား။ အဂ်ါချွတ်ယွင်းလို့လား"

"မဟုတ်ဘူး"

"ဒါဆိုဘာလဲ"

သူက သီအိုရမ်မေးလာသမျှစကားလုံးတိုင်းကို မချွင်းမချန်ပြေ





တတ်သူမို့ အခုတော့ အခက်တွေ့ရပါပြီ။ သီအိုရမ်ကိုကြည့်လိုက်တော့ လည်း သူ့အဖြေစကားသံကို စိတ်ဝင်စားနေပုံမျိုးနှင့်။

"ဟိုဟာလေ. . . အဲ့. . . သူက, သူခဘုံက ဟို. . . ဩော် သိ ပြီ။ အိပ်ရေးပုပ်တယ်"

"အိပ်တာပဲကွာ။ ပင်ပန်းရင် လူတိုင်းအိပ်ရေးကြီးတတ်ပါတယ်"

"အိပ်ရင် အာပုပ်ရည်ထွက်တယ်။ ကွေးကွေးကောက်ကောက် လည်း အိပ်တယ်။ သူများကိုအနိုင်လည်းယူတယ်။ ရေချိုးရင်လည်း ကြာလေးပဲ၊ ဖြစ်သလိုကြီးနေတယ်။ အများကြီးပဲ၊ ဘာမှမကောင်းဘူး"

"ဟား. . . ဟား. . . ဟား, မဆိုးပါဘူး။ ငါက စိတ်ပူနေသေးတာ၊ အချိန်ခဏအတွင်း သူမကို မင်း ဒီလောက်အလွတ်ရသွားတယ်ဆိုရင် ပဲ မင်းတို့ မကြာခင် သာယာလာကြတော့မယ်"

"ငါ သူ့ကိုမချစ်ဘူး သီအိုရမ်"

"အဲ့ဒါ အစမို့ပါကွာ။ နောက်တော့ အဆင်ပြေသွားမှာပါ"

"ငါတို့အိမ်အသစ်ရရင် နင်အလည်လာရမယ်နော် သီအိုရမ်"

"အင်း, လာရမှာပေါ့။ ငါလည်း မင်းနဲ့ပဲ အမြဲတမ်းနေလို့လား မသိဘူး။ မင်းမရှိရင် ပျင်းတယ်ကွ"

"အဲ့ဒါ ငါ့ကိုသံယောဇဉ်ရှိလို့ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဟုတ်မှာပေါ့။ မင်း မင်္ဂလာမှာတောင် ငါနည်းနည်း စိတ်မကောင်းဖြစ်မိသေးတယ်။ ဟဲဟဲ. . . ငါလည်း မင်းလိုဘယ်အချိန် စွံမလဲလို့။ အဟဲ"

"နင်တော်တော်နောက်တာပဲ"

ဟုသာ အပြုံးဖြီးဖြီးနှင့်ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ လွမ်းမောခြင်းတစ်မျိုးနှင့် ကြည်နူးသွားရသည်။ ဒါ သူ့ကို သီအိုရမ်က ချစ်နေလို့ပဲဟု တစ်ဖက်သတ်ယုံကြည်သွားမိပါသည်။

အရယ်အပြုံးရှားပါးတဲ့ သီအိုရမ်ရဲ့အပြုံးနုနုကို သူသိပ်နှစ်သက်ပါသည်။ ဆင်းရဲပေမယ့် စမတ်ကျတဲ့သီအိုရမ်ရဲ့စတိုင်လ်က သူ့အတွက် စံဖြစ်နေရသည်။

သီအိုရမ်ကို သူအနှစ်သက်ဆုံးမှာ တည်ကြည်စူးရှတဲ့မျက်ဝန်းတစ်စုံပဲဖြစ်သည်။ ပြီးတော့ သိပ်ထက်မြက်သည့် သီအိုရမ်၏ဦးနှောက်ကိုလည်း သူချီးကျူးအားကျသည်။

ဒါကြောင့်လည်း သူ, သီအိုရမ်ကို ငြိတွယ်နေရသည်ထင်ပါရဲ့။ ပြီးတော့ သီအိုရမ့်ထံမှာ သူ့အနှစ်သက်ရဆုံးအချက်က ဂစ်တာတီးသိပ်ကောင်းပြီး ကြည်လင်ညြိရှကာ သီချင်းကို ပိုင်ပိုင်နိုင်နိုင်သီဆိုနိုင်သော ပါရမီထူးတစ်ခုကိုပိုင်ဆိုင်ထားခြင်းဖြစ်သည်။





တစ်ရက်တလေဆို သီအိုရမ်ကိုငေးကြည့်နေရရင်ပဲ အရာအားလုံးပြည့်စုံသွားပြီလိုလိုနှင့် သီအိုရမ်ရဲ့အပြုအမူတစ်ခုချင်းစီက သူ့စိတ်အစဥ်ကို အဆုံးစွန်ဖမ်းစားထားနိုင်ခဲ့ပါသည်။

ဒါကြောင့်ပဲ သူ မိန်းမတွေကိုစိတ်မဝင်စားတော့တာ ထင်ပါရဲ့။ စကားပြောနည်းပြီး ကြည်လင်ရှင်းသန့်သော သီအိုရမ်ကို မည်သူကမှ မကောင်းပြောလာတာကို မနှစ်သက်သည်ထိ သူ, သီအိုရမ်အပေါ် ပျော်ဝင်နေမိပါသည်။

သီအိုရမ် ဘာမှမတောင်းဆို၊ မညာစားတာကိုတောင် ဖေဖေတို့က သီအိုရမ်ကိုအကောင်းမမြင်၍ ဖေဖေ့ကိုစိတ်ဆိုးမိပါသေးသည်။ သီအိုရမ်သာ တကယ်ပဲ သူ့ကိုညာစားချင်နေရင် သူ့မှာရှိတဲ့စည်းစိမ်တစ်ဝက်က ဒီအချိန်မှာ ပြောင်သလောက်နီးနေပါပြီ။

သီအိုရမ် ဘာမှမပြောတာကိုတောင် သူ့မုန့်ဖိုးထဲက မသုံးရက်ဘဲ စုစုထားပြီး ဟိုဟာဝယ်ပေး၊ ဒီဟာဝယ်ပေးနှင့်။ သီအိုရမ်က မယူချင်ဘူးပြောလည်း အတင်းပေးနှင့် သူက အဲ့ဒီလိုအလုပ်ရှုပ်ရတာကိုလည်း ပျော်နေတတ်ပါသေးသည်။

အဲ့ဒီလောက်ထိ သူတွယ်တာရပါသော သီအိုရမ်နှင့်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

တတူတူမြည်နေသောဖုန်းသံကြောင့် သုခဘုံမှာ ဆက်မအိပ်နိုင်တော့ဘဲ အိပ်မှုန်စုံမွှားနှင့်ပင် စိတ်တိုတိုနှင့်လှမ်းကိုင်လိုက်သည်။

"ဟလို"

ရုတ်တရက်ကြားလိုက်ရသောအမျိုးသမီးအသံကြောင့် သိအိုရမ်နှင့် ဇဝေဇဝါဖြစ်သွားရပါသည်။

"ဟလို. . . ဟာ! ဘယ်သူလဲ"

"မကျေးတမန်ရဲ့ဖုန်း ဟုတ်ပါတယ်နော်"

ထိုအခါကျမှ သုမ မျက်စိကျယ်သွားရကာ ဖုန်းကိုကြည့်မိလိုက်



www.burmeseclassic.com

တော့သည်။

"ဩော်. အေး. . . ဟုတ်သားပဲ။ ဆောရီး"

"ခဏ"

"ဘာပြောမလို့လဲ"

"ကျေးတမန် အဲ့ဒီမှာရှိသလား"

"ကျေးတမန်"

ထိုအခါကျမှ သူမက ကျေးတမန်ကိုသတိရလိုက်၍ အခန်းဝန်းကျင် ရှာဖွေမိလိုက်သည်။ ရေချိုးခန်းထဲမှ ရေကျသံရေးရေး ကြားလိုက်တော့မှ. . .

"အင်း. . . သူရေချိုးခန်းဝင်နေတယ်"

"အဲ့ဒါဆိုရင် သူ့ကိုပြောပေးပါ။ ကိုယ် ဒီနေ့လာဖြစ်မှာမဟုတ်ဘူးလို့။ ကိစ္စရှိနေလို့"

"ဟမ်"

"အဲ့လိုပဲပြောပေးပါ"

"ကိစ္စရှိလို့မလာဖြစ်ဘူး။ မစောင့်နဲ့ပေါ့ ဟုတ်လား"

"အင်း"

"မင်းနာမည်က ဘာမှန်းမသိဘဲ တုံးတိကြီးပြောပေးရမှာလား"





"သီအိုရမ်ပါ"

"သီအိုရမ်"

သူမက နောက်တစ်ကြိမ် ထိုနာမည်ကိုရေရွတ်လိုက်ချိန်မှာပဲ ဖုန်းလိုင်းက တတူတူနှင့်ကျသွားခဲ့ပါပြီ။ ထိုအချိန်မှာပင် ရေချိုးခန်းတံခါးက ပွင့်သွားရကာ အထက်ပိုင်းကိုယ်ဗလာနှင့် ကျေးတမန်က သဘက်ကို ကိုင်ပြီး ထွက်လာခဲ့ပါသည်။

"နင်ကိုင်နေတာ ငါ့ဖုန်းမဟုတ်လား"

"မင်းမျက်မှန်လည်း မသုံးရသေးပါဘူး။ ရှင်းရှင်းလင်းလင်းမမြင်ဘူးလား"

ဟု အခြားတစ်ဖက်သို့ မျက်နှာမူရင်းဆိုလိုက်ပါသည်။

"နင် ရေမချိုးသေးဘူးလား သုခဘုံ"

"အဲ့ဒါ မင်းကိစ္စမဟုတ်ပါဘူး"

"ငါ နင့်ကိုစိတ်ပျက်လွန်းလို့။ ဟွန်း! အိပ်ရင်လည်း ငါ့ကိုကန်ချလွန်းလို့ ဒရင်းဘက်ပေါ်မှာချည်း အိပ်နေရတာ ကျောကိုနာနေပြီ။ ဒီခြောက်ရက်ကလည်း မပြည့်နိုင်သေးဘူး"

သူမက အိပ်ချင်ယောင်ဆောင်ပြီး တမင်တကာပင် ကန်ချခဲ့သူကို ကျိတ်ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သီအိုရမ်ဆိုတဲ့ကောင် ဖုန်းဝင်တယ်"

"ဟမ်. . . ဟုတ်လား။ နင်. နင်ဘာပြောလိုက်သလဲ"

"သူက မင်းရည်းစားလား"

ပြောင်ကျလှတဲ့သူမရဲ့အမေးမှာတော့ သူ့မျက်နှာက ပီတိအလုံးပေါင်းတစ်သောင်း မျိုထားရသူတစ်ယောက်လို မချိုမချဉ်နှင့်။

"နင်က အဲ့လိုထင်လို့လား"

"သူ ဒီနေ့မလာဖြစ်ဘူးတဲ့။ ကိစ္စရှိလို့"

"ဘာလဲ ဘာညာ သေချာအောင် မေးလိုက်တာမဟုတ်ဘူး"

"အဲ့ဒီလို ကန္တဲ့တဲ့တဲ့ဖြစ်နေတဲ့မင်းပုံစံကို ငါကြည့်မရတာအမှန်ပဲ ကျေးတမန်"

"ကြမ်းတမ်းတမ်း။ ရမ်းတမ်းတမ်းနဲ့ နင့်ကိုလည်း ငါက ကြည့်မရပါဘူး"

"တည့်တည့်ကြည့်ကြည့်သာဆိုရင် မင်းက တကယ့်ပတ်ကားမယ့်ကောင်"

"နူးနူးညံ့ညံ့သာဆိုရင် ဂန္ဓဝင်ဆန်တဲ့မိန်းမဖြစ်မယ့်ရုပ်မျိုးပဲ"

"ငါပြောသလို လိုက်မပြောပါနဲ့"

"ဘယ်မှာပြောလို့လဲ။ စကားလုံးအားလုံးက ခြားနားနေတာပဲ"





"ငါစိတ်တိုလာပြီနော်"

"ငါလည်း စိတ်တိုတာပဲ"

"ဆွဲထိုးမှာနော်"

"ငါကလည်း ငြိမ်ခံနေမယ်ထင်လား"

"အား"

"ဟင်း"

တစ်ယောက်ကိုတစ်ယောက် ပေစောင်းစောင်းရပ်ကာ လက်သီးကိုယ်စီချိန်ရွယ်လိုက်ကြသောအချိန်မှာပင် တံခါးကြီးက ဝုန်းခနဲပွင့်သွားရပြီး. . .

"ဟင်! ဒါဘာဖြစ်နေကြတာလဲ"

ဟူသောအသံနှင့်အတူ အမေနှစ်ယောက်၏မျက်နှာလှလှများကြောင့် ချိန်ရွယ်ထားမိသော လက်သီးဆုပ်များကို ဘယ်ချောင်ထဲ ထိုးပစ်ရတော့မှန်းပင် မသိနိုင်ကြတော့။

"မဖြစ်ပါဘူး။ ဒီပုံအတိုင်းဆို အိမ်တစ်အိမ်နဲ့ သီးခြားနေစေလို့ လုံးဝမဖြစ်ဘူး"

"ဟုတ်တယ်. . . ရင့်ကျက်မှုပဲ ခွဲထားတာကောင်းတယ်။ ကျွန်မလည်း သမီးကို အိမ်ထောင်မှု မသင်ပြရသေးတာနဲ့အတော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုအခါမှာတော့ သူမနှင့်သူက တစ်ယောက်ကိုတစ်ယောက်အပြန် အလှန်ကြည့်မိသွားကြကာ မတိုင်ပင်ထားကြပါဘဲ တစ်ယောက်ကိုတစ် ယောက် ပွေ့ဖက်မိလျက်သားဖြစ်သွားရပါသည်။

"ကျီစားနေကြတာ"

"ဟဲဟဲ. . . ဟုတ်တယ်၊ နောက်နေတာ။ သူက ကျောနာတယ် ပြောလို့ အဲဒါ လက်သီးဆုပ်လေးနဲ့ထုပေးမလို့။ ဟဲဟဲ. . ."

"ဟဲဟဲ. . . ကျေးတမန်ရဲ့ရင်ဘတ်ကို ကြည့်ပါလား။ အကျယ် ကြီးပဲ။ သူခက အဲ့လို အဲ့လိုလေး ထုချင်တာ။ ဟဲဟဲ. . ."

ဟုဆိုကာ အမှုပိုပြီး သူ့ရင်အုံကျယ်ကြီးကို ထုချပစ်လိုက်သေး ၏။ ထိုလက်သီးဒဏ်က နာကျင်သွားရပေမယ့်လည်း အောင့်သက် သက်ကြီးပင် ပြုံးနေလိုက်ရပါ၏။

"ဟုတ်တယ်၊ သူ့ဆံပင်ကလေ သိပ်လှတာ။ အဲ့ဒါ ကျေးက သူ့ ကိုခေါင်းဖြီးပေးမယ်လို့ပြောတာ။ အဲ့ဒါ သူက ထွက်ပြေးနေလို့ ကျေး လိုက်ဖမ်းနေတာ။ ဟုတ်တယ်နော် သုခဘုံ"

ဟုဆိုကာ ဆံပင်လိမ်ကွေးကွေးများကို မသိမသာနှင့်ဆောင့်ဆွဲ ပစ်လိုက်သေးသည်။ ဒါကို သုခဘုံကလည်း သိနေပေမယ့် အောင့်သက် သက်ကြီးပင်. . .





"ဟုတ်တယ်။ ဟဲဟဲ. . ."

အတိုင်အဖောက်ညီညီ ကြင်နာပြနေကြသော သူတို့နှစ်ယောက် ကို အမေနှစ်ယောက်မှာ ပီတိမျက်စောင်းကြီးများခဲ၍. . .

"ခေတ်လူငယ်တွေက ကြင်နာပုံက တစ်မျိုးပဲနော် မမမြိုင်"

"ဟုတ်ပ့ါ မအုန်းနေရေ။ သူ့ခေတ်နဲ့သူ လိုက်လို့မမီနိုင်ပါဘူး"

ဟု ရယ်ရယ်မောမောစကားဆို၍ ဒေါ်အုန်းနေက လက်ဆွဲအိတ် ကြီးထဲမှ တစ်စုံတစ်ခုထုတ်လာကာ သူတို့နှစ်ယောက်ထံသို့လှမ်းပေး လာပါသည်။

"ဟင်! လေယာဉ်လက်မှတ်"

"နှစ်ရက်တာ ဟန်နီးမွန်းခရီးမှာ ပျော်ပျော်ရွှင်ရွှင်ပြန်လာခဲ့ကြ နော်"

"ဟမ်!"

အံ့သြလွန်း၍ နှစ်ယောက်လုံး ပြိုင်တူပင် မှင်တက်သွားခဲ့ရပါ သည်။

"ကဲ. . . ပြင်ဆင်ကြတော့လေ။ နောက် (၅)နာရီဆို သွားရတော့ မှာကို"

"ဟမ်!"



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် အံ့သြသွားရခြင်းဖြစ်ပါသည်။ ထိုအခါမှ လက်ထဲက လေယာဉ်လက်မှတ်ကို ပြူးတူးပြဲတဲကြည့်မိကြတော့ ပုဂံခရီးစဉ်ဖြစ်နေ၍ မျက်လုံးပြူးကြီးများနှင့်. . .

"ပုဂံကို"

"အွန်း. အဲ့ဒါ မင်းတို့အဖေတွေ စီစဉ်ထားတာ၊ ကြင်စဦး ဘုရားဖူးထွက်ကြတော့ မွန်မြတ်တာပေါ့။ အဲ့ဒီခရီးစဉ်က ပြန်လာရင် ပုလဲအိမ်မှာ ပြောင်းနေကြပေါ့။ ရော့. . . ဒီမှာ အိမ်သော့၊ မေမေတို့အကုန်စီစဉ်ပြီးပြီ"

"အမ်"

အံ့သြပြီးရင်း အံ့သြစရာတွေချည်းသာ ဆက်တိုက်ဖြစ်ပေါ်နေရပါသည်။ အိမ်အသစ်မှာ လွတ်လွတ်လပ်လပ်နေရတော့မှာမို့ ထိုပုဂံခရီးစဉ်ကြီး အခုပဲပြီးဆုံးသွားလိုက်ချင်ပါပြီ။

"ကဲ, မေမေတို့အလုပ်ရှိသေးလို့ လေယာဉ်ကွင်းလိုက်မပို့တော့ဘူး။ ဦးလှရင် လိုက်ပို့လိမ့်မယ်"

ဟုဆိုကာ ထွက်သွားကြသော အမေနှစ်ယောက်ကြောင့် သူနှင့်သူမမှာ လက်ဖဝါးချင်းရိုက်မိလိုက်ကြပါသည်။

"ဦးလှရင်ဆိုတာ ဘယ်သူလဲ ကျေးတမန်"





"ဒရိုင်ဘာလေ, မေမေ့ရဲ့ဒရိုင်ဘာ"

"ဪ, မင်းတို့အိမ်မှာက အလုပ်သမားတွေအများကြီးပဲနော်"

"လေးယောက်တည်းပါ။ ခြံစောင့်ဖေဖေ့ရဲ့လူယုံ ညီုလေးရယ်၊ ဒရိုင်ဘာ ဦးလှရင်ရယ်၊ ထမင်းချက် ဒေါ်မွှေးရယ်၊ သန့်ရှင်းရေး ဒေါ်အေးကြူရယ်"

"အဲ့ဒီလူတွေနာမည်မှတ်ရတာနဲ့တင် အလုပ်က ရှုပ်နေပြီ။ ငါတို့အိမ်မှာ တစ်ယောက်တည်းရှိတာ တိုလီထွာလီအေးပု။ ငါ့မေမေရဲ့လက်စွဲတော်လေ"

"ငါ့မေမေက ဆိုင်အလုပ်နဲ့ အားမှမအားတာ"

"နှင့်မေမေက တော်ကော်လုတာနော်"

"နှင့်မေမေလည်း လုပါတယ်"

"ဟား. . . ဟား. . . ပျော်လိုက်တာ အိမ်အသစ်ရတော့မယ်ဟေ့၊ အဲ့ဒီအခါဆိုရင် အပေါ်ထပ်က ငါယူမှာနော်။ မင်းက အောက်ထပ်မှာပဲနေ"

"နင်က အဲ့ဒီအိမ်ကို မြင်ပြီးပြီမို့လား"

"ရမ်းပြောတာလေ"

"အရှုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



''နောက်တစ်ခါ အဲ့ဒီလိုပြောရင် ဆွဲထိုးခံရမယ်''

''ရှော့. . . ဒီမှာသော့တစ်ချောင်း။ နှစ်ချောင်းဆိုတော့ အခုတည်းက အညီအမျှပေါ့''

''အင်း. . . ပုလဲမှာဆိုတော့ အစွန်ကြီး။ သွားလာရတော့ခက်ခဲမှာ''

''နားအေးတာပေါ့. . . တိတ်တိတ်ဆိတ်ဆိတ်မို့ ငါတော့ကြိုက်တယ်''

''မင်းက ကားရှိတာကိုး''

ဟုပင် ငေါက်ဆတ်ဆတ်ကြီးပြောပစ်ပါသည်။ အဲ့ဒါတစ်ခုတော့ မိဘတွေကို သူမ မကျေနပ်ချင်ပါ။ သူမရဲ့အသက်အရွယ်နဲ့ဆို သူမဖို့ ကားတစ်စီးလောက်တော့ ပေးထားသင့်ပြီမဟုတ်ပါလား။ အခုတော့ ကျေးတာမန်ကရှိပြီး သူမမှာတော့မရှိ၍ နည်းနည်းတော့ အောင့်နေသလားလို့။

''ကဲ. . . ပြင်ဟာ။ အခုချိန်တည်းက ပြင်ပါမှ ကွက်တိညားမှာ''

''ဟင်း. . . ကူးတော့ ငါ့ကိုမျှော်နေတော့မှာပဲ''

''စိတ်မချရင် နင်သွားလိုက်လေ။ ငါတစ်ယောက်တည်း သွားလိုက်မယ်''





ဟု ခပ်ရွှဲ့ရွဲ့ပြောလာချိန်မှာတော့ သူမက အောက်နှုတ်ခမ်းကို မြုပ်အောင်ကိုက်ကာ လက်သီးဆုပ်ကြီးနှင့် သူနောက်စေ့ကိုချိန်ရွယ်ပစ်လိုက်ပါသည်။

သူကတော့ ဘာမှမသိသူမို့ သူမကို ဆက်ရန်မတွေ့နိုင်ရှာပါ။ သူကတော့ အနုစိတ်ဆန်ကာ အသေးအဖွဲ့ကအစ မှမ်းမံပြင်ဆင်တတ်သူမို့ ဒီခရီးလေးနှစ်ရက်မျှအတွက် အမြဲသုံးနေကျပစ္စည်းမှန်သမျှ ဘီးပင် မကျန်ရလေအောင် အဝတ်အိတ်ကြီးထဲ ထည့်နေပေမယ့် သူမကတော့ အပျင်းကြီးသူပီပီ တွေ့ကရာကိုဖြစ်သလိုကောက်ထည့်ပြီး ခုတင်ပေါ်မှာသာ မှောက်အိပ်နေခဲ့ပါသည်။

ခဏအကြာမှာ ဦးလှရင်ဆိုသူက တံခါးခေါက်လာ၍ သူရောသူမပါ အိတ်ကိုယ်စီနှင့်ဆင်းလာကြပါသည်။ သူနှင့်သူမ ကားပေါ်ရောက်ချိန်မှာတော့ သူမရဲ့ခါးကြားမှာဖုန်းက တတူတူနှင့်မြည်လာခဲ့ပါသည်။

''ဟာလို''

''. . .''

''ငါ ဒီနေ့မလာနိုင်တော့ဘူး ကူး''

''. . .''

''ကားပေါ်မှာ''



www.burmeseclassic.com

www.burmeseclassic.com



"..."

"ပုဂံသွားမလို့"

"..."

"ငါ ကူးကိုမလိမ်ချင်ဘူး။ အဲ့ဒါကြောင့် ငါမဖြေချင်ဘူး"

"..."

"ငါတောင်းပန်ပါတယ်၊ ကူး။ ငါတကယ်မလာနိုင်လို့ပါ"

"..."

ဖုန်းပြောပြီးချိန်မှာတော့ သိသိသာသာငိုင်ကျသွားသည့် သူခဘုံကို သူ တရိပ်ပာစောင်းအကဲခတ်မိလိုက်ပါသည်။

"နင့်မျက်နှာကြီးကလည်း အိုလိုက်တာ၊ ဘာဖြစ်နေတာလဲ"

စပ်ဖြီးဖြီးနှင့် သူ့မျက်နှာကြီးကိုသာ သူမ စိတ်ထွက်ပေါက်အဖြစ်ဆွဲထိုးချင်မိပါသည်။ နားထဲမှာတော့ မလာမချင်းစောင့်နေမယ်လို့ပြောလိုက်တဲ့ကူးရဲ့အသံကိုပဲ အထပ်ထပ်ကြားယောင်မိနေ၍ စိတ်ကျဉ်းကျပ်နေခဲ့ရပါသည်။

အမှန်တကယ်ပဲ သူမ မလာမချင်းမျှော်နေမည့် ကူးရဲ့ပုံရိပ်ကို အတွေးနဲ့မြင်ယောင်မိနေရတာနှင့်ပဲ သူမစိတ်ပင်ပန်းရပါသည်။ အချိန်ကုန်လို့မှ သူမ ရောက်မသွားခဲ့ရင် ဝမ်းနည်းကြေကွဲပြီး တဖြိုင်ဖြိုင်စီးကျ





နေမည့် ကူးရဲ့မျက်ရည်တွေအတွက် သူမရဲ့အတွေးထဲမှာပင် နေလို့မကောင်းနိုင်တော့။

တင်တကြွကြွနှင့် ကားပေါ်မှ ချက်ချင်းဆင်းပြေးချင်မိပါသော်လည်း အခြေအနေနှင့်အချိန်အခါတို့က သူမရဲ့အသိစိတ်ကိုချုပ်ကိုင်ထားဆဲမို့ စိတ်ရှိတိုင်း လုပ်ခွင့်မရတဲ့သူမက ပို၍ဒေါသဖြစ်ချင်နေမိပါသည်။

ထိုအချိန်မှာပင် ဖုန်းသံက တတူတူနှင့် ဒုတိယအကြိမ်ပေါ်ထွက်လာပြန်သည်။

"မြည်လာပြန်ပြီ"

"ကိုယ်စီးတဲ့မြင်း အထီးမှန်းအမမှန်းမသိဘူး။ ဒါ ငါ့ဖုန်းသံမဟုတ်ဘူး"

"အဲ. . . ဟုတ်သားပဲ၊ ငါ့ဖုန်း. ဟဲ. . . ဟဲ"

စိတ်ကျဉ်းကျပ်နေရတဲ့သူမအတွက်တော့ သူ့ရဲ့ရယ်မောသံကလှောင်ပြောင်နေသယောင်။

"ဟလို"

"..."

"ဟမ်. . . ဘယ်လို"

သူ့ရဲ့မျက်နှာပုံသဏ္ဌာန်ကို အကဲခတ်မိရသလောက်တော့ ဒါ သူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အချစ်တော်ကြီးသီအိုရမ်ဆီကဆိုတာကို သူမက အတတ်သိ သဘော ပေါက်သွားရပါသည်။

ဖုန်းပြောပြီးချိန်မှာတော့ မျက်လုံးတွေက ရောက်တတ်ရာရာနှင့် ဆောက်တည်ရာမဲ့နေသောသူ့ပုံကြောင့် သူမက သူ့ကိုလှောင်ပြောင်ချင် သွားမိပါသည်။ အဲ့ဒီလိုလှောင်ပြောင်ချင်မိတဲ့စိတ်က စောင့်နေမည့်ကူး ကိုပင် မေ့လုလု။

''ဘယ်နေရာမှာ ငါစောင့်နေတယ်၊ ချက်ချင်းလာခဲ့ပါ။ မလာခဲ့ ရင် အပြတ်ပဲနော်လို့ ပြောလိုက်လို့လား''

''သီအိုရမ်က အဲ့လိုလူမျိုးမဟုတ်ဘူး''

''နင့်မေမေဆီက သီရသလောက်တော့ နင့်ဆီက ညာစားနေ တာဆို''

''သီအိုရမ်ကို အဲ့လိုမပြောနဲ့နော်''

''သိတတ်လိုက်တာ''

''ပြဿနာပဲ။ ငါဘယ်လိုလုပ်ရမလဲ''

''ရဲငက်ထဲရောက်နေလို့လား။ ဖြစ်နေတဲ့မင်းပုံက ကသောက မျော''

''ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့တဲ့။ စားပြီးနေပြီ''





''အဲ့တော့ မင်းက လိုက်ရှင်းပေးရမယ်ပေါ့''

''အကူအညီတောင်းတာ''

''ဒါကြောင့် မင်းမေမေပြောတာပေါ့''

''အဲ့ဒီလိုမဟုတ်ဘူး။ သူက ခဏချေးတာပါ။ ပြီးရင် ပြန်ဆပ် တယ်။ ငါက မယူတာ''

''ဘာထူးလို့လဲ''

''အဲ့ဒါကြောင့် ငါ နင်တို့မိန်းမတွေကိုမကြိုက်တာ''

''မင်းမျက်နှာ ရောင်ကိုင်းသွားချင်ပြီလား ကျေးတမန်''

''လုပ်လိုက်လေ။ နင့်မျက်နှာလည်း အခုလိုလှလှပပရှိနေမယ် မထင်နဲ့''

ထိုအခါမှာတော့ စိတတ်လက်စအခံနှင့် သူမက သူ့ကိုထိုးရန် ရွယ်လိုက်စဉ် သူကလည်း တစ်ခုခုတုံ့ပြန်မည့်ဟန်နှင့်။ သို့သော် ရှေ့ခန်း ထဲမှကားမောင်းနေသော ဦးလှရင်ကိုသတိပြုမိသွားချိန်မှာတော့ နှစ် ယောက်လုံးရဲ့ဒေါသတွေက ဟန်ဆောင်ပြုံးကြီးတွေ ဖြစ်သွားရပြန်ပါ သည်။

အကဲခတ်နေသော ဦးလှရင်ရဲ့မျက်လုံးတွေကြောင့် လက်သီးဆုပ် တွေက အလိုလိုပြည်လျော့သွားကာ နူးညံ့ကြင်နာသောလက်များအသွင်



www.burmeseclassic.com

www.burmeseclassic.com



သို့ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာပင် ပခုံးလေးများကို ဟန်ဆောင်ပန်ဆောင်ကိုင်လိုက်ကြပါသေး၏။

သို့သော် နှစ်ယောက်လုံးက တီးတိုးမာန်မဲကာ လေယာဉ်ကွင်းရောက်မှတွေ့မယ်ဆိုသောမျက်လုံးများနှင့်၊ လေယာဉ်ကွင်းရောက်တော့ သူမနှင့်သူ့ကိုချကာ ဦးလှရင်က စိတ်ချလက်ချပင် ပြန်သွားခဲ့ပါသည်။

ထိုအခါကျမှ သူမနှင့်သူက လွတ်လပ်သွားကြပုံမျိုးနှင့် အသက်ကို ဝဝရှူမိလိုက်ပါသည်။

''ဒီခရီးကို နင်မလိုက်ချင်လည်းရတယ်နော် သုခဘုံ''

''မင်းမသွားရင် သီအိုရမ်က ရဲစခန်းရောက်တော့မှာ။ ဟဲဟဲ. . . ပုဂံကပြန်လာရင်တော့ သီအိုရမ်ကို အချုပ်ထဲမှာ တွေ့ပေဦးပေါ့။ မင်းကို မုန်းတယ်၊ မလာနဲ့လို့ သီအိုရမ်က ပြောမှာသေချာတယ်''

ထိုစကားကြားချိန်မှာတော့ သူ့အတွေးတို့က ကစဥ့်ကလျားဆောက်တည်ရာမဲ့ဖြစ်ကုန်ရပါသည်။ သူ တစ်ခုခုကိုအပြင်းအထန်စဉ်းစားနေပုံမျိုးနှင့်။

သူမမှာ ထိုအခြေအနေကြောင့် ဝမ်းသာနေရပါသည်။ နောက်ဆုံးမှာတော့ တစ်ခုခုကို ခက်ခက်ခဲခဲဆုံးဖြတ်လိုက်ရပုံနှင့် သူမဘက်လှည့်လာကာ. . .





''ဖေဖေတို့ဆီက ဖုန်းဝင်ရင် ငါနင်နဲ့အတူရှိနေပါတယ်လို့ အမျိုးမျိုးလိမ်ပေးဟာ''

''ကောင်းပြီလေ။ သူငယ်ချင်းမို့ ငါက ကူညီလိုက်မယ်''

''ကျေးဇူးပါပဲဟာ''

''အဲ့ဒီကျေးဇူးကြီး ငါက ဘာလုပ်ရမှာလဲ။ ပေး. . . ပိုက်ဆံ''

သူမက ထီမထင်ပုံနှင့် လက်ဖြန့်လိုက်သည်တွင် သူက ကျေကျေနပ်နပ်ကြီးပင်. . .

''ဘယ်လောက်လဲ''

''နှစ်သိန်း''

''ဟမ်! မများလွန်းဘူးလား''

''အညီအမျှပေါ့။ နင့်အိတ်ထဲမှာ လေးသိန်းရှိတာ ငါသိနေတာပဲ''

''များလွန်းတယ်ဟာ။ နင့်မှာလည်း ရှိနေတာကို''

''မုသားစကားဆိုတာ ထိန်းသိမ်းရတယ်။ ငါက ငါးပါးထဲကတစ်ပါး ငရဲခံပြီးလိမ်ရမှာ။ အဲ့လောက်တော့ တန်တယ်။ မပေးချင်ရင်လည်း ရတယ်နော်။ သိပ်ပြဿနာမရှိဘူး''

ဟု သူမက မာရေကျောရေနှင့် ပြောချပစ်လိုက်သည်တွင် သူက ကျောပိုးအိတ်ကို ပျာပျာသလဲနှိုက်ကာ သူမကို ပိုက်ဆံတစ်ထပ် ပစ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါသည်။

မကျေမနပ်ကြီးမှန်းသိပေမယ့် သူမက ပြုံးပြုံးကြီးပင် လှမ်းယူ ဖြစ်သွားသည်။ သူက တော်တော်နာတင်းနေသည်ထင်ပါရဲ့။ ပိုက်ဆံကို ပစ်ပေးပြီး စကားပင် တစ်ခွန်းမျှမဆိုတော့ဘဲ အိတ်ကြီးဆွဲကာ လှည့် ထွက်သွားခဲ့ပါသည်။

ခပ်ပိုင်ပိုင်နှင့် သူ့ပုံက မြင်ကွင်းထဲပျောက်ကွယ်သွားချိန်မှ သူမက လေယာဉ်လက်မှတ်ကို အမှိုက်ပုံးထဲထည့်ကာ တက္ကစီငှားပြီး ကူးရှိရာ သို့ အမောတကောပြေးလာခဲ့ပါသည်။

သူမရောက်တော့ ကန်ရေပြင်ကြီးကိုငေးကြည့်နေသော ကူးကို စိတ်မကောင်းဖွယ် တွေ့လိုက်ရပါသည်။

"ကူး"

"ဟင်! သုခ"

မျက်ရည်ဥလေးများပြည့်အိုင်နေသော ကူးရဲ့မျက်ဝန်းက သူမကို ဝမ်းနည်းစေရပါသည်။

"ကျေးဇူးတင်ပါတယ်။ ရောက်လာပေးလို့"

"လာမှာပေါ့ ကူးရယ်။ ကူးခေါ်ရင် မလာဘဲ ဘယ်တုန်းကရှိ လို့လဲ"





"ကူး ဝမ်းနည်းနေတယ်"

ထိုအခါမှာတော့ သူမက အိတ်ကိုဖြစ်သလိုချကာ ကူးရဲ့ပခုံးစွန်း လေးကို ကြင်နာစွာဆုပ်ကိုင်ထားမိပါသေးသည်။

"အခု သုခနဲ့ဝေးသွားရသလိုပဲ။ အမြဲတွေ့နေကျအချိန်ထက် လည်း နောက်ကျတယ်။ ပြီးတော့. . . ပြီးတော့လေ"

"အခုနောက်ပိုင်း ငါနဲ့ကူးက အရင်လိုပဲ ပြန်နေရတော့မှာပါ။ အရင်ထက်တောင် လွတ်လပ်ဦးမယ်"

"ဟင်!"

"ဟုတ်တယ်။ ငါနဲ့ကျေးတမန်ကို အိမ်တစ်လုံးအပိုင်ပေးလိုက်ပြီ။ ကျေးတမန်နဲ့ငါက သူငယ်ချင်းတွေပဲ။ ကူး ငါ့အိမ်ကိုလာလည်လို့ရပြီ"

"ကျေးတမန်က ကြည်ဖြူပါ့မလား"

"ဒီကောင်ကို နှာခေါင်းကနေဆွဲပြီး ကိုင်ပေါက်ပစ်လိုက်လို့ရတယ်။ အဲ့ဒါတွေ မတွေးနဲ့။ ပိုပျော်စရာကောင်းတာတွေပဲ တွေးရအောင်"

"အိမ်က ဘယ်မှာလဲ"

"ပုလဲမြို့သစ်ဘက်မှာ။ ဝေးတော့ဝေးတယ်"

"ကူးကို အိမ်က ကားတစ်စီးဝယ်ပေးထားတယ်"

"ဟာ. . . အဆင်ပြေတာပဲ။ ဘာအမှတ်တရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် . . သူခ၊ ကူးကို အရင်လိုမဟုတ်တော့ဘူးနော်။ ဒီနေ့ ကူးမွေးနေ့လေ"

ထိုအခါကျမှ သူမက ကိုယ့်နဖူး ကိုယ်ရိုက်ချပစ်လိုက်မိသည်။ ဒါကြောင့် ကူးက သူမကိုစိတ်ကောက်နေတာပေါ့။ ချော့ရသေးတာပေါ့ ဟု စိတ်ထဲမှာ ကြုံးဝါးကာ ပူပူနွေးနွေးရထားသော ပိုက်ဆံတစ်ထပ်ကို စမ်းလိုက်မိပါသည်။

ဒီနေ့တော့ ကူးနဲ့သူမ သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်းဖြုန်းပြီး အတိုင်းမသိပျော်ရွှင်နေလိုက်ကြတာ မိုးချုပ်လို့ချုပ်မှန်းပင် မသိတော့။ မိုးမှောင်မှ သူမက အိပ်ဖို့နေရာကိုစဉ်းစားနေမိပါသည်။ သို့သော် ပူပူနွေးနွေးရထားတဲ့ အိမ်သော့တစ်ချောင်းကြောင့် အပူအပင်ကင်းမဲ့စွာပင် ကျေနပ်သွားမိသည်။

ကူးက သူမကို ခြံဝင်းဝထိပို့ပေးပြီးမှ ကျေနပ်ပျော်ရွှင်စွာပြန်သွားခဲ့ပါသည်။ ကူးရဲ့ကားလေး မြင်ကွင်းမှပျောက်ကွယ်သွားတော့မှ လက်ဖွဲ့အဖြစ်ရထားသော ထိုအိမ်ကြီးကို သူမ မျှော်ကြည့်မိလိုက်သည်။

သူမ ကျေနပ်စွာပြုံးလိုက်မိပါသည်။ အိမ်ကြီးက ကြီးပြီး လှနေလို့ပါ။ အသင့်ပါလာသောသော့တံနှင့် တံခါးကိုဖွင့်လိုက်ပြီး ကွန်ကရစ်လမ်းလေးအတိုင်း လျှောက်လာခဲ့ပါသည်။





အိမ်ကြီးတစ်ခုလုံးမှာ လရောင်၏ မှုန်ပြပြအလင်းရောင်သာရှိပြီး ပကတိတိတ်ဆိတ်ငြိမ်သက်လျက်။ သူမက အဝတ်အိတ်ကိုချကာ သော့တံနှင့် သော့ခလောက်ကိုဖွင့်မည်ကြံတော့ ပတ်ဝန်းကျင်တစ်ခုလုံး ဖြတ်ခနဲလင်းကျင်းသွားတာမို့ ရင်တစ်ခုလုံး ဟုတ်ခနဲအေးကာ လန့်ဖျပ်သွားရသည်။

မီးတွေက အိမ်တစ်ပြင်လုံး လင်းထိန်သွားတာမို့ သူမ စဉ်းစားနေမိသည်။ ဘာကြောင့်လဲ။ အိမ်ထဲမှာ လူတစ်ယောက်ယောက်ရှိနေလို့များလားဟုသံသယနှင့် အိမ်ထဲကိုနားစွင့်လိုက်တော့ လှုပ်ရှားသွားလာနေဟန် ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရသည်။

သူခိုး. သေချာပြီ။ ဒါ သူခိုးပဲဟု တပ်အပ်တွေးကာ နီးရာတုတ်တစ်ချောင်းကိုကောက်ကိုင်ပြီး သော့ခလောက်ကို အညင်သာဆုံးဖွင့်ကာ နံရံကို ကျောနှင့်တစ်သားတည်းကပ်ကာ တရွေ့ရွေ့ချဉ်းကပ်သွားခဲ့ပါသည်။

လူရိပ်က အခန်းတစ်ခုထဲမှာ ထင်းခနဲတွေ့ရတာကြောင့် သူမက ခြေဖျားထောက်ချဉ်းကပ်သွားရင်း ချောင်းကြည့်မိလိုက်သည်။ ဆံပင်တွန့်လိမ်လိမ် အရပ်မြင့်မြင့်နှင့် ထိုသူခိုးက ကျကျနနပင် သူများအိမ်မှာ ချက်ပြုတ်ကြော်လှော်နေသေးတာကြောင့် သူမစိတ်ထဲ အချဉ်ပေါက်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီသူခိုးတွေ့မယ်ဟုပင် စိတ်ထဲ အဖန်ဖန်ကြုံးဝါးမိလိုက်ကာ နူတ်ခမ်းကြီးကိုက်ပြီး အားနှင့်မာန်နှင့် တိတ်တဆိတ်ချဉ်းကပ်သွားကာ အနီးနားရောက်ချိန်မှ တုတ်ကို လေထဲအားနှင့်ဝဲကာ. . .

"ရား. . ."

ရုတ်တရက်ထွက်ပေါ်လာသော အသံကျယ်ကြီးကြောင့် သူက လန့်ပြီး ခုန်ရှောင်ပစ်လိုက်သည်တွင် သူမရဲ့ရိုက်ချက်က သူ့ခေါင်းသို့ တည့်တည့်မကျတော့ပါဘဲ ခုံပေါ်မှာ အသင့်ရှိသော ကြက်ဥ (၁၀) လုံးထဲသို့။

"ဟော့! မင်းဘာလုပ်. . ."

"သူခိုးကများ လူပြန်ဟစ်ရသေး. . . ရား"

ဒုတိယအကြိမ်ပြန်ရွယ်ပစ်လိုက်သည်တွင် သူကလည်း လန့်သွားပြီး ဒုတိယအကြိမ်ပြန်ခုန်ရှောင်ပစ်ရာ အရှိန်နှင့်ပြေးလာသောသူမမှာ အားလွန်သွားပြီး. . .

"အား. . ."

နံရံနှင့်ဦးခေါင်းတို့ ရန်ဖြစ်ကြတော့မည်အပြုမှာတော့ သူက မျိုးလို့မှားလား ကပိုကရိုရှိနေသော သူမရဲ့အကျီစကို ဖြစ်သလိုဆွဲကိုင်ထားပေးလိုက်ပါသည်။





ပူခနဲ နာကျင်မသွားသော သူမရဲ့ခေါင်းကြောင့် တင်းကြပ်စွာ စိပိတ်ထားခဲ့သောမျက်ခွံတို့ကို မရဲတရဲဖွင့်ကြည့်မိလိုက်သည်တွင် နံရံနှင့် တစ်လက်မအကွာမှာ ရပ်တန့်သွားသောကြောင့် ဝမ်းသာသွားရပါသည်။

သို့သော် ကုန်းကုန်းကြီးဖြစ်နေသော်သူမရဲ့ဝိတ်ကို အကျီစသေးသေးက မနိုင်တော့ဘူးထင်ပါရဲ့။

"အား. . ."

ဝမ်းသာမှုက နှစ်စက္ကန့်ပင် မခံလိုက်ပါ။ သူမရဲ့ဦးခေါင်းတစ်ဝိုက်မှာ ကြယ်တွေလတွေ အစုလိုက်အပြုံလိုက်ခသွားရ၏။

"ငါဆွဲပါသေးတယ်။ မင်းကိုယ်ခန္ဓာက လေးတာကိုး"

ထိုလူရဲ့အသံခပ်သြသြက သူမနားထဲ အချိုးမကျစွာဝင်လာခဲ့ပါသည်။ ထိုအခါကျမှ သူမက ဦးခေါင်းကို လက်ဖဝါးနှင့်ခပ်ကြမ်းကြမ်းပွတ်ကာ မူးဝေထုံအီစွာပင်။

"မင်းဘယ်သူလဲ"

"လူလေ"

"မင်းမှာ အမြီးပေါက်မနေမှတော့ လူမှန်းသိတာပေါ့။ မင်းက ဘာလူလဲလို့မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"လူယောက်ျားလေ"

"ငါခေါင်းမူးသွားလို့နော်။ မဟုတ်ရင် မင်းအထိုးခံရပြီသာမှတ်"

"မင်းက ဆွဲဆောင်မှုမရှိဘူးလို့ထင်နေတာ။ အမှန်တော့ မင်းက ချစ်စရာလေးပဲ။ မင်းကို ကျေးတမန် ရင်မခုန်တာ ငါအံ့သြလို့မဆုံးဘူး"

"ကျေးတမန်"

"ဟော့. . . ကားသံကြားပြီ"

ဟုဆိုကာ ထိုလူက သူမရှေ့မှထွက်သွားတော့၊ သူမမှာ ကြောင်တောင်တောင်နှင့် တောင်စဉ်မရေရာ စဉ်းစားနေမိပါသည်။ သူမက ထိုင်နေရာမှပင် မထရသေးခင်မှာ ကျေးတမန်ရဲ့အသံပျော့အိအိကိုကြားလိုက်ရပါသည်။

"သုခဘုံ့, နင် ဘာလာရှုပ်တာလဲ"

"စကားပြောတာ ကြည့်ပြော။ ဒီအိမ်ဟာ ငါနဲ့လည်း တစ်ဝက်ဆိုင်တယ်"

"နင်ဟိုတယ်မှာ အိပ်လိုက်ရင် သေသွားမှာမို့လား"

"ငါ့ကိုမချေမင်မပြောနဲ့။ ငါအချိန်မရွေးဖုန်းဆက်လိုက်ရင် နင် ဒုက္ခရောက်သွားနိုင်တယ်"

"ငါ့မှာလည်း ဖုန်းရှိနေတာပဲ။ နင့်အမေကိုသာ ကစ်ချက်ခေါ်





လိုက်ရင် နင်လည်း ငွိပဲ"

"သူက ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် နင့်အပူမပါ,ပါဘူး"

"ကျေးတမန့်. . . မင်းကလည်း ကိုယ့်မိန်းမကိုယ် အဲ့ဒီလိုမပြောသင့်ဘူး"

"ဘာ. . . ကိုယ့်မိန်းမလဲ။ သိပ်ကြည်တာ မဟုတ်ဘူးနော်"

"ဆောရီးပါဗျာ, တောင်းပန်ပါတယ်။ ကိုယ့်ကိုယ်ကိုကာကွယ်ရင်းဖြစ်သွားတာပါ။ သုခဘုံ ကိုယ့်ကိုမသိသေးဘူး။ ကိုယ့်နာမည်က သီအိုရမ်ပါ။ ကျေးတမန်ရဲ့သူငယ်ချင်း"

"ဩော်, သီအိုရမ်ဆိုတာ ရှင်ကိုး"

"ကိုယ့်ကိုသိနေတာလား။ ဩော်.ဟုတ်သားပဲ။ ဖုန်းပြောဖူးတာကို"

"သိတာပေါ့၊ အဲ့ဒီထက်အရင်ကို ကြိုသိနေတာ။ မင်းသတင်းက ကျေးတမန်အဖေရဲ့ပါးစပ်ဖျားမှာ မွှေးနေတာကို"

"ဟား. . . ဟား. . . ဟား"

"သုခဘုံ့, နင်တက်တော့။ ဒီမှာ ငါတို့ပဲ အေးဆေးနေမယ်"

"မင်းမောင်းစရာမလိုဘူး။ ငါကလည်း မင်းတို့နားမှာ တစ်စက္ကန့်



www.burmeseclassic.com

www.burmeseclassic.com



တောင် ပိုမနေချင်ဘူး''

ဟုဆိုကာ အိတ်ကိုဆွဲပြီး အပေါ်ထပ်သို့ တဘုန်းဘုန်းမြည်အောင် တက်လာခဲ့ပါသည်။

''မင်းကောင်မလေးက ချစ်စရာလေးနော်''

''ဒီလောက်ကြမ်းတမ်းရိုင်းစိုင်းနေတာ''

''ဒါမျိုးက ရှားတယ်ကွ။ မင်းကံကောင်းတယ် ကျေးတမန်။ သူမ က အရိုင်းတုံးလေး၊ မင်္ဂလာဆောင်တုန်းကတော့ သူမက ကျက်သရေရှိရှိ လှတယ်။ အခုလို ဟိုမရောက်ဒီမရောက်လေး ဝတ်စားပြင်ဆင်ထားတော့လည်း ချစ်စရာလေးပဲ။ အခုလိုပုံနဲ့ သူမ ပိုလိုက်သလိုပဲ''

''သီအိုရမ်, သုခဘုံအကြောင်း နင်မသိသေးလို့ ဒီလိုပြောတာနော်''

''ငါတို့ ဒီနေ့ဘယ်မှာအိပ်မလဲ''

''အပေါ်ထပ်မှာလေ။ နှစ်ခန်းရှိတာပဲ''

''မင်းက မင်းမိန်းမနဲ့မို့ ငါ့အတွက် အိပ်ရာက မရှိဘူး''

''ငါ့မိန်းမမဟုတ်ဘူး။ ငါနဲ့သူက ဘာမှမဟုတ်ဘူး။ အား. . . ပြောရတာ နားရှုက်ပူလိုက်တာ''

''ဩော် ဒီလိုလား။ ဒါဆို''





''တော်ပြီဟာ, ဗိုက်ဆာပြီ။ စားစရာရှိတာ စားရအောင်''

''ကျေးဇူးပဲ ကျေးတမန်, မင်းရောက်လာလို့။ မင်းကသူငယ်ချင်းကောင်းပဲ''

''မင်းရေးတဲ့သီချင်းကို တေးသံသွင်းက လက်ခံသွားလို့ ငါက ပျော်နေတာ''

''နောက်ဆို ငါ မင်းဆီက ချေးထားတာတွေအကုန်လုံး အတိုးနဲ့ပေါင်းပြီး ဆပ်နိုင်ပြီ''

''မင်း အဲ့ဒီလိုမပြောနဲ့ သီအိုရမ်။ အဲ့ဒီလိုဆို ငါစိတ်ဆိုးတယ်''

''ဆောရီး, မင်းလိုကောင်နဲ့ငါခင်ရတာ ငါ့အတွက် ဘုရားပေးတဲ့လက်ဆောင်ပဲ''

''ဒါနဲ့ မနက်ဖြန် တနင်္ဂနွေလေ။ မင်း ဘုရားကျောင်းမတက်ဘူးလား''

''တက်မှာ။ ငါစောစောပဲ လိုင်းကားစီးပြီးပြန်မယ်''

''ငါ နှင့်ဘုရားကျောင်းကိုမလိုက်ဖြစ်တာ နှစ်ပတ်ရှိသွားပြီ''

''ဖာရ်သာက မင်းကိုမမြင်လို့ မေးနေသေးတယ်''

''ငါ မင်းနဲ့ဘုရားကျောင်းလိုက်တက်နေတာ ဖေဖေသိသွားလို့ ကျိတ်ဆူတယ်''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဖားသားကြီးက ငါ့ကိုဘာညာမသမုတ်ပြန်ဘူးလား"

"တောင်းပန်ပါတယ်"

"ငါတို့ကြားမှာ ဒါတွေမလိုဘူး။ ကဲ. . . ငါအိပ်ချင်ပြီ"

သီအိုရမ်ရဲ့လှုံ့ဆော်စကားကြောင့် စားလက်စပန်းကန်များကို ဖြစ် သလိုပစ်ထားကာ အပေါ်ထပ်သို့တက်ခဲ့ကြပါသည်။ ပြင်ဆင်ထားသော အခန်းကာ လော့ခ်ချ၍ သုခဘုံက အိပ်နေပြီမို့ ဘာမှပြင်ဆင်မထား သော ကျန်အခန်းလွတ်မှာပဲ သူနှင့်သီအိုရမ်က ဖြစ်သလိုအိပ်လိုက်ကြ ရပါသည်။

ခေါင်းအုံးမပါ၊ စောင့်မပါ၊ အခင်းမပါနှင့် သူ့ဘဝမှာ ပထမဆုံး အိပ်ဖူးခြင်းဖြစ်သည်။ စာနာမှုမရှိတဲ့ သုခဘုံကို စိတ်တိုမိသော်လည်း ယောက်ျားလေးပဲ၊ ဖြစ်သလိုအိပ်မယ်ဆိုသော သီအိုရမ်ရဲ့စကားကြော ဒေါသတွေကို မျိုသိပ်နေရတာပါ။

သို့သော် သူသိပ်တွယ်တာရသော သီအိုရမ်နှင့် နှစ်ယောက်အ တစ်ခုတင်တည်း အိပ်ဖူးခြင်းက ဒါပထမဆုံးမို့ ကျေနပ်ရပြန်ပါသည်

❀ ❀ ❀



## အခန်း (၁၂)

"အား. . . အား. . . အား"

သူမဒေါသဖြစ်ဖြစ်နှင့် သုံးခွန်းဆက်တိုက် ကုန်းအော်ပစ်လိုက်ပါ သည်။ အောက်ထပ်မှ အော်သံစူးစူးကြောင့် အိပ်ပျော်နေသောသူက ဆတ်ခနဲလန့်နိုးလာရသည်။ တစ်ခုခုပဲဆိုသောအသိကြောင့် ဘယ်ဘက် ရင်အစုံက တဒိုင်းဒိုင်းတုန်လာပြီး ထိတ်လန့်သွားပေမယ့် အိမ်အောက် ထိသို့ အမောတကောပြေးဆင်းဖြစ်ခဲ့ပါသည်။

"ဘာဖြစ်တာလဲ"

သူ မောရှုပင် မဆုံးသေးပါဘဲ ညတုန်းက သူနှင့်သီအိုရမ်စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ထားကြသော စားပွဲဝိုင်းကို ငူငူကြီးကြည့်ပြီး ရပ်နေသော သုခဘုံကြောင့် စိုးရိမ်သွားမိတာနှင့် မတန်လိုက်လေခြင်းဟု ဒေါသထွက်သွားမိပါသည်။

"သုခဘုံ, နင်တရားလွန်နေပြီနော်"

"ကျေးတမန်, မင်းကို ငါ အစိမ်းလိုက် ဂျွတ်ဂျွတ်ဝါးစားချင်နေပြီနော်"

"မင်းက ဘီလူးလား"

"ဒါတွေဘာလုပ်ထားတာလဲ။ ဒီအိမ်က လူနေအိမ်နော်။ ကြွက်ဘုံမဟုတ်ဘူး"

"အဲ့ဒါ နင်ပြောမှလား။ သိတာပေါ့"

"အခုဒီမှာ ဘာဖြစ်လို့ ကြွက်သိုက်ဆောက်ထားသလဲ"

"အမယ်လေး, သူကပဲ ကမ္ဘာ့အသန့်ရှင်းဆုံးလူကျနေတာပဲ"

"ငါညစ်ပတ်တာက ပတ်ဝန်းကျင်ကိုဒုက္ခမပေးဘူး။ မင်းညစ်ပတ်တာက တစ်လောကလုံး နံဟောင်နေပြီ။ ပုပ်နံ့သိုးနံ့တွေနဲ့။ စားပြီးရင်သိမ်းရတယ်ဆိုတာ မသိဘူးလား"

"မင်းတော်တော် ဆရာလုပ်ပါလား သုခဘုံ"

သူမ တစ်ခုခုပြန်ပြောဖို့ ကြံရွယ်လိုက်စဉ်မှာ သူမရဲ့အကျီအိတ်





ထောင်ထဲမှဖုန်းက တတူတူနှင့်မြည်လာ၍. . .

"ခဏလေး, ငါဖုန်းကိုင်လိုက်ဦးမယ်။ ပြီးမှ မင်းနဲ့ငါဆက်တွေ့မယ်"

"ဟလို"

"သမီးအဆင်ပြေရဲ့လား"

"ဩော်. . . ဟုတ်ကဲ့, အဆင်ပြေပါတယ်"

"သားရော"

"ဟုတ်ကဲ့။ ဘေးနားမှာရှိပါတယ်"

"ဩော် အင်း. . . အင်း, သားဖုန်းကို တစ်ချိန်လုံးခေါ်နေတာခေါ်မရဘူးဖြစ်နေတယ်။ သမီးတို့ ဘယ်ဟိုတယ်မှာရောက်နေကြတာလဲ။ မေမေတို့စီစဉ်ပေးထားတဲ့နေရာမှာ မတည်းဖြစ်ဖူးလား"

"အင်း, အဲ့. . . အဲ့တာ ဩော် ကျေးတမန်, သူ၊ သူ့ရဲ့သူငယ်ချင်းအိမ်မှာ တည်းဖြစ်ကြတယ်"

"ဩော် အဲ့လိုလား။ ပျော်ကြတယ်မဟုတ်လားသမီး"

"ဟုတ်. ပျော်. . . ပျော်ပါတယ်"

"အေးအေး. . . ပျော်သလောက်နေပြီးမှပြန်လာခဲ့။ အခုပဲ မေမေတို့ သမီးတို့ရဲ့ပုလဲအိမ်ကိုသွားနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်!"

"လိုအပ်တဲ့ပစ္စည်းတွေ နေရာချထားပေးမလို့။ သမီးမေမေနဲ့ စကားပြောဦးမလား"

"မ. . . မ. . . မပြောတော့ပါဘူး"

ဟုပင် ခပ်မြန်မြန်ဆိုကာ ဖုန်းကိုကြောက်အားလန့်အားနှင့်ပိတ် ချပစ်လိုက်တော့ ကျေးတမန်က သူမကို စိတ်ဝင်တစားနှင့် ကြည့်လာပါ သည်။

"ဘယ်လိုလုပ်ကြမလဲ"

"ဘာလဲ"

"သူတို့ ဒီအိမ်ကိုလာနေကြပြီ"

"လာမှာ. . . ဟမ်"

"ဘယ်လိုလုပ်ကြမလဲ ကျေးတမန်။ ဒီကိစ္စသာပေါ်သွားရင် ပြန် အသိမ်းခံရမှာ သေချာတယ်။ မလွတ်မလပ်နဲ့ တစ်အိမ်မှာ (၃)ရက်စီ ပြောင်းနေရရင် ဘယ်လိုလုပ်မလဲ"

"မုန့်ဖိုးပါဖြတ်လိုက်ရင် ပိုပြဿနာတက်မှာ"

"ဘယ်လိုလုပ်ကြမလဲ"

"ပုန်းမယ်လေ။ ပုန်းကြမယ်"





ထိုအခါမှာတော့ သူမက ကျေးတမန်ရဲ့ခေါင်းကို ခုန်ခုန်ပြီး နှစ် ချက်ရိုက်ပစ်လိုက်သည်။

"ဘာလုပ်တာလဲ"

"ဒီမှာ နင်မျှုထားတာတွေ မမြင်ဘူးလား။ ဘယ်လိုရှင်းမလဲ"

"အဲ. . . ပြဿနာပဲ၊ ငါ ညတုန်းက ကားကိုထုတ်စီးပြီး ဂိုဒေါင် ထဲ ပြန်မသွင်းထားဘူး"

ထိုအခါမှာတော့ သူက စားပွဲပေါ်မှကားသေးသေးကိုဆွဲယူကာ ကား ကိုအမြန်ဆုံး ဂိုဒေါင်ထဲသွင်းပါတော့၏။ သူမကလည်း မနေနိုင်မထိုင် နိုင်ပင် စားပွဲပေါ်မှအမှိုက်များကို အမှိုက်အိတ်ထဲထည့်ကာ ဖြစ်သလိုပင် အပြင်သို့လွှင့်ပစ်,ပစ်ပြီး စားထားသောပန်းကန်တွေနှင့်ခွက်တွေကို ဖြစ် သလို မြန်မြန်ကြီးဆေးပစ်ကာ သင့်တော်ရာမှာ တင်ထားပြီး လိုက်ကာ ကို ပြန်ဆွဲတင်ပြီးချိန်မှာတော့ ကျေးတမန်က သူမနားရောက်လာခဲ့ပါ ပြီ။

"အနံ့. . . အနံ့. . . ဟင်းနံ့ကျန်သေးတယ်"

ဟု သူကပြောကာ အပေါ်ထပ်သို့ တဘုန်းဘုန်းပြေးတက်သွား ပြီး တွေ့ကရာရေမွှေးပုလင်းကိုယူချပြီး တရှူးရှူးဖျန်းပစ်တော့၏။

"အဆင်ပြေသွားပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ကားသံကြားတယ်"

ဟုနှစ်ယောက်လုံး ပြိုင်တူပြောကာ သူ့ထက်ငါ အရင်ဦးအောင် လှေကားကိုပြေးတက်ပစ်ကြပါ၏။ ထို့နောက် စီးထားသောဖိနပ်တွေကို ချွတ်ကာ ကိုင်လိုက်ကြပြီး အဝတ်အိတ်ကြီးတွေကို ကိုယ်စီမကာ ပုန်းစရာနေရာကို အဆောတလျင်ရှာဖွေနေမိပါသည်။ သို့သော် အရေးထဲ ဒီအိမ်ကြီးမှာ ပုန်းစရာနေရာက ရှားပါးနေပါ၏။

"အိမ်က ဘာအနံ့လည်းနော် မမမြိုင်"

ဆိုသော အောက်ထပ်မှအသံကြားရတော့ နှစ်ယောက်လုံး မတိုင်ပင်ထားကြပါဘဲ သုခဘုံ တစ်ညလုံးအိပ်စက်ခဲ့သော နှစ်ယောက်အိပ်ခုတင်ကြီးအောက်သို့ ကတ်ကတ်သတ်သတ် လျှိုဝင်ပစ်ကြတော့သည်။

"ကျေးတမန်. . . မင်းဒူးကြီးကိုမြင်ရတယ်"

ဟု သုခဘုံက တိုးတိုးလေး သတိပေးလိုက်ချိန်မှာတော့ သူကပို၍ ကိုယ်ခန္ဓာကို ကွေးကိုင်းထားရပါသည်။

"သားတို့ရဲ့အိမ်မှိုလို့ထင်တယ်။ သားသုံးနေကျ ရေမွှေးနံ့ ရနေတယ်"

"မအုန်းနေတော့ သားကိုချစ်လွန်းလို့ စွဲနေတာဖြစ်ရမယ်"

"အွန်း. . . သူတို့တွေ အခုလိုအဆင်ပြေသွားကြတော့ ကျွန်မတို့





လိုမိဘတွေ စိတ်ချမ်းသာကြတာပေါ့"

"ဟုတ်ပါ့။ ဒီပုံအတိုင်းဆို ကျွန်မတို့မြန်မြန် မြေးချီရတော့မယ်နဲ့ တူတယ်"

"ဟုတ်ပါ့။ အိပ်မက်ထဲမှာတောင် မြေးရဲ့မျက်နှာ ဖောင်းကားကားကြီးက ချစ်ချင်စရာကြီး, ကြီးစိုးနေပြီ မမမြိုင်ရေ"

ထိုအသံကြားတော့ မျက်နှာချင်းဆိုင်ရှိနေကြသော သူတို့နှစ်ယောက်မှာ မှုထူသွားကြပါသည်။

"အဲ. . . မအုန်းနေ။ ဒီပန်းကန်တွေက ဘာဖြစ်လို့ အပြင်ရောက်နေရတာလဲ"

ထိုအခါမှာတော့ သူမရောသူပါ စိတ်ညစ်သွားကြပါသည်။ မပေါ်ပါစေနဲ့ဟု ဘုရားစာတွေ တတ်သလောက်မှတ်သလောက် ရွတ်ဆိုနေမိသည့်ထိပင်။

"ဟုတ်ပါ့။ ဘေစင်မှာလည်း ရေမှုန်ရေမွှားတွေနဲ့"

ထိုအခါမှာတော့ သူမက မျက်စောင်းကြီးခဲ၍ အဲ့ဒါမင်းကြောင့်ဆိုသောအကြည့်နှင့် ကျေးတမန်ကိုကြည့်လိုက်တော့ ကျေးတမန်က မျက်နှာငယ်လေးနှင့် သူမကိုကြည့်လာခဲ့ပါသည်။

"ဟင်! ဒီမှာ ဦးထုပ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . အဲ့ဒါ ကျွန်မသမီးရဲ့ဦးထုပ်"

ထိုအခါမှာတော့ ကျေးတမန်က ပြန်လည်၍ သူမကိုမျက်ထောက်ကြီးနှင့်ကြည့်ပစ်ပြန်သည်။ ဒီတစ်ကြိမ်မှာတော့ သူမကပဲ မျက်နှာငယ်လေးနှင့် လုပ်နေပြန်ပါသည်။

"ဩော် သိပြီ၊ သူတို့ပုဂံကိုမသွားကြခင် သူတို့ရဲ့မင်္ဂလာဦးအိမ်ကို လာကြည့်ကြသေးတယ်ထင်တယ်"

ထိုသို့မှတ်ချက်ချသံကြားတော့မှ နှစ်ယောက်လုံး ဟင်းခနဲချနိုင်ပါတော့သည်။ သို့သော် ကြာရှည်မခံလိုက်ပါ။ လှေကားအတိုင်းတက်လာသောခြေသံများကြောင့် အသက်ပင်ရဲရဲမရှူဝံ့တော့။

"ဒီမှာချ။ ပြီးရင် ကားပေါ်မှာပဲ စောင့်နေတော့ ညီလေး၊ အစ်မပြီးရင် ဆင်းလာခဲ့မယ်"

"မအုန်းနေရယ်. အဲ့လောက်ထိ လုပ်မပေးပါနဲ့။ မိန်းကလေးပဲ၊ အိမ်မှုကိစ္စတော့လုပ်နိုင်ရမှာပေါ့"

"ဖုန်စုပ်စက်လေးနဲ့ဆိုတော့ သက်သာတာပေါ့ မမမြိုင်ရယ်။ သမီးက နုနုဖတ်ဖတ်လေးနဲ့။ နောက်ကိုယ်ဝန်တွေဘာတွေရလာရင် မလွယ်ဘူး။ ကလေးတွေ လွတ်လွတ်လပ်လပ်နေရအောင်လို့သာ ခွဲထားရတာ။ စိတ်တော့မချချင်ဘူးရှင့်"





"အဲ. . . အခန်းတံခါးကြီးကလည်း ပွင့်လို့ပါလား"

ဟုဆိုကာ အခန်းထဲသို့ တန်းတန်းမတ်မတ်ကြီးဝင်လာကြ၍ သူနှင့်သူမှာ အနေကျုံ့သည်ထက် ကျုံ့သွားကြကာ ထွက်သက်ဝင်သက်ပင် မှမမှန်နိုင်လောက်အောင် တစ်ယောက်ကိုတစ်ယောက် ပူးကပ်ထားမိကြပါသည်။

"ဒီကလေးတွေ သူတို့ရဲ့မင်္ဂလာအခန်းကိုတောင် ဝင်ကြည့်ထားကြသေးတယ်ထင်တယ်။ အိပ်ရာခင်းတွေ တွန့်ကြေနေတယ်"

"ဟင်းဟင်း. . . မအုန်းနေရေ ကျွန်မတို့တော့ မြေးချီရမှာ သေချာနေပါပြီ။ ဟင်း. . . ဟင်း. . . ဟင်း"

"မင်္ဂလာပဲပေါ့ မမမြိုင်ရေ၊ ဟင်း. . . ဟင်း. . . ဟင်း"

ဟု ရယ်ရယ်မောမောနှင့် တံခါးကိုပိတ်ကာ ဆင်းသွားကြတော့မှ အသက်ကိုဝဝရှူလိုက်နိုင်ပါသည်။ အိမ်က ထပ်ခိုးသဖွယ်လုပ်ထားသည့်မို့ ဆင်းသွားသောခြေသံများကို အတိုင်းသားကြားနေရပါသည်။

တစ်ခဏမျှအကြာမှာ တံခါးပြန်ပိတ်အသံနှင့် ကားမောင်းထွက်သွားသံကို ရှေ့ဆင့်နောက်ဆင့် ကြားလိုက်ရတော့မှ ပုန်းနေရာ၊ နေရာကျဉ်းကျဉ်းလေးမှ အသီးသီးထွက်လာခဲ့ကြပါသည်။

သူကလည်း ညောင်းညာသွားတဲ့ ဒူးဆစ်ကွေးတို့ တံတောင်ဆစ်



www.burmeseclassic.com

www.burmeseclassic.com



တို့က ဖြည်းဖြည်းချင်းဆန့်ထုတ်နေ၍ သူမက ဘာလုပ်လို့လုပ်ရမှန်းမသိ၊ သူ့ရှေ့မှာ ရောက်တတ်ရာရာဖြစ်နေမိပါသည်။

အမှန်တကယ်တော့ အမေနှစ်ယောက်ပြောသွားသောစကားများကြောင့် သူမစိတ်ထဲ ထူပူရှိန်းမြနေရတာပါ။ ထိုစကားများကြောင့် သူ့ကိုကြည့်ရမှာ မျက်နှာပူမိနေသလို သူကလည်း သူမကိုတစ်ချက်လေးမှ လှမ်းမကြည့်လာပါ။

''စိတ်ပူစရာမရှိတော့ပါဘူး။ သူတို့ပြန်သွားကြပြီပဲ''

''ဩော်. အင်း''

''အိမ်ကြီးက ငါတို့နှစ်ယောက်အတွက် သီးသန့်လုပ်ထားသလိုပဲနော်''

''ကျေးတမန်. ဒီအခန်းထဲမှာ ငါနေမှာနော်''

''ဒါဆိုရင်တော့ ငါ့ကို ခေါင်းအုံးဘာညာတွေတော့ပေးဦး။ အဲ့ဒါတွေမပါရင် အိပ်ရတာတော်တော်မလွယ်ဘူးဘဲ''

''အမှန်တကယ်တော့ အိမ်အောက်ထပ်မှာ အခန်းဖွဲ့ထားရမှာ။ အဲ့ဒါမှ မင်းနဲ့ငါ အပေါ်ထပ်အောက်ထပ်။ အခုတော့ ဆိုးပါတယ်။ အောက်ထပ်မှာက အိပ်ခန်းမရှိဘူး''

''အခုလည်း အဆင်ပြေပါတယ်။ တစ်ယောက်တစ်ခန်းပေါ့။ ငါ





ကတော့ သီအိုရမ် ခဏခဏလာလို့ရတာနဲ့ပဲ ပျော်နေပြီ''

''ကူး.လာရင်လည်း မင်း လူကြီးတွေကို မတိုင်ပြောရဘူးနော်''

''အတူတူပဲပေါ့''

''အဲ့ဒါဆို မင်းနဲ့ငါ သူငယ်ချင်း''

ဟုအော်ကာ လက်ဝါးချင်းရိုက်ပစ်ကြပြန်ပါသည်။

''ငါတို့အိမ်က နည်းနည်းအဆင်မပြေဘူး။ သန့်ရှင်းရေးလုပ်ပြီး ပစ္စည်းတွေနေရာချကြရင် မကောင်းဘူးလား''

''ဒါပေမဲ့ အခုလောလောဆယ် ဗိုက်ဆာနေတယ်''

''ဒါဆို ငါ ကားထုတ်လိုက်မယ်။ ငါတို့တစ်ခုခုစားပြီးမှ''

''အိုကေ. . . ဒါကောင်းတယ်''

ဟုအခုကျပြန်တော့လည်း အပေးအယူမျှတစွာပင် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းအရင်းကြီးများပမာ တစ်သားတည်းကျလျက်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ညတုန်းက လွတ်လွတ်လပ်လပ်ကြီး အိပ်ပစ်လိုက်ရလို့လားမသိ။ အခုလိုနိုးလာတော့ ကြည်လင်နေရပါသည်။ ခါတိုင်းလို အိပ်ရာထဲမှာ ဇိမ်ဆွဲနေရင် ပွစိပွစိနှင့် ဆူပူမာန်မဲလာမည့်မေမေလည်းမရှိ။ ကာသိ ကအောင့်ဖြစ်စရာ ကျေးတမန်ကလည်း အခုတော့ ကိုယ့်အခန်းနဲ့ကိုယ် ပို့ သူမ အကျေနပ်ကြီးကျေနပ်လျက်။

သူမက ညအိပ်ဝတ်ကိုပင် မလဲသေးဘဲ မျက်နှာလေးသစ်ကာ အောက်ထပ်ကိုဆင်းခဲ့တော့ မီးဖိုခန်းလေးထဲမှာ တစ်ခုခုလုပ်နေသော ကျေးတမန်ကိုတွေ့လိုက်ရပါသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမက ယောက်ျားလေးလို ဝတ်စားပြင်ဆင်တတ်ပေမယ့်လည်း မိန်းကလေးပဲမို့ ပင်ကိုစပ်စုတတ်တဲ့စိတ်က ရှိပြီးသားဖြစ်နေရ၍ သူ့အနားသို့ တိုးကပ်သွားမိသည်။

"ဟား. . . ပေါင်မုန့်ကိုကြက်ဥသုတ်ပြီး ကြော်ထားတာပဲ။ မွှေးလိုက်တာ"

"ငါ့တစ်ယောက်စာပဲနော်"

ထိုအခါမှာတော့ သူမစိတ်ထဲ အချဉ်ပေါက်သွားမိပါသည်။

"ကျေးတမန့်, မင်းစိတ်ပုပ်လှချည်လား"

"ဘယ်မှာပုပ်လို့လဲ။ ကိုယ့်ဟာကိုယ် နေတတ်သလိုနေတာပဲ"

"ငါ့အတွက် တစ်ခုပိုကြော်လိုက်ရင် မင်းစီးပွားပျက်သွားမှာမို့လား"

"ရေခဲသေတ္တာထဲမှာ ကြက်ဥရှိတယ်။ ပေါင်မုန့်ရှိတယ်။ နင့်မှာလက်ပါနေတာပဲ"

ဟု သူမကို ဂရုမစိုက်သလိုပြောကာ ပေါင်မုန့်ကြော်ကို ပန်းကန်ပြားထဲထည့်ပြီး အကြော်အိုးကို မီးဖိုပေါ်မှ မချလိုက်သည်တွင် စိတ်ပုပ်သောသူမက ပန်းကန်ပြားထဲမှ ပေါင်မုန့်ကြော်ကို ဆတ်ခနဲဆွဲယူလိုက်သည်။





ပူလွန်းတာကြောင့် ပြန်လွှတ်ချချင်မိပါသော်လည်း ဟိုဘက်လက်သည်ဘက်လက် ပြောင်းလွှဲကိုင်ကာ လှစ်ခနဲပြေးထွက်လာမိပါသည်။ သူမက ရုတ်တရက်ပြေးထွက်သွားတော့မှ သူထည့်ထားခဲ့သောပေါင်မုန့်ကြော်ကို ကြည့်မိလိုက်ရာ. . .

"ဟေ့. . . သုခဘုံ။ နင် ဒါဘာလုပ်တာလဲ"

သူက ဟန့်တားလိုက်ပေမယ့် သူမက လှည့်ပင်မကြည့်သွားတော့ဘဲ ပြေးထွက်သွားပါသည်။ ဒီအချိန်မှာတော့ သူက ဘာမှထပ်ပြီးစဉ်းစားမနေတော့ဘဲ ပြေးသွားသောသူမနောက်ကို ကိုင်ထားသောဇွန်းလေးချကာ ပြေးလိုက်ပစ်လိုက်ပါသည်။ အကြောင်းကတော့ သူမ ခိုးသွားသောသူ့ပေါင်မုန့်ကြော် ပြန်လုမယ်ပေါ့။

သို့သော် သိပ်လျင်လှတဲ့သူမက လှေကားတစ်ဝက်ကျိုးနေချိန်မှာပဲ သူက လှေကားစတက်ဖို့ ကြံရွယ်နေတဲ့အတွက် သူမလျှာလေးတစ်လစ် ထုတ်ပြသွားတာပင် ခံလိုက်ရပါသေးသည်။

သူလှေကားပေါ် ကသောကမျောပြေးတက်သွား၍ တစ်ဝက်ကျိုးသွားချိန်မှာပဲ သူမက အခန်းထဲသို့ဝင်သွားပြီး တံခါးဆောင့်ပိတ်သံကျိမ်းခနဲဆိုသံပဲ ကြားလိုက်ရပါတော့သည်။

သူဒေါသဖြစ်သွားမိပါသည်။ မှန်ပြားက သူ့ပါးစပ်ထဲရောက်ခါနီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လုခံလိုက်ရတာ မဟုတ်ပါလား။

"သုခဘုံ၊ မင်းတံခါးဖွင့်"

"တံခါးဖွင့်ပေးချင်မှတော့ ငါက ပိတ်ထားပါ့မလား"

"သုခဘုံ. . . မင်း ဖွင့်မလားမဖွင့်ဘူးလား"

"အားလားလား. . . ပူလိုက်တာ။ ကြက်ဥလေးက ဆိမ့်နေတာပဲ"

"သုခဘုံ. . ."

"ဘုန်း! ဘုန်း! ဒုန်း! "

"ဖွင့်"

"ငါမနက်စာစားနေတယ်နော်။ စားပြီးမှဖွင့်မယ်"

"ဟား! "

"ဒုန်း! ဘုန်း! "

"သေအောင်ထုလိုက်။ တံခါးက အသစ်ကျပ်ချွတ်ကြီးပဲ၊ ဘယ်လိုမှမပျက်နိုင်ဘူး"

"မင်းသေချင်ပြီလား"

"ဟဲ. . ဟဲ"

"အား. . ."





ဒေါသဖြစ်ဖြစ်နှင့် ကြုံးအော်နေသောသူ့အသံကို မြိန်ရည်ယှက်ရည်ပင် ပေါင်မုန့်ကြော်နှင့် မြည်းပစ်လိုက်ပါသေး၏။ တဘုန်းဘုန်းမြည်အောင်ခြေဆောင့်ကာ ဆင်းသွားသောအသံကို ပျော်ရွှင်စွာနားစွင့်မိရင်း ပူနေသေးသော ပေါင်မုန့်ကြော်ကို အရသာရှိရှိ တစ်လုတ်ချင်းစားပစ်လိုက်ပါသည်။

သူမ စားဖူးသမျှ အစားအစာတွေထဲမှာ ဒီပေါင်မုန့်ကြော်က အရသာအကောင်းဆုံးလိုလိုပင်။ လက်ထဲမှ ပေါင်မုန့်ကြော်ကုန်သွားတော့ တိတ်ဆိတ်နေခြင်းကိုသတိပြုမိသွား၍ အခန်းတံခါးကို ဟဟလေးဖွင့်ကာ ဝရန်တာမှတစ်ဆင့် မီးဖိုခန်းထဲကို ချောင်းကြည့်လိုက်တော့ ဆီအိုးတစ်လုံးနှင့်အလုပ်ရှုပ်နေသောသူ့ကိုတွေ့လိုက်ရ၍ သူမကျိတ်ပြုံးကာ အခန်းထဲသို့ ပြန်ဝင်ခဲ့ပြန်ပါသည်။

ထိုအခါမှ သူမက ပျော်ပျော်ရွှင်ရွှင်ကြီးပင် ရေကိုဖိမ်ခံကာချိုးပြီး အဝတ်လဲကာ အခန်းထဲမှ လေလေးချွန်ကာ ထွက်လာခဲ့တော့ တစ်ဖက်အခန်းထဲမှ သူကလည်း စိမ်းညိုရောင်တီရှပ်ကို စတိုင်လ်ဘောင်းဘီပွပွနှင့် လိုက်ဖက် စမတ်ကျစွာဝတ်ဆင်ပြီး ထွက်လာခဲ့၍ သူမမှာ အံ့သြသွားရပါသည်။

သူကတော့ သူမကို မကြည့်ကြည့်နှင့် ဘုကြည့်ကြည့်ကာ လှေ



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဦးဆောင်ပြီး ဆင်းသွားပါသည်။

"ကျေးတမန် မင်းဘယ်သွားမလို့လဲ"

စိတ်တိုနေခြင်းအရင်းခံရှိထားတဲ့သူက ပြန်မဖြေပါ။ ဒါကို သူမက ပြုံးစိစိလေးလုပ်ပြီး. . .

"မင်းက ဒီနေ့တော့ ဝတ်တာစားတာက စမတ်ကျလို့"

"နင့်ကို ငါစကားမပြောချင်ဘူး သုခဘုံ"

"ဩော် အဲ့လိုလား. . . ဟဲဟဲ. . . နင့်ပုံစံက အဲ့လိုမျိုးကျတော့လည်း ကြည့်လို့ကောင်းသားပဲ"

"ဂွကျကျ စွာတေးတေးပုံစံနဲ့စာရင် ငါ့ပုံက အများကြီးကြည့်ကောင်းတယ်ဆိုတာ ကိုယ့်ဟာကိုယ်သိတယ်"

"အဟွတ်. . . အဟွန့်. . . အဟွတ်"

မြှောက်ပြောလို့ပြောမှန်းမသိနေတဲ့ ကျေးတမန်ကို သူမရယ်ချင်မိပါ၏။

"ငါ ဒီနေ့ ကုမ္ပဏီသွားရမှာ။ နင့်ကြောင့် နောက်ကျနေပြီ"

"ဩော် ဒီလိုလား"

ဟု သံယောင်လေးပြောမိသောသူမရဲ့အသံက ညင်သာနေခဲ့ပါသည်။ ဘာရယ်မဟုတ်ဘဲ ကျေးတမန်နောက် တကောက်ကောက်လိုက်





နေမိသည်မှာ အိမ်အဝင်တံခါးမအထိပင်။ ကားပေါ်တက်တော့မည့် ကျေးတမန်ကိုကြည့်ရင်း သူမစိတ်ထဲ ဘယ်လိုကြီးမှန်းမသိအောင် ခံစားလိုက်ရပါသည်။

"ကျေးတမန်"

သူမခေါ်သံကြောင့် ကျေးတမန်က မျက်လွှာပင့်၍ ကြည့်လာပြန်ပါသည်။ သူမခေါ်ပြီးမှ ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားပြီးမှ ရောက်တတ်ရာရာပင်။

"စောစောပြန်လာနော်"

"ဟမ်"

"အဲ. . . သ. . . သရဲ အေး. . . အဲ့ဒီသရဲကို ငါကြောက်တယ်"

ဟုအမြီးအမောက်မတည့် တွေ့ကရာပြောချပစ်ပါသည်။ ထိုအခါတော့ ကျေးတမန်က သူမကိုပေကတိကတ်နှင့်ကြည့်သွားပြီး ပြုံးမယောင်ကော့ကွေးလာသောနှုတ်ခမ်းတစ်လွှာကို ပြန်တင်းကာ ကားထဲဝင်သွားပါတော့သည်။

ကျေးတမန်ရဲ့ကားလေး မြင်ကွင်းထဲမှပျောက်ကွယ်သွားချိန်မှ သူမက အိမ်ထဲပြန်ဝင်မည်အပြုတွင်. . .

"သုခ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ကူး"

သူမ အံ့သြသွားမိပါသည်။ ကူးက ဘယ်အချိန်တည်းက ရောက်နေပါလိမ့်။

"သုခရဲ့လူက သိပ်ဖြောင့်တာပဲနော်"

"ရောက်နေတာကြာပြီလား"

"မြင်ကွင်းက ကြည့်ကောင်းလို့ကြည့်နေတာ၊ သုခ သတိမထားမိလို့ပါ။ သုခတို့ခြံရှေ့မှာ ကူးရဲ့ကားရပ်နေတာကြာပြီ"

"ဆောရီးနော်. . . ကူး"

"သုခရဲ့စကားကြီးက ကူးအပေါ် အေးစက်သွားသလိုပဲ"

"အဲ့လိုကြီး အထင်မလွဲစေချင်ဘူး"

"အပြင်သွားကြမယ်လေ"

"အပြင်"

"အင်း"

အခုတော့လည်း လွတ်လပ်သွားတဲ့သူမက ကူးနဲ့အတူ အပြင်သွား ပျော်ရွှင်ရမှာကို အပြစ်မကင်းသလိုခံစားနေရပါ၏။

"သုခ အပြင်မသွားချင်ဘူးလား"

"အဲ့လိုမဟုတ်ပါဘူး"





"ဒါဆို ဘာဖြစ်လို့လဲ"

"အဲ"

အကြောင်းပြချက်ဆိုတာ မယ်မယ်ရရမရှိ၍ စဉ်းစားရကြပ်သွားပါ၏။ သူမ တွေးမိတွေးရာ တွေးပစ်လိုက်ရာ ကျေးတမန် စားသွားသော ကော်ဖီခွက်နှင့် ပေါင်မုန့်ကြော်ထည့်ခဲ့သောပန်းကန်ပြားကို သတိရသွားပါသည်။

"ပန်းကန်ဆေးရဦးမယ်"

"ဪ. ဒါများ သုခရယ်။ ကူးလုပ်ပေးမှာပေါ့"

ဟုဆိုကာ သူမကိုကျော်ပြီး အိမ်ထဲဝင်သွားပါသည်။ အင်္ကျီလက်ကိုပင့်ကာ ရယ်ဗလွန်ကိုဝတ်လိုက်ပြီး ကျေးတမန်စားသွားသော ပန်းကန်တွေကိုဆေးကာ မီးဖိုခန်းကို ပြန်ပြီးသန့်ရှင်းရေးလုပ်နေသော ဝတ်မှုန်ကူးကို ငေးကြည့်နေမိပါသည်။

ဘဲဥပုံမျက်နှာကျလေးမှာ ဆံပင်နီညိုရောင် ပျော့ဖြော့ဖြော့လေးများနှင့် ကျစ်လစ်ပိန်သွယ်သောကူးက သူမမျက်စိထဲမှာ သိပ်လှနေပါသည်။ အမြဲတမ်း ပလက်တီနမ် ကြိုးမျှင်သေးသေးလေးများကိုသာ လိုက်ဖက်အောင် ဝတ်ဆင်တတ်သောကူးက သိပ်ချစ်ဖို့ကောင်းတယ်လို့ မြင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းကားပြည့်ဖြိုးနေသောလက်လှလှလေးမှာ အမြဲဝတ်ဆင်လေ့ရှိတာကတော့ လက်ညှိုးမှ လက်စွပ်ကြီးကြီး၊ ကြီးများပါပဲ။ ထိုလက်စွပ်ကြီးများက ကူးတစ်ယောက်နှင့်ပဲ သိပ်လိုက်သည်ဟုထင်မြင်မိပါသည်။

သူမက ဝတ်မှုန်ကူးကိုငေးကောင်းကောင်းနှင့်ငေးကြည့်နေစဉ်. . .

"ကျေးတမန်. . . ကျေးတမန်"

ဟုတကြော်ကြော်အော်ကာ ဝင်လာသာအသံကြောင့် သူမက ခပ်တည်တည်ပင် အိမ်ရှေ့ခန်းထဲထွက်ကာ. . .

"ဘာကျေးတမန်မှမရှိဘူး"

"ဟမ်. . . အစောကြီးရှိသေးတာပဲ။ ဘယ်သွားသလဲ"

"ကုမ္ပဏီသွားတယ်။ ဒီနောက်ပိုင်း သူ့အဖေနဲ့အတူ အလုပ်လုပ်တော့မှာမို့ သူမအားတော့ဘူး"

"ဟား. . . ပြဿနာပဲ၊ ကိုယ်ဝယ်လာတာတွေ ရှုံးပြီပေါ့"

"ဟမ်. . . မင်းက ဘာဝယ်လာလို့လဲ"

"ကြေးအိုးလေ"

"ကြေးအိုး"

"အင်း၊ အဲ့ဒါ သူ့အရမ်းကြိုက်တယ်"

"ဘယ်သူလဲ သူခ"





ဟု မီးဖိုခန်းထဲမှထွက်လာသော ကူးကဆိုလာပါသည်။ ထိုအခါမှာတော့ သုံးယောက် မျက်နှာချင်းဆိုင်တွေ့လိုက်၍ သူမက ထိုလူနှင့် ကူးကို မိတ်ဆက်ပေးရမလို၊ မပေးရမလို ဖြစ်သွားရပြန်ပါသည်။

သူမစိတ်ထဲမှာတော့ မိတ်ဆက်မပေးချင်ပါ။ ကူးရဲ့အလှအပကို ထိုလူငေးမောမှာကို မလိုလား၍ဖြစ်ပါသည်။ ထိုအချိန်မှာပဲ အိမ်ရှေ့မှာ ကားထိုးရပ်သံကြားလိုက်ရ၍ သူမစိတ်ထဲ ပြာဝေသွားရပါသည်။

သူမက အဆောတလျင်ပင် လိုက်ကာစကိုဆွဲပင့်၍ ချောင်းကြည့်လိုက်သော သူမရဲ့မိခင် ဒေါ်မမြိုင်ဖြစ်နေတာကြောင့် ဘာမှမစဉ်းစားနိုင်လောက်အောင် ပူထူသွားပါသည်။

ဒီအိမ်မှာသာ ကူးကိုတွေ့သွားရင် သိပ်စွာသောမေမေရဲ့ပါးစပ်ကို သူမသိနေသည်။ သိပ်ဆိုးတာက ကျေးတမန်မရှိချိန်မှာ တခြားယောကျ်ားတစ်ယောက်က သူမတို့အိမ်မှာရှိနေခြင်းပင်။

ဒါကိုသာ မေမေသိသွားရင် လွတ်လပ်ခွင့်တွေ အကုန်ဆုံးရှုံးတော့မှာပဲဆိုတာ တွေးလိုက်မိချိန်မှာတော့ သူမက ဘာမှရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သီအိုရမ်လက်ကိုရော၊ ဝတ်မှုန်ကူးလက်ကိုပါ ဆတ်ခနဲဆွဲကိုင်ပြီး လှေကားအတိုင်း အမြန်ဆုံးဆွဲတက်လာကာ ကျေးတမန်ရဲ့အခန်းထဲ ဆွဲသွင်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နနဖြစ်နေသောထိုနှစ်ယောက်မှာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့်. . .

''ဘာလုပ်တာလဲ''

''ဒီအခန်းထဲမှာ တိတ်တိတ်ကလေး ခဏသည်းခံပြီး နေပေးကြပါ။ ငါပွင့်မပေးမချင်း ထွက်မလာကြနဲ့နော်။ အရေးပေါ်အခြေအနေ''

ဟု အစမရှိအဆုံးမရှိဆိုကာ လှစ်ခနဲပြန်ထွက်မည်ကြံတော့. . .

''သုခဘုံ. . . ဒီက ကြေးအိုး''

ဟု လက်ထဲမှအထုပ်ကိုပြလာ၍ သူမကပဲ စိတ်မရှည်နိုင်စွာပင် ဆတ်ခနဲဆွဲယူပြီး တံခါးကို ဂျိမ်းခနဲဆွဲပိတ်ကာ အေးအေးဆေးဆေး ပုံစံမျိုး ဖမ်းလိုက်တော့ အိမ်ထဲဝင်လာသည့်မေမေနှင့် တန်းတိုးပါသည်။

''ဟာ. . . မေမေ။ ဘယ်တုန်းက ရောက်သလဲ''

''ငါ့သမက် အပြင်သွားပြီလား''

''ဟုတ်. အခုတင်ပဲ သွားလိုက်တယ်''

''မိန်းကလေးဆိုတာ ကိုယ့်ယောကျ်ားအပြင်သွားရင် လိုက်ပို့ရင်း အိမ်တံခါးကို လုံလုံခြုံခြုံပိတ်ပြီး အိမ်မှုကိစ္စကို ကောင်းအောင်လုပ်ရတယ်။ အခုတော့ အိမ့်တံခါးက ဟောင်းလောင်းနဲ့ ညည်းပစ္စည်းတွေ ဘယ်တော့ပြောင်မလဲပဲ''





''အခုပဲ သုခ ပိတ်မလို့ ဆင်းလာတာ''

''အိမ်ထဲမှာ ဘယ်သူမှမရှိကြဘူးလား''

ထိုအခါမှာတော့ သူမမှာ မလုံမလဲဖြစ်သွားရပါသည်။ သို့သော် ာမြဲ အမေကိုလိမ်နေကျမို့ ခပ်တည်တည်ပင်။

''မရှိပါဘူး။ ဘာဖြစ်လို့လဲ''

''အိမ်ရှေ့မှာ ယောကျ်ားစီးဖိနပ်နဲ့ ဒေါက်ဖိနပ်လှလှတွေ့လို့''

''ဪ. . . ဒါလား။ ယောကျ်ားစီးဖိနပ်က ကျေးတမန်ဟာလေ''

''ဒါဆို ဒေါက်ချွန်ချွန်ကရော ညည်းဟာလား''

''ဟုတ်တယ်. . . သုခဟာ''

''ညည်း ဘယ်တုန်းက ဒါမျိုးဒေါက်တွေ ဝယ်စီးတတ်သွားတာလဲ''

ဟုမေမေက မယုံသင်္ကာနှင့်မေးကာ သူမရဲ့နောက်ကျောဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်သည်တွင် သူမ ပြာသွားရပါသည်။

''ကျေး. . . အဲ. . . ကျေးတမန်။ သူလက်ဆောင်ပေးထားတာ''

''ဪ. . . ဒီလိုလား။ ငါ့သမက်လေးက ဘယ်ဆိုးလို့လဲ။ ငါ့သမက်လေး ဒီလောက်ကောင်းတာတောင် ညည်း ပြဿနာလုပ်လို့ကတော့ ငါနဲ့တွေ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဟာ. . . မေမေကလည်း သုံ့ခဘာလုပ်လို့လဲ''

''ဘာမှမလုပ်သေးလို့ပဲ၊ လုပ်ရင် ငါ့တုတ်ကလည်း ငြိမ်နေတော့မှာလား၊ နေစမ်းပါဦး. . . ညည်းလက်ထဲက အထုပ်ကြီးကဘာလဲ''

''အဲ. . . ဟို. . . ကြေးအိုး''

''ကြေးအိုး. . . ဟုတ်လား၊ ကြေးအိုးထုပ်ကို အိမ်ပေါ်က ယူချလာတာ ညည်းပုံက မဟုတ်သေးဘူးနော်''

''အဲ့. . . အဲ့ဒါလည်း ကျေးတမန်ပဲ၊ သုခက အခုမှအိပ်ရာထတာလေ၊ အဲ့ဒါ သူက သုခဖို့ဆိုပြီး အိမ်ခန်းပေါက်ဝ၊ အဲ့. . . အိပ်ခန်းထဲမှာ လာထားသွားလို့''

''အမယ်လေး. . . ငါ့သမက်လေးက ကြင်နာတတ်လိုက်တာ၊ ဟမ်း. . . ညည်းက ဘာဖြစ်လို့ အခုမှထရတာလဲ''

ဝွတ်ခနဲမြည်အောင် ခေါက်လာ၍ သုမခေါင်းလေး ပုခနဲ နာကျင်သွားရပါသည်။

''မေမေနော်''

''သူ့မိဘတွေကိုသာ ဒီအကြောင်းပြောလိုက်ရင် ငါအရှက်လုံးလုံးမကွဲပေဘူးလား သုခဘုံ''

''သူက အဲ့လိုမျိုးတွေ တိုင်တိုင်တောတော မပြောတတ်ပါဘူး''





သုမက ကျေးတမန်ကို ကာကာကွယ်ကွယ်လေးပြောလိုက်တော့ အပြုံးလေး ဝိုးတဝါးစိုစွတ်သွားတဲ့မေမေရဲ့မျက်နှာကြောင့် သုမမှာ အနေရခက်သွားရပါသေးသည်။

''မေမေ ဘာလာလုပ်တာလဲ''

''ညည်းကိုဆူနေရတာနဲ့ပဲ လိုရင်းကိုမေ့သွားတယ်။ ညည်းတို့ရဲ့မင်္ဂလာပုံ လာပို့တာ''

ထိုအခါမှ သုမက နံရံ့ဘေးထောင်ထားသော မှန်ဘောင်ကျယ်ကြီးကိုသတိပြုမိသွားရပါသည်။ ထိုမှန်ဘောင်ကျယ်ကြီးထဲမှ အပြုံးနုနုကိုယ်စီနှင့် သူနှင့်သုမက လိုက်ဖက်တင့်တယ်စွာ လှပနေခဲ့ပါသည်။

''မင်္ဂလာဦးပုံဆိုတာ အိမ်ဦးခန်းမှာ ကျက်သရေရှိရှိချိတ်ထားရတယ်''

''ဟာ. . . မေမေကလည်း ရှုပ်ရှုပ်ယှက်ယှက်''

''ငါခေါက်ထည့်လိုက်ရ. နာတော့မယ်။ အိမ်သန့်ရှင်းရေးရော လုပ်ပြီးပြီလား''

''အင်း''

''မှန်တံခါးမှာတွေ ဖုန်တင်နေသလိုပဲ၊ အဲ့ဒါတွေရော .သုတ်။ ကျေးတမန်က အသန့်ကြိုက်တယ်တဲ့။ အလုပ်ကပြန်လာရင် စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းနေအောင် အိမ်ကလည်းသာယာမှ။ အဲ့ဒါမှ အိမ်ရှင်မဖြစ်သူရဲ့တာဝန်။ ကြားလား''

''ဟုတ်''

''အဝတ်တွေရော လျှော်သလား''

ဟုဆိုကာ သူမကိုကျော်၍ လှေကားပေါ်တက်သွားသော မေမေကြောင့် သူမှာ ပြာသွားရပါသည်။ ထိုအခါမှာတော့ သူမက လှေကားပေါ်တက်နေသောမေမေ့ရှေ့မှာ ပိတ်ရပ်ပစ်လိုက်သည်။

''ဘာလုပ်တာလဲ''

''မေမေက ဘာလုပ်မလို့လဲ''

''ဟဲ့. . . တက်ကြည့်တာပေါ့''

''သူများရဲ့အခန်း။ အဲ့ လင်. . . အဲ့ လင်မယားခန်းကို''

''ဟဲ့ ညည်းက ငါ့သမီး၊ ငါတက်ကြည့်တာ ဘာဖြစ်လဲ။ ညည်းအိပ်ရာတွေသိမ်းရဲ့လား၊ အခန်းတွေ လှည်းကျင်းရဲ့လား၊ ငါစစ်ရမယ်''

ဟုဆိုကာ သူမကိုတွန်းဖယ်ပြီး တက်သွားသောမေမေကြောင့် သူမမှာ သေချင်စော်နံသွားရပါသည်။

''ဟဲ့. . . ခေါင်းအုံးလေးက တစ်လုံးလေး၊ ကျန်တာဘယ်ရောက်နေသလဲ''





ထိုအခါမှာတော့ သူမက ဘာပြန်ဖြေလို့ဖြေရမှန်းမသိ ဖြစ်သွားရပါသည်။

''သုခဘုံ. . . ညည်း''

''မ. . . မဟုတ်ပါဘူး။ မေမေကလည်း သူကခေါင်း ခေါင်းကိုက်လို့တဲ့။ အဲ့ဒါ ခေါင်းအုံးနေလုန်းရင် ပျောက်တယ်ဆိုလို့ ခေါင်မိုးပေါ်မှာ သွားလှန်းထားတာ''

ထိုအခါမှာတော့ မေမေက သူမကိုဘာမှထပ်မပြောတော့ဘဲ ရေချိုးခန်းတံခါးကိုဖွင့်ကြည့်လိုက်၊ မှန်တင်ခုံကိုကြည့်လိုက်နှင့် ပြန်ထွက်သွားပါသည်။

သို့သော် ကောင်းသောထွက်သွားခြင်းမဟုတ်ဘဲ တစ်ဖက်အခန်းတံခါးဘက်ကပ်သွားတာကြောင့် သူမမှာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် မေမေ့ရှေ့ပြေးဝင်ကာ ရပ်ပစ်လိုက်သည်။

''ဘာလုပ်တာလဲ။ ဖယ်စမ်း''

''မေမေ ဘာလုပ်မလို့လဲ''

''အခန်းဖွင့်ကြည့်မလို့။ အဲ့ဒီအခန်းက အခန်းလွတ်ကြီးမဟုတ်လား''

''မလွတ်ဘူး မေမေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်"

"အဲ. . . စာကြည့်ခန်း။ ကျေးတမန်ရဲ့စာကြည့်ခန်း"

"အဲ့ဒါဆို ဝင်ကြည့်ဦးမှပဲ။ လိုအပ်တာ ပြင်ဆင်ပေးရအောင်"

"မဝင်နဲ့"

"သုခဘုံ. . . ညည်းဘာဖြစ်နေတာလဲ"

"ကျေးတမန်. . . သူ၊ အဲ့ဒီအခန်းထဲ တခြားလူဝင်တာ မကြိုက်ဘူး"

"ငါက တခြားလူလား။ သူ့အမေလို့ခေါ်နေရတဲ့ ယောက္ခမပဲ"

"သုခဝင်တာကို မကြိုက်ဘူး။ သူက သေသေချာချာမှာထားတာ"

ထိုအခါမှာတော့ မေမေက စိတ်လျော့သွားပုံမျိုးနှင့် လှည့်ထွက်သွားပါသည်။ ထိုအခါမှ သုမက လေပူကို ဟူးခနဲမှုတ်ထုတ်ပစ်တော့သည်။

"ကျေးတမန်. . . ကျေးတမန်ဆိုတဲ့ အခေါ်အဝေါ်ကြီးက ရိုင်းလွန်းတယ်။ ပြင်ခေါ်ပါ"

"သူ့နာမည်က ကျေးတမန်ပဲ"

"သူက ညည်းယောကျ်ားတော်တယ်။ အစ်ကိုတို့၊ ကိုကိုတို့





ဖြစ်ဖြစ် တန်သလိုခေါ်ပါလား"

"မခေါ်ချင်ပါဘူး"

"ငါထုလိုက်ရ သေတော့မယ်"

"မေမေ မပြန်သေးဘူးလား"

"မပြန်ပါဘူး။ ဈေးသွားမလို့ ညည်းကိုဝင်ခေါ်တာ"

"ဟာ. . .သုခ မလိုက်ချင်"

"ဘာမလိုက်ချင်လဲ၊ လိုက်ရမယ်။ ဈေးမလိုက်ရင် ညည်းတို့ ဘာနဲ့ချက်ပြုတ်စားသောက်မှာလဲ"

"ဟာ. . . ကိုယ်. . . ဟာ. . . အဲ. . . မဟုတ်ပါဘူး။ ကျေးတမန် ဟဲဟဲ. . . သူလေ၊ အဲ့ဒါသူနဲ့ပဲ ဈေးအတူသွားကြဖို့ ချိန်းထားပြီးသား"

"ကျေးတမန်နဲ့မို့ ညည်းကို ငါခွင့်လွှတ်လိုက်မယ်။ ကဲ. . . ငါ ပြန်မယ်။ ဘာညာမကြားချင်ဘူးနော်"

"ဟုတ်ကဲ့ပါ. . . စိတ်ချ"

သုမက လှိုက်လှိုက်လှဲလှဲကြီးပြောကာ တံခါးဝထိ မေမေ့ကိုလိုက်ပို့ပေးတော့. . .

"ခြံရှေ့က အဲ့ဒီကားက ငါဝင်လာတည်းက ရှိနေတာ"

"ဪ. . . အင်း၊ အဲ. . . အဲ့ဒါ ဟိုဘက်ခြံကကား။ မနေ့တည်း



www.burmeseclassic.com

www.burmeseclassic.com



က ရပ်ထားတာ''

သူမက ယုတ္တိမရှိပြောလိုက်ပေမယ့်လည်း မေမေက ယုံသွားကာ ရှောရှောရှူရှူ ပြန်သွားခဲ့ပါသည်။

ထိုအခါမှ သူမ ဟူးခနဲ သက်ပြင်းမှုတ်ကာ အပေါ်ထပ်သို့ပြေး တက်ခဲ့ပြီး ကျေးတမန်ရဲ့အခန်းတံခါးကိုဖွင့်လိုက်တော့ တိုးတိုးတိတ် တိတ်လေး ရယ်ပြုံးနေကြတော့ ထိုနှစ်ယောက်ကိုတွေ့လိုက်ရပါသည်။ တံခါးရွက်ကိုဖွင့်လိုက်သည့်သူမကို ထိုနှစ်ယောက်ကကြည့်ကာ. . .

''ပြန်သွားပြီလား''

''မင်းတို့ ဘာတွေရယ်နေကြတာလဲ''

''သူက ဟာသသိပ်ပြောတတ်တာသိလား သုခ။ ကူးတော့ သူ့ကိုခင်သွားပြီ''

ကူးရဲ့ပြုံးမြုံမြုံထိုစကားတစ်ခွန်းက သုခအတွက်တော့ အပြစ် စားလက်နက်ကြီးတစ်ခုလိုပင်။

''သုခ. . . ကူး ပြန်တော့မယ်''

''ဟင်! မြန်လှချည်လား။ မနေတော့ဘူးလား''

''ဟင့်အင်း၊ ဩော်. . . သုခ၊ သူက သီချင်းတွေရေးတယ်တဲ့ အဲ့ဒါ ကူး သူ့နောက်လိုက်သွားချင်လို့ သူက တေးသံသွင်းကိုသွားမှာတဲ့''





ဟုဆိုကာ သူမအဖြေစကားကိုပင် မစောင့်တော့ဘဲ ထွက်သွား ကြသော ထိုနှစ်ယောက်ကြောင့် သူမမှာ ငူငူကြီးရပ်နေမိလိုက်သည်။ သူမကိုပင် လှည့်ကြည့်မသွားတော့ဘဲ သီဒိုရမ်နှင့် ဘာပြောသွားမှန်း မသိဘဲ လှေကားကိုဆင်းသွားသောကူးကြောင့် သူမရင်ထဲ အောင့်မျက် သွားရပါသည်။

ထိုသို့နာကျင်မှုက သူမကို စွဲနှစ်ရီဝေစွာ စိုက်ကြည့်သွားသော သီဒိုရမ်ရဲ့အပြုံးယဲ့ယဲ့ကို ပြင်းထန်စွာတွန်းလှန်လိုက်ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် သူမက တံခါးကို ဝတ်ကျေတန်း ကျဖွင့်ပေးပြီး ဆက်တီပေါ်မှာ ပြန်ထိုင်နေလိုက်ပါသည်။ အိမ်ထဲဝင်လာသော ကျေးဇာမန်မှာ အထူးငြိမ်သက်နေသော သုခဘုံကြောင့်. . .

''နင် ဒီနေ့အပြင်မသွားဘူးလား''

ဟု နှုတ်ခွန်းဆက်စကားလေးစလိုက်ပေမယ့် ပြန်ဖြေသည့်အသံထွက်မလာသောကြောင့် သူမကိုပြန်လှည့်ကြည့်ပြီး ရေခဲသေတ္တာထဲမှရေဘူးကိုထုတ်ကာ ခွက်ထဲထည့်ပြီး မော့ချလိုက်သည်။ ထိုအခါမှာတော့ နံရံရဲ့အောက်ခြေကြမ်းပြင်ပေါ်မှာ ထောင်ထားသော မဂ်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပုံကြီးကိုတွေ့လိုက်ရပါသည်။

"ဟင်. . . ဒါ ဘယ်သူလာပို့သွားတာလဲ"

"ဒီနေ့ သီအိုရမ် ရောက်လာတယ်"

"ဟမ်! ဩော်"

"သူကြေးအိုးဝယ်လာတယ်။ အဲ့ဒါ ငါဗိုက်ဆာလို့ စားပစ်လိုက်တယ်"

"နင်အစားကြီးတာ ငါသိပါတယ်"

"အမှန်တကယ်တော့ ငါ အခုလည်း ဗိုက်ဆာနေတယ်။ မင်းမဆာဘူးလား"

"ငါ အပြင်က စားလာခဲ့ပြီ"

"ငါ့အတွက် ဝယ်လာပါလား။ မင်းသိပ်တစ်ကိုယ်ကောင်းပါလား ကျေးတမန်"

"ဟော့. . . အမေရိကန်စစ္စတန်ပဲ။ ကိုယ့်ကိစ္စကိုယ်ရှင်း"

သူက အဲ့လိုကြီး ခပ်တင်းတင်းပြောပစ်ပြန်တော့လည်း ငြိမ်သွားသောသူမကြောင့် သူက ပြန်ပြီးစိတ်မကောင်းဖြစ်သွားရပြန်ပါသည်။

"ဒီအထဲမှာ မုန့်တွေရှိတာပဲ။ စားလိုက်ပေါ့"

"ငါက အဲ့ဒါတွေမှမစားချင်ဘဲ။ ထမင်းစားချင်နေတာ"





"အဲ့ဒါဆိုလည်း ချက်ပေါ့"

"ငါမချက်တတ်ဘူး။ အဲ့ဒီထမင်းပေါင်းအိုးကို ဘယ်လိုသုံးရမှန်းတောင် ငါက သိတာမဟုတ်ဘူး"

"အဲ့ဒါဆိုလည်း ငတ်ပေါ့"

ဟုအမြင်ကပ်ကပ်နှင့် ပိတ်ပြောပစ်ကာ လှေကားပေါ်တက်မည်တော့ အမှတ်မထင် မီးဖိုခန်းထဲကြည့်မိသွားရာ ဆန်အသင်သင့်ထည့်ထားသောအိုးလေးကြောင့် ခြေလှမ်းတွေက တွန့်သွားရပြန်ပါသည်။

နောက်ဆုံးမှာမနေနိုင်တော့ပါဘဲ အင်္ကျီလက်ကိုပင့်ကာ မီးဖိုခန်းဝင်သွားမိပါသည်။

"သူခဘို"

"ဘာလဲ"

"လာခဲ့. . . ဒီကို။ ငါ ဒီတစ်ခါပဲ လုပ်ပြမယ်"

ဟုခြောက်ကပ်ကပ်ဆိုလာ၍ သူမမှာ ကျေကျေနပ်နပ်ကြီး ပြုံးမိပေမယ့်လည်း ဟန်ဆောင်ကာ နှုတ်ခမ်းလေးကို ထော်ထားလိုက်သည်။

သူက ထမင်းပေါင်းအိုးသုံးနည်းကို သူမကိုအသေးစိတ်လုပ်ပြကာ ရေခဲသေတ္တာထဲမှ ခရမ်းချဉ်သီးကိုထုတ်ပြီး ပါးပါးလှီး၊ ဆီအိုးတင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထည့်ကြော်ကာ အသင့်စား ငါးသေတ္တာဘူးလေးကို ဖွင့်ထည့်လိုက်ပါသည်။

သူမက ချက်ပြုတ်နေသောသူ့ကိုကြည့်နေရင်းနှင့်ပင် စိတ်ထဲ အထာမကျသလို ခံစားမိသွားပါသည်။ ထိုစိတ်က သူ့ကိုအားနာနေမိသလိုလိုနှင့် သူက အပြစ်မကင်းသလိုပင်။ သူက တစ်နေ့ကုန် သူ မလုပ်ချင်သောအလုပ်ကိုလုပ်နေရပြီး အိမ်ပြန်ရောက်တော့လည်း သူမကို ချက်ကျွေးနေရသေးတာကြောင့် သူမအားနာမိပေမယ့်လည်း မတတ်နိုင်ပါ။

"ကဲ. . . မီးဝါရင် စားလို့ရပြီ"

"ဟင်းက ဒါပဲလား"

"ဘာမှမှမရှိတာ။ ဒါပဲပေါ့"

"ငါတစ်မျိုးတည်းမစားတတ်ဘူး"

"ဘာလိုသေးလို့လဲ"

"အဲ့ဒါက အချိုကြီးပဲ။ အချဉ်လိုတာပေါ့"

"ခရမ်းချဉ်သီးနဲ့ ကြက်သွန်သုပ်ပေးမယ်။ အဲ့ဒါကလွဲရင် ကျန်တာ ဘာမှမရှိဘူး"

ဟုဆိုကာ သူက ဆက်လုပ်နေပြန်၍ သူမက သူ့ကိုပြန်ကြည့်နေ





လိုက်ပါသည်။ ဟင်းချက်နေသောသူ့ပုံစံ ရှင်းသန့်သန့်က ကြည့်ကောင်းနေ၍ သူမ တဒင်္ဂမျှ ငေးကြည့်နေပြစ်ပါသည်။

နှာတံချွန်ချွန်လေးအောက်မှာ ထူအမ်းအမ်းနှုတ်ခမ်းတစ်လွှာက စို့ရွဲကာ နီရဲနေတာကြောင့် သူက သိပ်ချောပါတယ်ဟုဆိုရမလားပင်။ ကြည်စင်ဝိုင်းစက်သောမျက်ဝန်းနှင့် ဖင်ယော်တောင် ကော့ကွေးနေသောမျက်ခုံးထူထူက သူ့ရဲ့ရုပ်သွင်ကို မိန်းကလေးတစ်ယောက်၏ အလှများအသွင်သို့ ပို့ပိုးနေသယောင်။ သို့သော် ကြံ့ခိုင်ကျန်းမာသော ကိုယ်ခန္ဓာကြီးနှင့် တည်ကြည်သောမျက်နှာပေးကြောင့် သူဟာ သိပ်ခန့်တဲ့အမျိုးသားတစ်ဦးပါလို့ပြောရမယောင်။

သူမအတွေးနှင့် ရှက်သွားမိပါသည်။ သူမဘဝမှာ ဒါဟာ ပထမဆုံး အမျိုးသားတစ်ဦးကိုစေ့စေ့ကြည့်ဖူးခြင်းမို့ ကစဉ့်ကလျားဖြစ်တည်နေသောရင်အစုံကိုလည်း မချင့်မရဲဖြစ်သွားမိပါသည်။

သို့သော် သူကတော့ စိတ်တွေပျံ့လွင့်ခြင်းမရှိ စိတ်ဝင်တစား ချက်ပြုတ်လေရဲ့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သူ ကုမ္ပဏီကိုရောက်သွားသောအချိန်မှာ (၁၀း၁၅) တိတိရှိနေပါပြီ။ ရုံးခန်းရှိရာ အပေါ်ဆုံးထပ်သို့တက်နေရပေမယ့် ခြေလှမ်းတို့က မတုံ့မရဲရှိရယ်ပါ။

တုံ့ခနဲရပ်သွားသော ဓာတ်လှေကားတွင် စိတ်လှုပ်ရှားမှုတွေက အတုံ့အရှုံးကပ်ပါလာခဲ့ပါသည်။ သို့သော် မျက်စိကိုမှိတ် အံကိုကြိတ်ကာ ကော်လံစကိုဆွဲပြင်လိုက်ပြီး လူအများကိုဖြတ်ကျော်လာကာ အတွင်းခန်းထဲသို့ တံခါးဖွင့်ဝင်လိုက်သည်တွင်. . .

“ဘုန်း!”



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုနှင့်လှမ်းပေါက်တာကို ခံလိုက်ရပါသည်။ ကုန်းကုန်းကွကွနှင့် မဝံ့မရဲဝင်နေသော သူ့ခြေလှမ်းတွေက တုံ့ခနဲရပ်သွားရပါသည်။ တော်သေးတယ်။ သူရပ်လိုက်လို့သာ။ နို့မဟုတ်ရင် သူ့နဖူးကြီး ငါး ချက်တိတိချုပ်လိုက်ရမှာ သေချာနေပါပြီ။

''ဒီအချိန် မင်းဘာလုပ်လာတာလဲ''

ဖေဖေဒေါသထွက်နေတယ်ဆိုတာ လုံးဝသေချာနေ၍ သူမှာထိုင်ရမလို၊ ထရမလို၊ ဆက်ပဲသွားရမလို၊ ရပ်နေရမလိုဖြစ်နေရပါ၏။

''မနေ့က အလုပ်စဝင်ဝင်ချင်းမို့ နောက်ကျနေတာရယ်။ အဲ့ဒါ ခွင့်လွှတ်လို့ရတယ်။ အခု မင်း ဘယ်သဝေထိုးနေတာလဲ''

သုခဘုံကြောင့်လို့မပြောဘဲ ရေငုံနှုတ်ပိတ်နေလိုက်ပါသည်။ သူပြင်ဆင်ထားသော မနက်စာကိုခိုးစားပြီး ဘယ်ထွက်ပြေးသွားမှန်းမသိသော သုခဘုံကို သူဒေါသထွက်ခဲ့ရပါသည်။ ဝဋ်လည်ပြီထင်ပါရဲ့။ အခုတော့ ဖေဖေ့ဒေါသတွေက သူ့ထံ စုပြုံနေရ၏။

''ပြောစမ်း! မင်းဘယ်သွားနေတာလဲ''

''ကျေးမှာ အပြစ်ရှိပါတယ်ဖေဖေ''

''မင်း အချိန်ဘယ်လောက်နောက်ကျသလဲ''

''တစ်နာရီနဲ့ ဆယ့်ငါးမိနစ်ပါ''





''သုံးနာရီတိတိ အချိန်ပိုဆင်းရမယ်''

''ဟမ်''

''မကျေနပ်ဘူးလား''

''ကျေ. . . ကျေနပ်ပါတယ်''

ဟု အောင့်သက်သက်ကြီးပြောပစ်လိုက်ရပါသည်။ စိတ်ထဲမှာတော့ သုခဘုံကို အဘုံးလိုက်အတစ်လိုက် ဒေါသထွက်လျက်။ သူ့စားပွဲက ဖေဖေနှင့်မျက်နှာချင်းဆိုင်စားပွဲမို့ သူအနေရကြပ်လှပါသည်။

အဲ့ဒီထိက ရပါသေးသည်။ ဖေဖေ အပြင်သွားရင် အနောက်က တကောက်ကောက်လိုက်နေရတာက ပိုဆိုးနေပါသေးသည်။ သို့သော် ဖေဖေ့ကိုကြောက်နေရ၍ စိတ်မပါပေမယ့်လည်း ကြိုးစားပြီး ဟန်ဆောင်ကာ လုပ်ဆောင်ပြရသေးတာက ပို၍ပင်ပန်းနေပါသည်။

ဒီလိုနှင့်ပဲ စိတ်ကျဉ်းကျပ်မှုများစွာနှင့် ဖေဖေ့ရှေ့ တစ်နေကုန်နေပြီးပြန်တော့ အိမ်ပြန်ချိန်ကို စိတ်မသက်သာဖွယ် ရောက်ရှိခဲ့ပြန်ပါသည်။ ဒီနေ့ ၎ င်း အချိန်ပိုပါ ပေါင်းဆင်းလိုက်ရ၍ ပိုပြီးပင်ပန်းသလို အိမ်ပြန်လည်း မိုးချုပ်သွားခဲ့ရပါသည်။

သူအိမ်ပြန်ရောက်ချိန်မှာ မိုးမှောင်နေခဲ့ပါသည်။ အိမ်တစ်ခုလုံးမှောင်မိုက်နေတာကြောင့် သုခဘုံမရှိဘူးဟု သူသိလိုက်ပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်ဝန်းကျင်အိမ်များပင် မှောင်နေတာကြောင့် မီးပျက်နေတာလား ဟု သံသယနှင့်အတူ တံခါးကို သော့နှင့်ဖွင့်ကာဝင်လိုက်တော့ မှုန်ပြပြ အလင်းရောင်ကို ခံစားလိုက်ရပါ၏။

သူက အရှေ့ခန်းတစ်ပိုက်မျက်စိဝေ့ကြည့်လိုက်တော့ ဖယောင်းတိုင်မီးလေးထွန်းကာ ဆိုဖာခုံရှည်ပေါ် အိပ်မောကျနေသော သုခဘုံကို တွေ့လိုက်ရပါသည်။

သူက သူမကိုဒေါသဖြစ်ထားသောလူမို့ ဂရုပင်မစိုက်ဘဲ အပေါ်ထပ်သို့ တန်းတက်လာခဲ့ပါသည်။ ထိုအခါမှာ လျှပ်စစ်မီးက ဖျတ်ခနဲ ပြန်ဝင်ခဲ့၍ အိမ်တစ်ခုလုံး လင်းကျင်းသွားအောင် မီးခလုတ်မှန်သမျှ ဖွင့်ကာ သူ့အခန်းထဲဝင်ကာ ခဏနားပြီး လန်းဆန်းသွားအောင် ရေချိုးပစ်လိုက်ပါသည်။

သူက ညအိပ်ဝတ်ကို လဲဝတ်ကာ ခုတင်ပေါ် လှဲနေမိပြီးကာမှ အရှေ့ခန်းဆက်တီပေါ် အိပ်ပျော်နေခဲ့သောသူမကို ဖျတ်ခနဲမြင်ယောင်မိလာပြန်ပါသည်။

တံခါးရွက်နားကပ်ကာ အပြင်ကိုနားစွင့်လိုက်တော့လည်း အသံတို့က တိတ်ဆိတ်နေ၍ သူမ အဲ့ဒီမှာပဲ အိပ်နေတုန်းပဲလားဟုတွေးမိကာ တံခါးရွက်ကိုဖွင့်ပြီး အောက်ထပ်သို့ဆင်းမည်ကြံတော့ သူမကို သူဒေါသ





သိပ်ဖြစ်ခဲ့ရတာကိုတွေးမိပြီး မဆင်းဖြစ်ပါတော့ဘဲ တံခါးရွက်ကိုကျောမှီကာ ရပ်နေလိုက်၏။

သို့သော် အက်ရှရှလည်ချောင်းက ခြောက်ကပ်လာတာမို့ ငါ ရေသောက်မှပဲလို့မှတ်ယူကာ ဆင်းလာခဲ့ပါသည်။ သို့သော် သူမအိပ်နေရာ့နေရာကိုမူ မျက်စိလေးဝေ့ကာ ကြည့်မိအောင် ကြည့်ဖြစ်လိုက်ပါသေးသည်။

သို့သော် သူမဟာသူမ အိပ်ချင်အိပ်ပစေဆိုသော စိတ်ပုပ်မျိုးမွေးကာ ရေခဲသေတ္တာထဲမှရေဘူးကိုထုတ်ပြီး ခွက်နှင့်ရေကိုမငှဲ့တော့ဘဲ မော့ချမိလိုက်သည်။

သူကလည်း သူမနှင့်အနေများလာ၍ သူ့ရဲ့ဗဟုသုတ်ခအတတ်ပညာတွေ ကူးစက်ခံရပြီထင်ပါရဲ့။ သို့သော် ရေကိုမော့ချနေရင်းပင် သူ့နှာခေါင်းထဲသို့ တူးနံ့တစ်ခုဝင်လာခဲ့ပါသည်။

သူက မီးဖိုခန်းတစ်ပိုက် ဝေ့ဝဲကြည့်ပစ်လိုက်တော့ အိုးခွက်ဆေးစရာတွေ အတုံးအရုံးပုံအောနေသည်မှလွဲ၍ တူးနေတာမတွေ့ရပါ။ ဒါနဲ့ သူ ထမင်းစားပွဲခုံပေါ်မှ အုပ်ဆောင်းဖုံးကို လှန်ကြည့်လိုက်တော့ စားစရာဟင်းအမည်စုံစုံကို စီရရီတွေ့ရ၍ သူနည်းနည်းတော့ အံ့သြသွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း တူးနံ့က တစ်စထက်တစ်စဆိုးလာ၍ သူ အိမ်အခန်း ပတ်ပတ်လည်ရှာဖွေလိုက်တော့ အငွေ့တွေအူနေသောညှော်ခန်းကို သတိပြုမိသွားပါသည်။

ထိုအခါမှာတော့ သူ ပျာပျာသလဲပြေးကာ ကြည့်လိုက်တော့ ဖယောင်းတိုင်မီး၊ မီးစာကုန်နေ၍ အောက်ခံပြား လောင်နေတာ တွေ့လိုက်ရသည်။ သူ ဘာမှအကျယ်ချဲ့ပြီး စဉ်းစားမနေတော့ဘဲ ဘေစင်မှ ရေတစ်ခွက်ကိုအမြန်ဆုံးခံကာ အားနှင့်ပက်ပစ်လိုက်တော့၏။

သည့်တွင် ရေက မီးလောင်ရာသို့ အနည်းငယ်သာ ရောက်ရှိသွားပြီး သုခဘုံရဲ့မျက်နှာပေါ်သို့ ခပ်များများရောက်ရှိသွားကာ. . .

"အား. . . ဘာလုပ်. . . ဟင်"

"မတွေ့ဘူးလား မီးလောင်နေတာ။ ငါသာ အချိန်မီမရောက်ခဲ့ရင် တစ်အိမ်လုံး ကျွမ်းသွားတာ နင်သိလိုက်မှာမဟုတ်ဘူး"

သူက ဒေါသတကြီးနှင့်ပိတ်ဟောက်ပစ်လိုကတော့ သူမက သူမ အပြစ်နှင့်သူမမို့ သူ့ကို ဘာမှရန်ထပ်မစွာပါ။

"မင်းကိုယ်မင်း သေကြောင်းကြံချင်ရင်လည်း လွတ်ရာကင်းရာမှာ လုပ်နော်။ ငါ့ကို အမှုတွဲထဲ ဆွဲမသွင်းနဲ့"

"ငြိမ်နေတာကို ဟုတ်လှပြီထင်မနေနဲ့နော် ကျေးတမန်"





"အောင်မာ. . . ပြေူးကများ ပြဲရတယ်ရှိသေး၊ နင့်ကို ငါ မနက်တည်းက ဒေါသပြစ်နေတာနော်။ အကုန်ဖုပြုသွားမယ်"

"ငါကလည်း မင်းကို ကြည့်လှတယ်များ ထင်နေသလား"

"ဖေဖေတို့မျက်နှာရှိလို့နော်။ မဟုတ်ရင် မင်းတော့လား"

"မင်းက ဘာလုပ်ချင်တာလဲ။ တစ်ယောက်ချင်း ဖိုက်ချင်တာလား"

"မင်း အဲ့လိုကြမ်းကြမ်းကြီးမပြောနဲ့ သုခဘုံ"

"ငါက မင်းကိုမေတ္တာရှိနေတယ်များ ထင်နေသလား၊ ဆော်ရီးပဲ"

"ဒါနဲ့ နေပါဦး။ အခုမီးလောင်သွားတဲ့အောက်ခံပြားကို မင်းဘယ်က ရလာတာလဲ"

ကျေးတမန်က မီးကျွမ်းလက်စပစ္စည်းလေးကို စူးစမ်းသလိုကြည့်ကာ ပြောလာသောသူမက ပလုံမလဲနှင့်. . .

"မီးထွန်းစရာ အောက်ခံပြားမရှိလို့ မင်းအခန်းထဲက စားပွဲပေါ်မှာ တွေ့တာနဲ့ ယူလာတာ"

"ဘာ!"

ဘာဆိုသောအသံမှာ ဒေါသတို့အလုံးအရင်းထွက်နေပြီး ကျယ်



www.burmeseclassic.com

www.burmeseclassic.com



လောင်သွားသောကြောင့် သူမမှာ တုံ့ခနဲလန့်သွားရပါသည်။

မှန်ပါသည်။

ကျေးတမန် သိပ်ဒေါသထွက်သွားရပါသည်။ ဖိုက်ဘာတုံးပေါ်မှ

သူနှင့်သီအိုရမ်ပုံကို ဝိုးတဝါးလေးဆွဲထားပြီး ပန်းခက်ကလေးများက

သီအိုရမ်ကိုယ်တိုင် ဆေးရောင်ခြယ်ကာ သူမမွေးနေ့မှာ အမှတ်တရလက်

ဆောင်ပေးခဲ့သောပစ္စည်းလေးဖြစ်သည်။ ထိုပစ္စည်းလေးကို သူသိပ်မြတ်

နိုးလွန်း၍ အိပ်ရာဘေးက စားပွဲပေါ်မှာထားကာ အိပ်ရာဝင်တိုင်း မြင်ပေ

ခဲ့သည်ထိ။

ထိုပစ္စည်းလေးဟာ သီအိုရမ်ဆီက ပထမဆုံးရရှိဖူးသော လက်

ဆောင်မို့ သူသိပ်တန်ဖိုးထားခဲ့ရတာပါ။ အခုတော့ သူမရဲ့နမော်နမဲ့နိုင်

မှု ကြောင့် စက္ကန့်ပိုင်းအတွင်း ပုံပျက်ပန်းပျက် မည်းတူးလို့။

သူ့ဒေါသတွေက သူမကိုစေ့စေ့ကြည့်နေရင်းပင် အထွတ်အထိပ်

သို့ ရောက်လာခဲ့ရပါသည်။ သူမကိုဆွဲရမ်းလျက် ကိုင်ပေါက်ပစ်ချင်

သည်အထိ။

"မင်း. . . မင်း"

နားထင်စပ်မှာပင် အရေးအကြောင်းများထင်လာသည်ထိ သူမကို

စူးစူးရဲရဲကြည့်နေ၍ သူနည်းနည်းတော့ ရှိန်သွားရပါသည်။ သူမျက်လုံး





ရဲရဲကြီးတွေက သူသိပ်ဒေါသထွက်နေပါတယ်ဟု သက်သေခံနေသယောင်

ပင်။

သူကသူမကို စူးစူးရဲရဲကြီး စိုက်ကြည့်နေရာမှ လက်ကိုဆတ်ခနဲ

ကြမ်းကြမ်းကြီး ဆွဲကိုင်ပစ်လိုက်ပါသည်။ သူမမှာ ဆတ်ခနဲ တုန်ရီသွား

ခြင်းနှင့်အတူ သူဆွဲကိုင်ထားသော လက်ကောက်ဝတ်ကို ဆောင့်ရုန်း

လိုက်ပေမယ့် မြဲမြဲလွန်းလှပါသည်။

သူက သူမလက်ကို ခပ်ကြမ်းကြမ်းကြီးပင် တင်းကြပ်စွာ ဆုပ်

ကိုင်ကာ အိမ်အဝင်တံခါးမဘက်သို့ တိုးကပ်သွားပြီး တံခါးရွက်ကိုဖွင့်

ကာ သူမကို အိမ်အပြင်ဘက်သို့ တွန်းလွှတ်ပစ်လိုက်သည်။

"ဂျိမ်း! "

ကျယ်လောင်သောတံခါးဆောင့်ပိတ်သံနှင့်အတူ သူမမှာ ဖိနပ်

ပင်မပါဘဲ မြေကြီးပေါ်ရောက်သွားရပါ၏။ ဘာဖြစ်လို့ အဲ့လောက်ကြီး

ဒေါသဖြစ်သွားတာလဲ။ ဘာလဲဆိုတာ စဉ်းစားမရနိုင်အောင်ပါဘဲ။ သို့သော်

သူမကလည်း အောက်ကျို့မခံချင်သူမို့ တံခါးဖွင့်ပါဟုပင် မပြောတော့ဘဲ

အိမ်ဘေးပတ်လည်ကို ကြည့်ရှုလိုက်ပါသည်။

ကံဆိုးချင်တော့ တံခါးချပ်က တစ်ရွက်မှပွင့်မနေခဲ့ပါ။ သူမနည်း

နည်းတော့ စိတ်ညစ်သွားရပေမယ့် စိတ်အားမလျော့ဘဲ၊ သေးသေးလေး



www.burmeseclassic.com

www.burmeseclassic.com



များ လွတ်နေလိုလွတ်နေငြား အိမ်ပတ်ပတ်လည်အနှံ့ လျှောက်ကြည့်ပစ်လိုက်ပါသေးသည်။ သို့သော် ကံဆိုးပါသည်။ ဒါနဲ့ပဲ သူမက လက်လျှော့ကာ ငုတ်တုတ်ထိုင်ချပစ်ပါတော့သည်။

တစ်နေကုန် ပင်ပင်ပန်းပန်းချက်ပြုတ်ထားခဲ့ရသည့်မို့ ပထမဦးဆုံးသောသူမ၏လက်ရာများကို ဗိုက်က တမ်းတလာခဲ့သည်။ သူမ စဉ်းစားမရဖြစ်နေသည်က ဒီအပေါ်စားဖိုက်ပါပစ္စည်းလေးကြောင့် သူမက အခုလို အိမ်အပြင်ဆွဲထုတ်ခံလိုက်ရခြင်းပင်။

နီမြန်းကာ ဒေါသထွက်နေသောသူ့ပုံက သူမအတွက်တော့ ပဟေဠိတစ်ပုဒ်နှယ်။ သူနှင့်သူမ အချိန်ကာလတစ်ခုအနေနှင့် နေလာခဲ့တာ ကြာပါပြီ။ သူ အခုလိုဒေါသဖြစ်တာ ဒါဟာ ပထမဆုံးမြင်ဖူးခြင်းမို့ သူမနည်းနည်းလည်းလန့်သွားမိသလို၊ ရတ်တရက်မို့ ကြောက်သွားမိတာလည်းပါနေ၍ သူဆွဲထုတ်ပစ်တာကို အံ့အားသင့်နေရင်းပင် သူမမှာ ဖိနပ်မပါ ခြေဗလာနှင့် အိမ်ကြီးရဲ့အပြင်ဘက်သို့ရောက်ခဲ့ရပါပြီ။

ဗလိုင်းကြီးသက်သက်ဆွဲထုတ်ခံခဲ့ရ၍ စိတ်တိုချင်နေပေမယ့်လည်း အကြောင်းပြချက်ကိုစဉ်းစားရတဲ့ ကျေးတမန်ရဲ့ နီမြန်းရဲတွတ်နေသော ဒေါသမျက်နှာက ပဟေဠိဆန်ဆန်မျက်နှာတစ်ခုလို မင်းမူနေခဲ့ပါသည်။

ကျေးတမန်ဘာကြောင့် ဒီလောက်ထိ ဒေါသဖြစ်သွားသလဲဆိုတာ





မျိုးကို သူမ စဉ်းစားမရနိုင်အောင်ပါဘဲ။ သူမကတော့ သူပြန်လာရင်နှစ်ယောက်လုံးအတူတူစားသောက်ကြဖို့ တစ်နေကုန်ကြိုးစားပြီး ချက်ပြုတ်ထားလိုက်ရတာ ချွေးဒီးဒီးကျလို့ကျမှန်းမသိ။ တစ်သက်လုံး ဘာမှပင်ပင်ပန်းပန်းမလုပ်ကိုင်ခဲ့ဖူးသော လက်ဖူးဖူးနုနုလေးတွေ အပူလောင်လို့လောင်မှန်းမသိ။

သူမဘဝမှာ ပထမဆုံးကြိုးစားခဲ့ဖူးခြင်းဖြစ်ပါသည်။ အိမ်အောက်ထပ်တစ်ခုလုံး ရုတ်တရက်မှောင်မိုက်သွားရ၍ သူမ ထိုင်နေရာမှ ရုတ်တရက် ထရပ်ပစ်လိုက်သည်။

အိမ်အောက်ထပ်ကြီး အမှောင်ချသွား၍ ဖြာကျနေသောအလင်းရောင်တို့က ရုတ်ချည်းပျောက်ဆုံးသွားရတာကြောင့် သူမရဲ့ပတ်ဝန်းကျင်လေးက သာမန်ထက်ပိုပြီး မှောင်သွားသလိုပင်။

အမှောင်ကြောက်သောသူမက ကျောရိုးလေးများ စိမ့်ကျင်လာမိပါသည်။ တဖြည်းဖြည်းနှင့် အပေါ်ထပ်တစ်ခုလုံးပါ အမှောင်ကျသွားခဲ့ပါပြီ။

နောက်ဆုံးတော့ ကျေးတမန်ရဲ့အိပ်ခန်းမှာသာ မှိန်ပြပြအလင်းရောင်က မပီဝိုးတဝါး ယဲ့ယဲ့လေး ကြွင်းကျန်နေရစ်ပါသည်။ ဒီပုံစံတိုင်းဆို သူအိပ်ရာထဲဝင်ပြီထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သူမက ဒီညဘယ်လိုအိပ်ရမှာလဲ၊ မြေပြင်ပေါ် ဘာအကွယ်အကာမှ ပါဘဲ သည်အတိုင်း ကျောခင်းပြီး အိပ်ရမှာလား။ အမှောင်ကြိုက်တဲ့ နာနာဘာဝတွေက ပုန်းနေရာက ထောင့်အမျိုးမျိုးက ပြူနီးစားထွက်ပေါ်လာနိုင်သေးတာက တစ်မျိုးလန့်ရပါသေးသည်။

ထိုသို့လိုအတွေးမျိုးက ရက်တရက်ဝင်လာသည်တွင် ကြောက်စိတ်များက အလုအယက်တိုးဝင်လာရပြန်သည်။ မိုးကောင်းကင်ကို မော့ကြည့်လိုက်တော့လည်း လမင်းနှင့်အတူ ကြယ်ပွင့်တွေကပါ သူမကို ပုန်းနေကြပါသည်။

ကြောက်စိတ်ကြောင့်ထင်ပါရဲ့။ ပတ်ဝန်းကျင်ကလည်း သာမန်ထက် တိတ်ဆိတ်နေသယောင်။ အမှောင်ထုကလည်း သာမန်ထက် ပိုမှောင်နေသယောင်။ လေတိုးသံကလည်း သာမန်ထက်ပိုကျယ်လောင်နေသယောင်။

သူမစိတ်ထဲသို့ ကြောက်စိတ်တွေက အလုအယက်နှင့် စဉ်ဆက်မပြတ် အလျှိုလျှိုတိုးဝင်လာချိန်မှာတော့. . .

''ကျေးတမန်. . . ကျေးတမန်''

ပင်ပန်းလွန်း၍ မှိန်းခနဲအိပ်ပျော်သွားမိရာမှ သူနာမည်ခေါ်သံကြောင့် ဖျတ်ခနဲလန့်နိုးလာခဲ့ရပြန်ပါသည်။ သူ ဒေါသထွက်သွားမိပါ





သည်။ ဒီမိန်းမ သူ့ကိုဘယ်လောက်အထိဆက်ပြီး ဒုက္ခပေးဦးမှာလဲ။

"ကျေးတမန် ငါ့ကိုတံခါးဖွင့်ပေးပါ၊ ငါကြောက်လို့ပါ ကျေးတမန်။ ငါ့ကိုတံခါးဖွင့်ပေးပါ''

ထိုအသံတွေက သူ့နားထဲ ကန့်လန့်တိုက် ဝင်ချလာခဲ့ပါသည်။ သူ့အပေါ်အမြဲအနိုင်ယူနေတဲ့သူ့ခဘုံကို သူမှတ်လောက်သားလောက်အောင် ပညာပြချင်လှပါသည်။ ဒါကြောင့်ပင် ညအိပ်မီးမှုန်ပြပြကိုပင် ပိတ်ချပစ်လိုက်သည်။

"ကျေးတမန် ငါ့ကိုတံခါးဖွင့်ပေးပါ။ ငါကြောက်လို့ပါ ကျေးတမန်ရယ်။ ငါ့ကိုတံခါးဖွင့်ပေးပါ"

သို့သော်လည်း သူက စောင်ကိုပင် ဆွဲယူလိုက်ကာ ကိုယ်ပေါ်လွှမ်းခြုံပစ်ကာ ထိုသိမ်ငယ်ငယ်အသံတစ်ခုပင် အရသာရှိရှိနားထောင်နေဖြစ်ပါသေးသည်။

"ရတယ်လေ. မင်းမဖွင့်ပေးရင်လည်းရတယ်။ မင်းလည်း တစ်ညလုံးအိပ်လို့ရမယ်မထင်နဲ့။ ငါ တစ်ညလုံး အော်နေမှာ"

ဟုသူမက မူပြောင်းကာ ညစ်ကျယ်ကျယ်လေသံမျိုးနှင့်ပြောလာပြန်၍ အမြင်ကပ်နေသည့်သူ့စိတ်ကို ပို၍တွန်းအားပေးလိုက်သယောင်။ အော်ပေ့ါ။ ဘယ်လောက်အော်နိုင်မှာလဲ၊ ကြိုက်သလောက်အော်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးတမန်. . . တံခါးဖွင့်ပေးပါ။ ကျေးတမန် တံခါးဖွင့်ပေးပါ။ ကျေးတမန် မဖွင့်ပေးရင်တော့ မင်းသေပြီသာမှတ်"

ဟု အားမာန်တင်းကာ အော်နေရပေမယ့် ကြောက်စိတ်တို့က ရင်နှင့်မဆန့်တော့။ ထိုစဉ် ကောင်းကင်ယံက သာမန်ထက် နှစ်ဆညို မည်းသွားကာ မိုးစက်အမှုန်အမွှားလေးများက မြေပြင်ပေါ်သို့ စတင်ခုန်ဆင်းလာခဲ့ပါသည်။

"ဟိုက်! မိုးရွာလာပြီ၊ ပြဿနာပဲ။ ငါ ဘယ်နားသွားနေရမလဲ"

ထိုအခါမှ သူမမှာ ပို၍ပြဿနာဖြစ်သွားရပါသည်။

"ကျေးတမန် မိုးရွာလာပြီ၊ ငါ့ကို တံခါးဖွင့်ပေးတော့၊ ငါစိတ်တိုလာပြီနော်"

အော်သာအော်နေရတာ၊ ဘသားချောက ဘယ်နတောင်ကျော်နေမှန်းမသိ။ သရဲတစ္ဆေတွေကိုယုံကြည်သောသူမက သူမနား သက်ရှိလူသားတစ်ယောက်မှ ရှိမနေကြပါလားဆိုတဲ့အသိကြောင့် ပို၍ကြောက်နေမိပါသည်။

"ကျေးတမန်, မင်းဘာကြောင့် အဲ့ဒီလိုလုပ်ရတာလဲ။ ဒီဖိုက်ဘာလေးက ဘာကြီးမို့လဲ။ မင်း အဲ့လောက်တော့ မလုပ်သင့်ဘူး။ ငါက ကြောက်တတ်တယ်။ ငါ့ကို တံခါးဖွင့်ပေးပါ။ မဖွင့်ပေးရင် မင်းတော့





မလွှယ်ဘူး"

သူမက အားယူ၍ အကြောက်ပြေအော်နေစဉ်မှာပင် မိုးစက်တွေက တဖြည်းဖြည်းစိပ်လာခဲ့ပါပြီ။

"ကျေးတမန်, ငါတောင်းပန်ပါတယ်။ ငါ့ကိုတံခါးဖွင့်ပေးပါ။ ဒီအချိန်ကြီး ငါက ဘယ်ကိုသွားရမှာလဲ။ ဒီမြို့သစ်ထဲမှာ လမ်းတွေက ဒီလောက်တိတ်ဆိတ်မှောင်မည်းနေတာ။ ငါတကယ်ကြောက်လို့ပါ။ ငါ့ကိုတံခါးဖွင့်ပေးပါ။ ငါချမ်းနေပြီ၊ ငါ့ကိုတံခါးဖွင့်ပေးပါ ကျေးတမန်ရယ်။ ငါတောင်းပန်နေတာပါ"

နူးညံ့စွာပြောဆိုနေခြင်းနှင့်အတူ မျက်ရည်ကြည်ဥလေးများပင် မျက်ဝန်းတစ်ပိုက် တွဲခိုလာရပါသည်။ မိုးရေတွေ ရွှဲစိုစပြုနေတဲ့သူမ အကျီပါးပါးကြောင့် သူမမှာ ချမ်းတုန်နေရပါသည်။

ထိုသို့ချမ်းနေသည်ထက် နောကျောဘက်မှာများ တစ်စုံတစ်ရာ ပေါ်လာလေမလားဆိုတဲ့ ကြောက်စိတ်ကပိုဆိုးမည်ထင်ပါရဲ့။

ထိုကြောက်စိတ်ကြီးက ဆိုးဝါးလွန်းလှတာမို့ ကျေးတမန်ကို ခယညွှတ်တွားဖို့ပင် ဝန်မလေးမိတော့၊ ထိုသို့ တစ်ဖက်လူကို ခယစွာ ပြောဆိုခြင်းက ဒါ သူမဘဝမှာ ပထမဆုံးရယ်ပါ။

သို့သော်လည်း ကျေးတမန်က အသိအမှတ်မပြု လျစ်လျူရှုနေ



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် သူမှာ ပထမဆုံး ကျေးတမန်ကိုမုန်းတဲ့စိတ်က ရုတ်ချည်း ဝင်ရောက်လာခဲ့ပါသည်။

သို့သော် မိုးရေတွေစိုရွှဲနေ၍ တုန်ရီအေးခဲနေသော သူမရဲ့ခန္ဓာကိုယ်ကြောင့် ဦးခေါင်းတစ်ခုလုံး မူးဝေထုံအီနေရပါသည်။ လေအဝှေ့မှာ မူးခနဲ၊ မိုက်ခနဲဖြစ်သွားသော တစ်ဆစ်ဆစ်အုံခဲနေသော ဦးခေါင်းကြောင့် လက်မောင်းသားများကပင် ပို၍လေးပင်လာသယောင်။

နောက်ဆုံးအနေနှင့် သူမရဲ့မှတ်ဉာဏ်ထဲမှာ စွဲနစ်နေအောင် မှတ်ထားမိလိုက်တာကတော့ ကျေးတမန်ကို သိပ်မုန်းသွားပါသည်ဆိုတာပါပဲ၊ ရုတ်တရက် တိတ်ဆိတ်သွားသောသုခဘုံရဲ့အသံကြောင့် စောင်ပါးပါးနှင့် မိုးအေးအေးလေးမှို့ ကွေးနေသောသူက ရုတ်ချည်းထထိုင်ကာ နားစွင့်လိုက်ပါသည်။

တဝေါဝေါနှင့် ပို၍သည်းထန်စွာရွာသွန်းနေတဲ့ မိုးသံလေသံမှလွဲ၍ တခြားဘာသံကိုမှမကြားရတော့၊ သူပြုံးလိုက်မိပါသည်။

မှတ်ထား . . . သုခဘုံ။ အဲ့ဒါ မင်းကိုပညာပေးလိုက်တာပဲဟု စိတ်ထဲမှကျိတ်ပြောကာ ပြုံးတုံးတုံးနှင့် ခေါင်းအုံးပေါ် ပြန်မှီချပစ်လိုက်ပြန်သည်။

သို့သော် ဒီလောက်မိုးကြီးသည်းသည်းထန်ထန်ရွာနေတာ သူမ





ဘယ်မှာများ သွားခိုနေသလဲဆိုတာမျိုးကို သူသိချင်လာမိပါသည်။ ဒါကြောင့်ပင် လိုက်ကာစလေးကို မရဲတရဲလေးဆွဲပင့်ကာ အောက်ဘက်သို့ နိုးကြောင်နိုးဝှက်ကလေး ကြည့်မိလိုက်စဉ်မှာ မိုးရေတောထဲမှာ တွေ့လိုက်ရသောပုံရိပ်တစ်ခုကြောင့် ဆတ်ခနဲ လိုက်ကာစကိုဆွဲချလိုက်ပြန်ပါသည်။

သူကျေနပ်သွားမိပေမယ့် မတင်မကျရယ်ပါ။

ဒါကြောင့်ပင် ဒုတိယအကြိမ် လိုက်ကာစကို ပြန်မ,ကာ ကြည့်ပစ်လိုက်ပြန်ပါသည်။ ထိုအခါမှ မိုးရေတောထဲမှာ လှဲ့အိပ်နေသော သုခဘုံကို ထင်ထင်ရှားရှားကြီးတွေ့လိုက်ရပါသည်။

သူမက တမင် သူ့ကိုဆန္ဒပြတာပဲဟု တစ်ဖက်သတ်တွေးကာ လိုက်ကာစကို ပြန်ဆွဲချပစ်လိုက်၏။ သို့သော် မတင်မကျဖြစ်နေသည့်စိတ်က ထိုမြင်ကွင်းကို မသေချာလာ၍ မီးကိုလင်းကျင်းအောင်ဖွင့်ကာ အသေအချာကြည့်မိလိုက်စဉ်မှာ ငြိမ်သက်နေသော မလှုပ်မယှက်ခန္ဓာကိုယ်ကြောင့် သူ့မျက်လုံးများမှာ ပြူးသည်ထက် ပိုင်းကျယ်သွားရပါသည်၊

"သုခဘုံ. . . သုခဘုံ"

လေှကားထစ်များကို သူဘယ်လိုလုပ်ပြေးဆင်းပစ်ခဲ့မှန်းပင် မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



''သုခဘုံ. . . သုခဘုံ''

သူဆုပ်ကိုင်လိုက်စဉ်မှာ အေးခဲနေသော သူမရဲ့လက်ဖမောင်းသား များကြောင့် သူလန့်သွားရပါသည်။ သူဘာမှစဉ်းစားမနေတော့ဘဲ မိုး ရေတောထဲမှသူမကိုပွေ့ချီကာ အိမ်ထဲသို့ခေါ်လာခဲ့ပါသည်။

''သုခဘုံ မင်းသတိရနေတယ်မဟုတ်လား။ သုခဘုံ. . . သုခဘုံ၊ မင်း ငါ့ကိုနောက်နေတာမဟုတ်လား သုခဘုံ''

သို့သော် နှုတ်ခမ်းပါးလေးများ ပြာအမ်းကာ နှမ်းလျစွာ သတိမေ့ နေသော သုခဘုံကြောင့် သူ့မှာ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားရပါ သည်။

နောက်ဆုံးမှာတော့ သူတို့ရဲ့မိသားစုဆရာဝန် ဒေါက်တာကျော် စွာကိုသတိရလာ၍ ဖုန်းကိုကောက်နှိပ်ပစ်လိုက်သည်။

''ဟလို''

အိပ်ချင်မူးတူးနှင့် ပျင်းရိစွာထူးလာသော ထိုအသံကို သူဒေါသ ထွက်သွားရပါသည်။

''ကိုကျော်စွာလား''

''ဟုတ်ပါတယ်''

''ကျေးတမန်ပါ''





''ဩော်. . . ကျေးတမန်။ ဘာလဲ၊ ဘာဖြစ်လို့လဲ၊ ညကြီး''

''သုခဘုံ. . . သုခဘုံ, သူနေမကောင်းဖြစ်နေတယ်''

''သုခဘုံ. . . သူက ဘယ်သူလဲ။ ငါလည်း မသိပါလား''

''ဟာဗျာ! ကျွန်တော့်မိန်းမ. . . ကျွန်တော့်မိန်းမ။ သူ, သူသေ တော့မယ်။ အခုလာဗျာ။ မြို့သစ်ထဲကအိမ်မှာ။ အခုလာ''

''ဘာဖြစ်လို့လဲ ကျေးတမန်''

''မိုးရေထဲ. . . အား. . . အခုချက်ချင်းလာခဲ့ပါ ကိုကျော်စွာ''

''ကိုယ်သိပ်ပင်ပန်းထားတယ် ကျေးတမန်။ ကိုယ် တစ်နေကုန် ဂျူတီနဲ့မို့ပါ။ ရိုးရိုးအအေးမိတာဆို ကိုယ်မနက်မှပဲ''

''တောင်းပန်နေတာပါ၊ အခုချက်ချင်းလာပေးပါ။ သူသေတော့ မယ်ဗျာ။ သူသေလို့မဖြစ်ဘူး၊ ကိုကျော်စွာ အခုလာပေးပါ၊ လာပေးပါ''

ထိတ်လန့်ခြင်းတွေ ပြည့်သိပ်နေသော ကျေးတမန်ရဲ့အသံတုန် တုန်ကြောင့် ဒေါက်တာကျော်စွာမှာ ဆက်လက်၍ မငြင်းဆန်နိုင်တော့ ပါဘဲ. . .

''အေး. . . ဟုတ်ပြီ၊ ကိုယ်လာခဲ့ပါ့မယ်''

ထိုအခါမှ သူ့စိုးရိမ်မှုက လျော့ပါးသွားရကာ ရေတွေ စိုရွှဲနေ သောသူမကို အပေါ်ထပ်အခန်းထဲသို့ ပွေ့ချီလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုခဘုံ. . . မင်းသတိရလား သုခဘုံ"

"ချမ်းတယ်. . . ချမ်း"

"မင်းအင်္ကျီတွေ စိုရွှဲနေတာကိုး"

တုန်ရီနေသော ဖျော့တော့နေတဲ့ သုခဘုံကြောင့် သူမှာ ဘာကိုမှ ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ ရေစိုနေသောအင်္ကျီများကို သူ သဘောနှင့်သူ ချွတ်ပစ်ကာ ခြောက်သွေ့သောအင်္ကျီများကို လဲလှယ်ဝတ်ဆင်ပေးပစ်လိုက်ပါ၏။

"ချမ်းနေသေးလား သုခဘုံ"

သူကသာ မေးနေရပေမယ့် ဖျော့တော့စွာမှေးစက်နေသောသူမမှာ လောကကြီးနှင့် အဆက်အသွယ်ပြတ်နေသူတစ်ယောက်နှယ်။ ထို့ စဉ် ကားဟွန်းသံကြားရ၍ သူက ပြေးဆင်းကာ တံခါးကိုဖွင့်ပေးလိုက်ပါသည်။

ဒေါက်တာ့ကိုမြင်မြင်ချင်း သူ ဘာစကားမှမဆိုတော့ဘဲ ညီအစ်ကိုလိုဖြစ်နေသူမို့ လက်ဆွဲကာ သုခဘုံရဲ့အခန်းထဲသို့ တန်းခေါ်လာခဲ့ပါသည်။

"မင်းသိပ်စိတ်ပူနေတယ်ထင်တယ်"

သူဘာမှပြန်မဖြေနိုင်ပါ။ သုခဘုံသာ တစ်ခုခုဖြစ်သွားခဲ့ပါလျှင်





သူရူးသွားနိုင်သည်ထင်ပါရဲ့။

ဆရာဝန်က စမ်းသပ်မှုတွေပြု၊ ကုသမှုတွေ လုပ်ပြီးမှ နားကျပ်နှင့် ပရက်ရှာကပ်ကို အိတ်ထဲထည့်သိမ်းလိုက်သည်ထိ သူ တုပ်တုပ်မှမလှုပ်သေး။

"သိပ်လည်းစိတ်မပူပါနဲ့ကွာ။ မင်းအမျိုးသမီး ကောင်းသွားမှာပါ။ စိုးရိမ်စရာမရှိတော့ပါဘူး။ ကဲ. . . ကိုယ်ပြန်လိုက်ဦးမယ်"

ဟုဆိုကာ ဒေါက်တာပြန်သွားတဲ့ထိ သူ ထိုင်နေရာမှာ ငုငုကြီးရပ်နေမိဆဲပင်။

"သုခဘုံ မင်းဘာမှမဖြစ်ပါနဲ့။ ငါလေ, ငါအဲ့လိုကြီးဖြစ်ဖို့ မရည်ရွယ်ခဲ့ပါဘူး။ ငါ မင်းကိုဒေါသဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ မင်းကို ငါစနေခဲ့တာပါ။ မင်း ဘာမှမဖြစ်ပါနဲ့။ မင်း ငါ့ကို ရန်လုပ်ပါ။ ငါခံနိုင်ပါတယ်။ ဒါပေမဲ့ မင်း အဲ့ဒီလိုကြီးတော့ ဘာမှမပြောဘဲ လှဲမနေနဲ့ကွာ။ ငါ့ရင်ထဲက နာနေတယ်။ ဒီနားမှာ နာကျင်ကျင်ကြီးခံစားနေရတာယ်။ ငါ့ရင်တွေ တုန်နေတယ်၊ အင်အားတွေလည်း ယုတ်လျော့နေတယ်၊ ပြီးတော့ သတ္တိတွေလည်း ရှိနေတယ်။ မင်းမြန်မြန်သတိရလာပြီး ငါ့ကိုရန်ဖြစ်ပါတော့လား"

သူမမျက်နှာကိုကြည့်ရင်းပင် သူ့ရင်ထဲမှာ တစ်ဆစ်ဆစ်နာကျင်



www.burmeseclassic.com

www.burmeseclassic.com



နေရပါသည်။ သူမရဲ့လက်ဖဝါးလေးကိုဆုပ်ကိုင်ပြီး အကြိမ်ကြိမ်တောင်း ဆိုနေမိသည်က သူမ မြန်မြန်သတိရလာစေဖို့ပဲ ဖြစ်နေပါတော့၏။

❀ ❀ ❀



အခန်း (၁၆)

စူးရှရှအလင်းရောင်နှင့်အတူ သူမမျက်စိများ ပွင့်လာချိန်မှာတော့ နောက်ကျိုရှုပ်ထွေးနေတဲ့ဦးခေါင်းတစ်ခုထက် လေးပင်နေသောဘယ် ဘက်လက်ဖဝါးကြောင့် ခေါင်းမတ်၍ ကြည့်မိလိုက်စဉ်မှာ သူမရဲ့လက် ဖဝါးကိုဆုပ်ကိုင်ကာ ကြမ်းခင်းပေါ်ဖြစ်သလိုထိုင်ပြီး ကုတင်ပေါ်မှောက် အိပ်နေသော ကျေးတမန်ကိုတွေ့လိုက်ရပါသည်။

သူမရင်ထဲ နူးညံ့ခြင်းတစ်မျိုးက အရှိန်အဟုန်ပြင်းပြင်းကြီး ပြေး ဝင်လာခဲ့ရပေမယ့် သူမက အရမ်းကာရော တွန်းလှန်ပစ်ကာ သူ့လက် မောင်းများထက်မှ သူမရဲ့လက်ကိုဆောင့်ရုန်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အိပ်ပျော်နေခဲ့သောသူက ဆတ်ခနဲနိုးသွားရပြီး. . .

''နိုးနေပြီလား''

နူးညံ့သောသူ့အမေးကို သူမကပြန်မဖြေဘဲ တစ်ဖက်သို့လှည့်အိပ်နေလိုက်ပါသည်။ ထိုအခါမှ ထောင့်တစ်နေရာမှာရှိနေသေးတဲ့သူမရဲ့ရေစိုအဝတ်များက သူမမြင်ကွင်းထဲ တန်းဝင်လာခဲ့ရပါသည်။ သူမ မျက်နှာတစ်ပြင်လုံး ပူခနဲဖြစ်သွားရပါသည်။

''မင်း ညက အရမ်းဖျားတယ်''

သူမဘာမှပြန်မပြောပါ။ သူ့ကိုစကားပြောချင်စိတ်မရှိတာကြောင့်ဖြစ်သည်။

''မင်း ငါ့ကိုစိတ်ဆိုးနေတယ်ဆိုတာ ငါသိပါတယ်။ ငါတောင်းပ ပါတယ်။ ငါမှားသွားတယ်''

ဟုသာ ဂုဏ်တိတိ ဝတ်ကျေတန်းကျေဆိုကာ ထွက်သွားခဲ့သော သူ့ကြောင့် သူမပို၍ဒေါသထွက်ရပါသည်။ အမှန်ဆို သူမက သေလောက် အောင် ခံစားခဲ့ရတာပဲ။ သူ ဒီလောက်တောင်းပန်ပေးရုံနဲ့ ပြီးသွားရေ တဲ့လား။

သူမကိုများ ထပ်ပြီးတောင်းပန်လာလေဦးမလားဟု သူမက မျှေ နေခဲ့ရပေမယ့် သူက အချိန်အတန်ကြာသည်ထိ ငြိမ်ချက်သားကော





နေသောကြောင့် သူမက မယုံသင်္ကာဖြစ်လာကာ ခုတင်ပေါ်မှ အသာ အယာဆင်းပြီး တံခါးရွက်ကို ဟရုံလေးဖွင့်ကာ ဝရန်တာမှတစ်ဆင့် အောက်ထပ်သို့လှမ်းကြည့်လိုက်တော့ မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေသော သူ့ကြောင့် အိပ်ခန်းထဲမြန်မြန်ကြီးဝင်ကာ တံခါးကိုဆွဲပိတ်ပစ်ပြန်သည်။

သူဘာလုပ်နေတာလဲဆိုတာကို သူမစိတ်ဝင်စားမိပါသည်။ ထုံးစံ အတိုင်း မနက်စာအတွက် ပေါင်မုန့်ကြက်ဥသုတ် ကြော်နေတာလားဆို တာကို သူမ ဘာရယ်မဟုတ်တွေးနေမိပါသည်။ ဒါဆို သူက မနက်စာ စားပြီး ထုံးစံအတိုင်း အလုပ်သွားတော့မှာလားဆိုတဲ့အတွေးက မတင် မကျကြီးဖြစ်သွားစေပါသည်။

ဒါကြောင့် သူမနက်စာစားနေပြီလားဆိုတာကိုသိချင်လာ၍ တံခါး ကို ဟရုံလေးဖွင့်မည်ကြံရိုက် လှေကားပေါ်တက်လာတဲ့အရိပ်လေးရေးရေး ကြောင့် တံခါးကိုဆက်မဖွင့်ဖြစ်တော့ဘဲ သေးသေးလေး ဟရုံဖွင့်ထား ရာမှ ပြန်ဆွဲပိတ်ကာ ခုတင်ပေါ်ပြေးတက်ပြီး စောင်လေးကိုခြုံကာ စော စောကအတိုင်း တစ်ဖက်သို့လှည့်ကာ ပုံမပျက်အိပ်နေလိုက်ပါသည်။

သူမအခန်းထဲဝင်လာသည့်ခြေသံဖော့ဖော့ကို ကြားရသည့်အခါ မှာတော့ တဒိန်းဒိန်းခုန်ချင်လာသည့်ရင်အစုံကို ဘယ်လိုထိန်းလို့ ထိန်း ချုပ်ရမှန်းမသိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နှင့်အတွက် ဆန်ပြုတ် ပြုတ်လာတယ်။ သောက်လိုက်ဦး"

ဟုသာ ချိုသာစွာတိုတိုတိပြောပြီး ထွက်သွားမည်အပြု ခြေလှမ်းတွေကို ပြန်ရပ်ကာ. . .

"စားပွဲပေါ်က ဟင်းတွေ ငါအကုန်စားလိုက်ပြီ"

ဟု တိုတိတိပြောကာ တစ်ချိုးတည်းထွက်သွားသော သူ့ကျောပြင်က သူမကို ပီတိတစ်ခုပေးနေသလိုလိုပင်၊ သေချာတာကတော့ သူမနှုတ်ခမ်းလေးက ကော့ကော့လေး ကွေးသွားမိတာပါပဲ၊ သို့သော် ထိုနှုတ်ခမ်းတစ်လွှာကို သတိနှင့်ပြန်စုထော်ပစ်လိုက်ပါသည်။

နေမကောင်းဖြစ်ထားသည်မို့ အငွေ့တစ်ထောင်းထောင်းထနေသော ဆန်ပြုတ်ပူပူကို လုံးဝစိတ်မဝင်စားဘဲ အိပ်ရာထဲမှာသာ ငြိမ်နေဖြစ်ပါသည်။

မိုးရေထဲမှာ လဲနေရာမှ ဘယ်ကဘယ်လို ဒီလိုအိပ်ရာပေါ်ရောက်နေမှန်းမသိတော့တဲ့ သူမဦးနှောက်ကို စိတ်ဆိုးမိပါသည်။ စိတ်ဆိုးဆိုးနှင့်ပင် အပုံလိုက်ရှိနေသေးသော ရေစိုအဝတ်များကိုကြည့်ကာ ရှက်ရှက်နှင့် အိပ်ရာထဲမှထကာ ကန်ပစ်လိုက်သေးသည်။ သို့သော် အိပ်ခန်းအပြင်ဘက်ဆီမှ ခြေသံတရှပ်ရှပ်ကြားရသောအခါမှာ ပျာပျာယာယာပင် ရုတ်ချည်းပြေးကာ စောင်ခြုံထဲ ပုံမပျက် ဝင်ခွေနေလိုက်ပြန်သည်။





"မင်း ဆန်ပြုတ်မသောက်ဘူးလား"

သို့သော် သူမက ပြန်မဖြေပါ။ ပို၍ပြီးမှတောင် မျက်နှာလွှဲပြီးနေလိုက်သေး။

"အဲ့ဒီပစ္စည်းက သီအိုရမ်က ငါ့ကိုမွေးနေ့လက်ဆောင်ပေးထားတာ။ သီအိုရမ်ဆီက ရဖူးတဲ့တစ်ခုတည်းသောလက်ဆောင်ပဲ၊ သီအိုရမ်က ပုံဆွဲတော်တယ်။ သူကိုယ်တိုင် အကြာကြီးအချိန်ယူလုပ်ထားတာ"

ဟုရောက်တတ်ရာရာ ရှင်းပြနေဖြစ်ပါသည်။ သို့သော် သူကဘယ်တုန်းကမှ အကြောင်းအရာတစ်ခုကို အခုလိုမဖြေရှင်းဖူးသူမို့ စကားလုံးတွေက မချောမွေ့လှပါ။ ပြီးတော့ မလုံမလဲနှင့်။

"မင်းနည်းနည်းတော့ တရားလွန်တယ် သုခဘုံ။ အဲ့ဒါကြောင့်မင်းကို ငါအပြစ်ပေးလိုက်တာ။ သူများပစ္စည်းကို ပိုင်ရှင်မသိဘဲနဲ့ မကိုင်ရဘူး။ အဲ့ဒါသင်ခန်းစာပဲ"

"ဘာ. . . ဘာပြောတယ်"

"အဲ့လိုမှပေါ့။ နို့မဟုတ်ရင် ငါသိတဲ့သုခဘုံမှမဟုတ်တာ။ မိန်းမကြီးအတိုင်းပဲ စိတ်ကောက်နေလိုက်တာ"

ကျေးတမန်ရဲ့ထိုစကားက သူမဒေါသကိုဆောင့်တွန်းလိုက်သလို၊

"ကျေးတမန်. . . မင်းကိုငါဆွဲမထိုးခင် ထွက်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာတော့ ကျေးတမန်က သိသိသာသာကြီး ငြိမ်ကျသွားကာ သူမရှေ့မှာ မားမားကြီးရပ်လာပြန်ပါသည်။

"ဘာလုပ်တာလဲ"

"ထိုးလိုက်ပါ. . . အရင်တုန်းကတော့ အထိုးခံရမှာကို ငါ သေမလောက်ကြောက်တယ်။ ဒါပေမဲ့ အခုငါ့စိတ်တွေ ပြောင်းလဲကုန်ပြီ။ မင်းတစ်ခုခု ငါ့ကိုလုပ်လိုက်မှ ငါ့စိတ်ထဲမှာ နေလို့ကောင်းသွားမယ်ထင်တယ်"

"ဒီလောက်ကဲတာကွာ. . ."

"ခွပ်!"

သူမ အမှန်တကယ်ပဲ သူ့မျက်နှာတည့်တည့်သို့ ခုန်ပြီးထိုးပစ်လိုက်သည်။ နှုတ်ခမ်းထောင့်မှာ စို့တက်လာသောသွေးစတို့ကို လက်ဖမိုးနှင့် သုတ်လိုက်ပြီး. . .

"ရပြီလား"

ဟုပင်ပြောကာ ဆန်ပြုတ်ပန်းကန်ကိုမ,၍ ထွက်သွားပြန်ပါသည်။ သူမ အံ့သြသွားရသည်။ ဒါ သူမသိတဲ့ကျေးတမန်မှမဟုတ်တာဘဲ။ နာကျင်သွားတဲ့ သူမရဲ့လက်ဆစ်များကိုကြည့်ပြီး ခုတင်ပေါ် ငုတ်တုတ်ထိုင်ချပစ်မိပါသည်။





သူမအပေါ် ကြင်နာခြင်းတွေပြည့်လျှံနေသည့် သူ့မျက်ဝန်းတွေက မျက်လုံးပိတ်လိုက်တိုင်း သူမကိုခြောက်လန့်နေခဲ့ပါသည်။ မိုးရေတောထဲမှာနေရစဉ်က သူ့ကို သူမ နာကြည်းခဲ့ရပါသည်။ အခုတော့ တုံ့ပြန်လိုက်တဲ့လက်သီးတစ်ချက်ကြောင့် ရင်ထဲမှာ ဘယ်လိုမှနေလို့မကောင်းတော့။

အချိန်ကိုကြည့်လိုက်တော့ ဆယ်နာရီထိုးပြီးနေပြီမို့ သူ ကုမ္ပဏီကိုသွားပြီပဲဟုယူဆကာ တံခါးကိုဖွင့်၍ အောက်ထပ်သို့ဆင်းမည်အပြု မှန်တံခါးရွက်များကို ဖုန်သုတ်နေသောသူကြောင့် ခြေလှမ်းတွေ ဆတ်ခနဲတန့်သွားသည်ထိ လန့်သွားရပါသော်လည်း ဟန်မပျက်ဆင်းကာ ရေသောက်ရန်အတွက် ရေခဲသေတ္တာကိုဖွင့်လိုက်စဉ်မှာ. . .

"မင်း. . . ညက အရမ်းဖျားတယ်။ အဲ့လိုရေအေးအေးကြီးတွေ မသောက်နဲ့။ စားပွဲခုံပေါ်မှာ မင်းသောက်ဖို့ ရေတင်ထားတယ်"

ဟု သူမကိုမကြည့်ဘဲပြောလာသော ကျေးတမန်ရဲ့စကားတွေကို သူမအလိုလိုလိုက်နာဖြစ်သွားပြန်သည်။ သူမက သူစီစဉ်ပေးထားသော ရေနွေးနွေးကိုတစ်ကျိုက်သောက်လိုက်ပြီး ချောင်းဟန့်ကာ. . .

"ကုမ္ပဏီကိုမသွားဘူးလား"

"အွန့်ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . . ဖေဖေဆူ. . . အဲ့. . . ဘာမှမဟုတ်တော့ပါဘူး"

"မင်း ဗိုက်မဆာဘူးလား"

"ဆာတော့ရော မင်းက ကြည်ကြည်ဖြူဖြူကျွေးမှာမို့လား။ အမြဲ နှိုးစားရတာ"

"စားပွဲပေါ်မှာ မင်းကြိုက်တာ ယူစားလိုက်"

ဟုပင် တိုတိတိပြောကာ သူ့အလုပ်သူဆက်လုပ်နေလိုက်သည်။

ထိုအခါကျမှ သူမက စားပွဲမှအုပ်ဆောင်းကိုဖွင့်လိုက်တော့ ပေါင်မုန့်ကြက်ဥကြော်အပြင် အခြားမုန့်များစုံစုံလင်လင်ကိုတွေ့လိုက်ရသည်။

"မင်းက ဗိုက်ဆံပေါလှချည်လား"

"မေမေဆီက လိမ်တောင်းထားတာလေ"

"လခမထုတ်သေးဘူးလား"

"နောက်ကျလို့ အဖြတ်ခံရတာနဲ့ပဲ. . . ငါစိုက်မလျှော်ရရင် ကံ ကောင်း"

"တူ. . . တူ. . . တူ"

ထိုစဉ်မှာ သူမရဲ့အင်္ကျီအိတ်ထဲမှ ဖုန်းလေးက မြည်လာ၍သူမက ဖွင့်ကာ. . .

"ဟလို"





"သုခ, အပြင်ထွက်ခဲ့ပါလား။ သုခကို ကူး,ပြစရာရှိတယ်"

"ဆောရီး,ကူး။ ငါ ဒီနေ့ နေမကောင်းလို့"

"တော်တော်များဖြစ်နေသလား"

"အွန့်ဟွန်း. . . အဲ့လောက်ကြီးလည်း မဟုတ်ပါဘူး"

"ဟွန်း. . . ကူးက သုခကိုအပြတ်ကြွားမလို့ပါဆို။ ဒါဆိုလည်း နောက်မှပဲကြွားတော့မယ်နော်။ တာ့တာ"

ဟုဆိုကာ ဖုန်းပိတ်ပစ်လိုက်ပြီး သူ့ထံ မျက်စောင်းလေးနှင့်မသိ မသာကြည့်လိုက်ပြန်ပြီး ပေါင်မုန့်ကြော်ကို လက်နှစ်ချောင်းနှင့် ညှပ်ကိုင်ကာ စားပစ်လိုက်သည်။ ခါတိုင်းဆိုလျှင် ကူးက အဲ့ဒီလိုခေါ်လျှင် မသွားဘဲ မနေနိုင်သောသူမက ထူးဆန်းစွာပင် အခုတော့ စိတ်ထဲမှာဘာမှ မဖြစ်မိ။ ကူး,ကြွားမယ်ဆိုသောအရာကိုလည်း ခါတိုင်းလိုစိတ်ဝင်တစားကြီး မရှိလှပြန်ပါ။

"တူ. . . တူ. . . တူ"

ဒီတစ်ခါတော့ သူ့အင်္ကျီအိတ်ထဲမှ ဖုန်းပဲဖြစ်သည်။

"ကျေးတမန်. . . မင်းကုမ္ပဏီမှာလား"

"မဟုတ်ဘူး။ ဒီမှာ"

"အဲ့ဒါဆို မင်း ခဏအပြင်ထွက်ခဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ခါတိုင်း မင်း အဲ့လိုမမေးပါဘူး"

"သုခဘုံ နေမကောင်းဘူး"

"ဩော်, အင်း. . . ဒါဆို ငါဖုန်းချလိုက်ပြီ"

ဟုဆိုကာ တစ်ဖက်မှ တတူတူနှင့် လိုင်းအောက်သွားတဲ့ထိ သူက ဖုန်းကို နားမှမခွာမိသေး။

"သွားချင်လည်း သွားလို့ရတယ်နော်၊ ငါက သေတော့မယ့်လူနာ မဟုတ်ဘူး"

"ငါစိတ်ကောင်းဝင်နေချိန်မို့ မင်းကောင်းကောင်းနေပါ"

ဟုပင် ငေါက်ငေါက်ကြီးပြောကာ သုတ်လက်စအဝတ်စကို ကြမ်းခင်းကိုပစ်ပေါက်ပြီး တဘုန်းဘုန်းနှင့် အပေါ်ထပ်သို့တက်သွားသောသူကို သူမက မျက်ခုံးလေးတွန့်ကာကြည့်ပြီး စားစရာများကိုသာ အားပါးတရစားသောက်ပစ်လိုက်ပါသည်။

"အရသာရှိလိုက်တာ"

ဟုပင် အမြင်ကပ်ကပ်နှင့် ရွဲ့ပြောကာ အားလုံးကုန်သွားသည်ထိပင် အိအိအွတ်အွတ်ဖြစ်အောင် စားပစ်လိုက်သည်။ မနေ့တည်းက ဆာနေတဲ့ဗိုက် တွေ့မယ်ဆိုသောအငြိုးနှင့်။





သူမက စားသောက်ပြီးချိန်မှာတော့ ဗိုက်အင့်သွား၍ အပေါ်ထပ်သို့တက်ကာ အိပ်ခန်းထဲဝင်ပြီး လှဲချပစ်လိုက်ပါသည်။ ထိုအခါကျမှ သူ့အခန်းတံခါးဆောင့်ပိတ်သံကို ကြားလိုက်ရ၍ နားစွင့်နေလိုက်ပြန်သည်။ လှေကားတိုင်းဆင်းသွားသောသူ့ခြေသံကြောင့် သီအိုရမ်ဆီသွားတော့မှာလားဆိုပြီး သံသယဝင်နေခိုက်. . .

"သုခဘုံ"

ဟု အကျယ်ကြီး ဒေါသတကြီးအော်ပစ်တဲ့အသံကြောင့် သူမ ထိတ်ခနဲတုန်လှုပ်သွားရပြီး တံခါးလော့ခ်ကိုချပစ်မိပါသည်။

သူက တဘုန်းဘုန်းနှင့် လှေကားကိုပြေးတက်လာပြန်ကာ. . .

"ဘုန်း! ဘုန်း! "

"တံခါးပျက်သွားရင် မင်းပြင်မှာမို့လား"

"မျက်နှာသာပေးလို့မရတဲ့လူသတ္တဝါထဲမှာ မင်းက ထိပ်ဆုံးကပါလား။ ဟမ်း"

"ဘာလဲ. . . ဘာလဲ"

"မင်းအကုန်စားလိုက်တော့ ငါက ဘာနဲ့စားမှာလဲ"

"အိုးထဲမှာ ဆန်ပြုတ်တွေရှိနေတာပဲ၊ စိတ်ကြိုက်သောက်ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဖုတ်ဝင်နေတာလား။ လွှင့်ပစ်လိုက်တာတော့ မဟုတ်ပါဘူးနော်"

"ငါသာ ဖုတ်ဝင်နေလို့ကတော့ မနေ့ညတည်းက မင်းကို ကုပ်ချိုးပြီး သွားကြားထိုးပစ်လိုက်ပြီးပြီ"

"မင်းဘယ်လိုမိန်းမမျိုးလဲ။ ဟမ်း"

"မင်းကရော ဘယ်လိုယောကျ်ားမျိုးလဲ။ ပွစိပွစိနဲ့"

"တံခါးဖွင့်"

"မဖွင့်ဘူး"

"မဖွင့်ဘူးလား"

"မဖွင့်ဘူး"

ထိုအခါမှာတော့ သူက အကြံရသွားပုံနှင့်. . .

"ရတယ်လေ။ အဲ့ဒါဆို ငါ မင်းကိုပေးစရာမလိုတော့ဘူးပေါ့"

"ဘာလဲ"

"ဘာဖြစ်ဖြစ်။ သိချင်ရင် တံခါးဖွင့်လိုက်"

"ဒါမျိုးတွေရှိနေပြီ. . . ကျေးတမန်"

"ငါ့လက်ထဲမှာ တစ်သိန်းအုပ်တစ်အုပ်။ မရချင်လည်းပြီးတာပဲ"

"ငါ့ကိုလိမ်နေတာ မဟုတ်လား"

"ဟား. . . ဟား"





သူက ဆရာကြီးစတိုင်လ်နှင့်ရယ်လိုက်ပြီး ဘေးနားအသင့်ရှိနေသောစာအုပ်ကို ဆတ်ခနဲဆွဲယူကာ လက်ဖဝါးနှင့်ရိုက်လိုက်တော့ ပိုက်ဆံအထပ်ကိုရိုက်နေသံ ထွက်ပေါ်လာရသည်။

ပိုက်ဆံအထပ်ကြီးကိုရိုက်၍ လှေကားထိပ်သို့ရောက်နေသော ကျေးတမန်ရဲ့ကျောပြင်ကို သူခဘုံက တံခါးဟ.ဟလေးကြားမှ မြင်လိုက်ရပါသည်။

ထိုပိုက်ဆံတစ်သိန်းဆိုတာကို သူမလိုချင်နေမိပါသည်။ ဒါကြောင့် ဘာမှထပ်အကျယ်ချဲ့စဉ်းစားမနေတော့ဘဲ ပိုက်ဆံကိုဆွဲလုပြီး ပြေးဖို့ အကြံအစည်နှင့် တံခါးကိုအဆင့်သင့်ဖွင့်ထားကာ သူ့ကျောပြင်ဆီတည့်တည့်သို့ပြေးတိုက်ပြီး လက်ထဲမှပိုက်ဆံကို အားနှင့်လုပစ်လိုက်သည်။

သည်တွင် သတိရှိသောသူကလည်း သူ့ကိုလာဝင်တိုက်သော အရှိန်ကိုတောင့်ခံထားကာ သူမရဲ့လက်ကောက်ဝတ်ကို ဆွဲလိမ်ပစ်လိုက်သည်တွင် နှစ်ယောက်လုံး လုံးထွေးသွားပြီး အရှိန်ကိုမထိန်းနိုင်ကြတော့ဘဲ လှေကားပေါ်မှ ထွေးလုံးရစ်ပတ်လိမ့်ကျသွားကြပါတော့သည်။

"အား. . . အား"

ကျောရိုးနာလိုက် ဒူးကွေးနာလိုက်နှင့်။ ထိုအချိန်မှာ တိုက်ဆိုင်စွာပင် သီအိုရမ်နှင့်ဝတ်မှုန်ကူးက အိမ်အပေါက်ဝရောက်နှင့်ပြီး ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

တစ်ယောက်ကို... ယောက် တင်းကြပ်စွာ ဖက်တွယ်ထားကာ ကြမ်းပြင်ပေါ် လှဲအိပ်နေကြသော သူတို့နှစ်ယောက်ကြောင့် ရောက်လာသောနှစ်ယောက်မှာ မှင်တက်မိသွားကြရပါသည်။

"ကူး"

"သီအိုရမ်"

နာကျင်နေသောဝေဒနာတွေ ဘယ်ပျောက်လို့ ပျောက်ကုန်မှန်းပင် မသိတော့။

"ဟို. . . သုခ. သုခ နေမကောင်းဘူးဆိုလို့။ အဲ့ဒါ ကူး့လာ"

အဖျားခတ် တုန်ရီနေသော အသံသိမ်ငယ်ငယ်နောက်မှာတော့ မျက်ရည်ဥလေးတွေ တွဲခိုနေရပါသည်။

"ဆောရီး သုခ။ သုခတို့ကမ္ဘာကို ကူးက လာဖျက်သလိုဖြစ်သွားတယ်။ ဆောရီး"

ဟုဆိုကာ လက်ထဲမှအထုပ်ကို ဆတ်ခနဲ စားပွဲပေါ်တင်ကာ လှစ်ခနဲထွက်ပြေးသွားသောကူးကြောင့်၊ သုခဘုံရင်ထဲ ပူရှိန်းရှိန်းကြီးလောင်မြိုက်သွားကာ. . .

"ကူး. . . ကူး. . . ခဏ. . . ကူး"





ဟုဆိုကာ ပြေးလိုက်သွားပါသည်။

ကားစက်နိုးနေသော ကူးရဲ့ဘေးမှာ သုခဘုံက ဝင်ထိုင်လိုက်ပြီး. . .

"ကူး အထင်လွဲနေပြီ။ အမှန်တော့ ငါနဲ့ ကျေးတမန်က ဘာမှ မဟုတ်ဘူး"

"ကူးက သုခကိုဘာမှမပြောသေးပါဘူး။ သုခ ဘာကိုမလုံနေတာလဲ"

"ငါ တကယ်နေမကောင်းဖြစ်နေတာပါ"

"နေမကောင်းတဲ့လူက အင်္ကျီလက်ရှည်ဝတ်ရတယ်။ အိပ်ရာထဲလှဲနေရမယ်လေ။ သုခရဲ့နဖူးမှာ ချွေးစတွေစို့နေတယ်။ သုတ်လိုက်ပါဦး"

ကူးရဲ့စကားလုံးက သူ့အတွေးတွေကို ချောက်ချားစေရပါသည်။ ဤမျှများပြားလွန်းလှပါသော မြန်မာစကားတွေက သူမရဲ့နှုတ်ဖျားမှာ ပျောက်ဆုံးနေရပါသည်။

"အမှန်က ကူးမှာအပြစ်ရှိတာပါ။ သုခက အိမ်ထောင်ကျသွားပြီပဲ။ ကူး, သုခကိုမချစ်သင့်တော့ဘူး။ ကူးရဲ့စိတ်ကို ကူး့ဒဏ်ပေးပါ့မယ်"

"အဲ့လိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



''ကူးနားလည်ပါတယ်။ အမှန်တကယ်တော့ သုခက ကူးရဲ့ချစ်သူဆိုပေမယ့် သုခကလည်း မိန်းကလေးတစ်ယောက်ပဲ။ ကျေးတမန်လို လူတစ်ယောက်ကိုချစ်ခင်တွယ်တာတာ မဆန်းပါဘူး။ ကူးပဲ ဆန်းနေတာပါ''

''ကျေးတမန်ကို ငါက''

''သုခရောက်လာမလားလို့ ကူး အကြိမ်ကြိမ်မျှော်နေခဲ့ပါတယ်။ ဒါပေမဲ့ သုခရောက်မလာခဲ့တော့ဘူး။ ကျေးတမန်နဲ့တွေ့ပြီးမှ သုခပြောင်းလဲသွားတာ ကူးသိပါတယ်။ နောက်ဆို ကူး သုခတို့ကို လာမရှုပ်တော့ပါဘူး''

''မဟုတ်ဘူး ကူး''

''ဟုတ်ပါတယ်။ ဒါပေမဲ့ ကူးနဲ့သုခ အမြဲတမ်းသူငယ်ချင်းတော့လုပ်ကြရအောင်''

''ဟင်''

''ကူးကို အိမ်က အိမ်ထောင်ချပေးတော့မယ်တဲ့''

''ဟင်''

''ကူး လက်ခံလိုက်ပြီ။ အိတလီက ကူးရဲ့အဒေါ်က ကူးကို ဝတ်ရဲ့ပို့လိုက်တယ်။ အဲ့ဒါ သုခကိုကြွားမလို့''





ထိုအခါမှာတော့ သူမက ယောင်နနပင် ကားပေါ်မှဆင်းပစ်ပ်သည့်ထိ။ လျှောခနဲမောင်းထွက်သွားသော နီရဲရဲကားလေးကိုပင် မမြင်ရတော့သည်ထိ ငေးကြည့်နေဖြစ်ပါသည်။

''ကျေးတမန် ဟိုမှာ မင်းကောင်မလေးကိုသွားချော့လိုက်ဦး''

''ဘာကြောင့် ချော့ရမှာလဲ''

''တစ်ခုခုကို စိတ်ထိခိုက်သွားတယ်ထင်တယ်။ အသက်မှရှုသေးရဲ့လား။ ငြိမ်ပြီးရပ်နေတာ၊ ညှောင်းနေဦးမယ်''

''သူ့ဘေးမှာ ဒန်းရှိနေတာပဲ။ သူညောင်းရင် ထိုင်လိမ့်မယ်''

''အခြေအနေကောင်းသလား''

''ဘာကိုပြောတာလဲ''

''သူက မင်း မိန်းမလေ''

''ဘာမှမဆိုင်ဘူးလို့ပြောပြီးပြီပဲ''

''ဆိုင်လိုက်ပါကွာ။ ချစ်စရာလေးပါ။ သူ့မျက်လုံးလေးတွေကကြည်စင်တယ်။ ပါးလေးတွေက မို့မို့လေးတွေ။ လုတယ်ထက် ချစ်စရာကောင်းတယ်ဆိုပိုမှန်မယ်။ ငါက မိန်းကလေးဆိုရင် ချောမှမဟုတ်ဘူး။ ချစ်စရာကောင်းရင်ကြိုက်တယ်''

''ဘာ!''



www.burmeseclassic.com

www.burmeseclassic.com



သီအိုရမ်ရဲ့စကားသံကို သူ ပထမဆုံး ခါးသက်သွားမိခြင်းဖြစ်ပါသည်။

''သုခဘုံက ကြည်စင် ရိုးရှင်းတယ်။ မင်းကံကောင်းပါတယ် ကျေးတမန်။ ငါသာဆိုရင် ကံကောင်းခြင်းကို အမိအရဖမ်းဆုပ်ထားမိမှာပဲ''

ထိုအခါမှာတော့ သူ သီအိုရမ်ကို ဘာမှမပြောတော့ပါဘဲ ဝတ်မှုန်ကူး ချသွားခဲ့သောအထုပ်ကိုယူ၍ မီးဖိုခန်းထဲသို့ဝင်လာခဲ့ပါသည်။ သီအိုရမ်က သူ့အနောက်ကနေလိုက်ရင်း ဓာတ်ဘူးကိုဆွဲကာ ကော်ဖီဖျော်လိုက်ရင်း. . .

''မင်းရဲ့သတို့သမီးမဖြစ်ခင်က ငါ, သုခဘုံကိုတွေ့ဖူးတယ်''

သီအိုရမ်က စကားကိုတစ်ဝက်ကြီးပြောကာ ရပ်တန့်ထားလိုက်ပြီးမှ. . .

''ပဝ်မှုန်ကူးနဲ့တွဲလို့လေ။ ကန်ဘောင်မှာ ငါက ထူးဆန်းလို့ကြည့်ဖြစ်နေတာ။ ငါက ချောင်းပြီး နားထောင်နေတာ မဟုတ်ပေမယ့် သူတို့ပြောနေကြတဲ့စကားသံတွေကို ငါကြားဖူးတယ်။ သူက စကားပြောရင် ဟိုရောက်ဒီရောက်ပြောတတ်တယ်၊ ငါ့အမေ ငါ့ကိုရိုက်တော့မှာပဲလို့ပြောနေရင်း မနက်က ဘာစားလာသလဲလို့ပြောပြီး ပိုက်ဆံမှ ပါလာ





ရဲ့လားလို့ အဆက်အစပ်မရှိအောင် သူပြောချင်ရာပြောနေတတ်တယ်။ ငါ သူ့ကိုသဘောကျသွားတယ်။ ငါ အနောက်က တကောက်ကောက်လိုက်ကြည့်တော့ သူက သူဌေးသမီးတစ်ယောက်ဖြစ်နေတယ်။ သူ့နာမည်ကိုစုံစမ်းတော့ သုခဘုံဆိုတာ သိရတယ်။ ငါသူ့နောက်က နှစ်ရက်သုံးရက် လောက်လိုက်ကြည့်နေဖြစ်သေးတယ်။ အဲ့လိုလိုက်ကြည့်ရတာ ပျော်စရာကောင်းလို့၊ ကံကြမ္မာက တိုက်တိုက်ဆိုင်ဆိုင်ပဲ လေးငါးရက်လောက် ပျောက်သွားတဲ့သုခဘုံက မင်္ဂလာဆောင်မှာ သတို့သမီးအဖြစ် ပေါ်လာခဲ့တယ်''

''အဲ့တော့ မင်း အသည်းကွဲသွားတာပေါ့''

''မင်း သဝန်တိုနေတာလား''

''ငါနဲ့သူ့အကြားမှာ အဲ့ဒီလောက်ထိ ပတ်သက်မှုမရှိဘူး''

''မင်း သူ့ကိုမချစ်ဘူးလား''

''ဝေးလေကောင်းလေပဲ၊ မကောင်းတတ်လို့ လူကြီးတွေကြောင့် ငြိမ်နေရတာ''

''ဆောရီး. . . မင်း, မိန်းမတွေကိုမချစ်တတ်တဲ့ကိစ္စ ငါမေ့သွားတယ်''

ဒါ သူ့အမြဲတမ်းပြောနေကျ လက်သုံးစကားဖြစ်ပေမယ့် သီအိုရမ်



www.burmeseclassic.com

www.burmeseclassic.com



ဆီက အခုလိုကြားလိုက်ရတော့ သူ့ရင်ထဲ အမည်တပ်လို့မရတဲ့ခံစား ချက်ဆိုးကြီးက တိုးဝင်လာရသည်။ ထိုစကားကို သူ့မနှစ်မြို့သလိုလို။

"ဒီပုံအတိုင်းဆို မင်းဘာဆက်လုပ်မှာလဲ"

"ဘာကိုပြောတာလဲ"

"မင်း သူနဲ့တစ်သက်လုံးနေဖို့ စိတ်ကူးထားသလား"

ထိုစကားက သူ့ကိုယ်သူ ဘယ်သောအခါကမှ မမေးခဲ့ဖူး၍ သူ ဘာပြန်ဖြေလို့ဖြေရမှန်းမသိပါ။ သို့သော် နဂိုရှိရင်းစွဲစိတ်က သုခဘုံကို ဒေါသဖြစ်နေတာကြောင့်။

"ဘာကြောင့် အတူနေရမှာလဲ။ ငါ့ပိုက်ဆံတွေလည်း သူ့ကိုမှ သုံးရသေးတယ်။ ငါ့ကိုလည်း ဗိုလ်ကျချင်သေးတယ်၊ ငါ့ရဲ့မနက်စာကို လည်း ခိုးစားသေးတယ်။ လုံးဝကို သည်းမခံနိုင်ဘူး"

"သုခဘုံဘက်က မင်းကို အရင်လမ်းခွဲမယ်ပြောလာရင်ရော"

"ဟား . . . ဟား . . . ဟား . . . ပိုတောင်ကြိုက်သေး"

"အဲ့ဒါဆို ငါအရှင်းကြီး ချီတက်ခွင့်ရတာပေါ့"

"ဟမ်"

"အမှန်တော့ ငါ့ရင်ထဲမှာ သုခဘုံရှိနေတယ်။ မင်းဆီက ခွင့်ပြု ချက်ရရင် ငါ သူ့ကိုတရားဝင်ကြိုးစားတော့မယ်"





ခိုင်မာလှသော သီအိုရမ်ရဲ့စကားသံကြောင့် သူက တခြားကမ္ဘာ ရောက်သွားရသူလို ဖြစ်သွားရ၏။

"ငါ မင်းအပေါ် အကြွေးတွေ သိပ်များနေတယ် ကျေးတမန်။ ဒီနည်းနဲ့ မင်းကို ငါကျေးဇူးဆပ်မယ်"

ဟုပြောကာ ကော်ဖီကို ခွက်နှုတ်ခွက်ထဲထည့်ပြီး ထွက်သွားသော သီအိုရမ်ကို သူ အသက်မဲ့စွာ ငေးကြည့်နေလိုက်ပါသည်။ ငြိမ်သက်စွာ ရပ်နေမိတဲ့သူ့ရင်ထဲမှာတော့ နှလုံးသွေးကြောများက စုန်ဆင်းလိုက်၊ ဆန်တက်လိုက်၊ ကစဥ့်ကလျားဖြစ်နေခဲ့တာတော့ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ထိုနေ့က သီအိုရမ်က ညနေစောင်းမှပြန်သွားခဲ့ပါသည်။ သီအိုရမ် ပြန်သွားပြီးမှ သုခဘုံက သီချင်းလေးညည်းကာ အပေါ်ထပ်သို့တက်လာ ခဲ့ပါသည်။

"ကြည်နူးနေတာလား"

"ငါသိပြီ ကျေးတမန်။ မင်းဘာဖြစ်လို့ သီအိုရမ်အပေါ် တွယ် တာနေတာလဲဆိုတာကိုပေါ့"

"ဘယ်သူက တွယ်တာလို့လဲ"

"မလိမ်တတ်ဘဲ လိမ်ပြန်ပြီ။ ဟဲဟဲ. . . သီအိုရမ်က စကားဖြတ်



www.burmeseclassic.com

www.burmeseclassic.com



အတော်ကောင်းတာနော်။ သူနဲ့နေရတာ ပျင်းချိန်တောင် မရလိုက်ဘူး"

"မင်းကိုလျှောက်လိမ်ပြောနေတာလား"

"ဟာသတွေ ပြောပြနေတာပါ။ ရယ်ရတယ်သိလား"

"သီချင်းရေးတဲ့လူပဲ၊ ဒီလောက်တော့ပြောတတ်မှာပေါ့"

"သူအခုရေးနေတဲ့သီချင်းကို ဂစ်တာမပါဘဲ ဆိုပြတယ်။ နားထောင်လို့ကောင်းတယ်။ သူက သိပ်တော်တာပဲ"

"သီချင်းတစ်ပုဒ်လောက်တော့ လူတိုင်းဆိုတတ်တယ်"

"သူ့အသံက သြရှရှနဲ့ကြည်လင်တယ်။ တကယ်တော့ သူက အဆိုတော်ဖြစ်ရမှာ"

"အား. . . ဝါး. . . ဝါး"

သုခဘုံက လိုတာထက်ပိုပြီး ချီးကျူးနေတာကြောင့် သူ အမြင်ကတ်ကတ်နှင့် ကျူးအော်ပစ်လိုက်ပါသည်။

"အမယ်လေး! လန့်လိုက်တာ။ ကျေးတမန် မင်းဘာဖြစ်နေတာလဲ"

ဟု သူမက ခပ်ဝေါက်ဝေါက်ကြီး ရန်ထောင်ပစ်လိုက်သည်တွင် အိမ်ရှေ့မှာ ကားထိုးရပ်သံက ဆိုက်ဆိုက်မြိုက်မြိုက်ထွက်ပေါ်လာရသည်။

"ဘယ်သူလဲမသိဘူး"





ဟုဆိုကာ နှစ်ယောက်သားတံခါးရှက်မှန်ချက်မှတစ်ဆင့် လိုက်ကာစလေးပင့်ကာ ကြည့်လိုက်သည်တွင်. . .

"ဟိုက်! ပြဿနာပဲ"

"ဟုတ်တယ်။ အဲ့ဒါ မင်းအိမ်ကကား"

"သုခဘုံ. . . မင်း ငါ့ကိုကူညီပါ"

"ဘာကြောင့်လဲ"

"ငါမကြာခင် လခထုတ်ရတော့မှာ၊ အဲ့ဒီတော့ ငါ မင်းကိုတစ်ဝက်ခွဲပေးမယ်"

"တကယ်နော်"

"တကယ်ပါ"

ဟုဆိုကာ အတိုင်အဖောက်ညီညီနှင့် အိမ်ခန်းထဲနှစ်ယောက်တူတူ ပြေးဝင်သွားကြကာ သုခဘုံကို ခုတင်ပေါ်တွန်းတင်ပစ်လိုက်ပြီး ခြုံစောင်ကို ဖြစ်သလိုဆွဲခြုံပစ်လိုက်ကော သူက ခုတင်ဘေးမှာ မှောက်အိပ်နေလိုက်သည်။

"သုခဘုံ. . . ပိပိရိရိလေးနော်"

"အေးဆေးပါ။ ကျေးတမန်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဝက်နော်"

ဟု သူမရဲ့စကားဆုံးဆုံးချင်းမှာ တံခါးခေါက်သံက နှစ်ချက်ဆင့် ထွက်ပေါ်လာကာ ခြေသံကိုကြားလိုက်ရသည်။

"သား"

မေမေရဲ့ခေါ်သံကြားမှ သူက အိပ်ချင်မူးတူးပုံနှင့်. . .

"ဟင်! မေမေ"

"သုခဘုံ တော်တော်များ နေမကောင်းဖြစ်နေသလား"

သူက ထိုအခါကျမှ စိုးရိမ်တကြီးပုံစံမျိုးဖမ်းကာ သူမနဖူးကို လက်ဖဝါးနှင့်စမ်းသပ်လာပါသည်။

"ကိုယ်ပူကျသွားပြီပဲ"

"သားရဲ့ဖေဖေက သားအလုပ်မဆင်းလို့ ဒေါသဖြစ်နေတာ။ မောင် ကျော်စွာ့ဆီက ဖုန်းကိုရရချင်းပဲ မေမေ, သားဖေဖေကိုအသိပေးလိုက် ပါတယ်"

"သူက ခဏခဏနေမကောင်းဖြစ်တယ်မေမေ"

"ဘယ်လိုဖြစ်နေတာလဲ သားရယ်"

"ခေါင်းလည်း ခဏခဏမူးတတ်တယ်။ အစားလည်းပုပ်တယ်။ မေမေပေးတဲ့မုန့်ဖိုးတွေဆို သူ့ကိုချည်း. . ."





"သား. . . အိုကွီလေး ဘာလေးမပြုကြည့်ဘူးလား"

"ဟာ. . . မေမေကလည်း"

"သုခဘုံက ကျန်းမာတဲ့ကလေးပဲ၊ ဒီလိုဖြစ်တော့ ကိုယ်ဝန်လေး ဘာလေး"

"မဟုတ်ပါဘူး မေမေကလည်း သားနဲ့သူက ဘာမှမှမဟုတ်တာ"

"ဘာ! "

ထိုအခါမှာတော့ သူ့စကားမှားသွားမှန်းသိလိုက်ရတဲ့သူက ပါးစပ် ကို ချက်ချင်းကြီးပိတ်ပစ်သလို၊ သိပ်လျင်တဲ့သုခဘုံက အိပ်ရာထဲမှ ငေါက်ခနဲ ထလာကာ. . .

"မောင်"

အိပ်ချင်မူးတူးပုံနှင့် ယောင်နနလေး လှမ်းခေါ်လာပါသည်၊ သူ သုခဘုံကို ကျေးဇူးတင်သွားမိပါသည်။

"ဟင်. . . ဘုံ. . . ဘုံနိုးလာပြီလား၊ နေလို့ကောင်းရဲ့လား၊ ခေါင်း ရော မူးသေးလား"

ဟု တမင်ပင် ကြင်နာပြလိုက်ပါသည်။

"ဩော်! မေမေရောက်နေပါလား။ မေမေ ဘယ်တုန်းကရောက် သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုလေးပဲ၊ သမီးနေမကောင်းဘူးကြားလို့ စိတ်ပူပြီးလာခဲ့တာ"

"ခေါင်းနည်းနည်းမူးလို့"

"သားက အလုပ်တောင်မတက်နိုင်ဘူးဆိုတော့ မေမေ စိတ်ပူသွားဟာပေါ့"

"အားနာပါတယ်မေမေ"

"ကဲကဲ. . . အနားယူလိုက်ဦး။ မေမေလည်း ပြန်လိုက်ဦးမယ်။ သား, သမီးကိုဂရုစိုက်ပါ"

"လိုက်ပို့"

"ရတယ်။ သမီးကိုသာ ဂရုစိုက်ပါ"

ဟုဆိုကာ မေမေက လက်ကိုင်အိတ်ကိုဆွဲပြီး ထွက်သွားတော့မှ အချင်းချင်းအပြန်အလှန်ပွေ့ဖက်ထားခဲ့သော သူတို့နှစ်ယောက်က ရုတ်ချည်း ခွဲသွားရပါသည်။

"တော်တော်သရုပ်ဆောင်ကောင်းတယ်"

"ငါမကယ်ရင် မင်းဘယ်လိုထွက်မလဲ"

"ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်။ ကဲ. . . ရပြီလား"

ဟုတမင်ရွဲ့ပြောကာ ထွက်သွားသော ကျေးတမန်ကို သူမပြုံးပြီး ကြည့်နေဖြစ်လိုက်သည်။

၏ ၏ ၏



## အခန်း (၁၈)

ဒီနေ့တော့ သူက စောစောထကာ မီးဖိုခန်းထဲဝင်ပြီး အလုပ်ရှုပ်နေခဲ့ပါသည်။ အောက်ထပ်မှ ဒုန်းဒုန်းဒွမ်ဒွမ်းသံကြောင့် သူမမှာ မျက်နှာပင် မသစ်သေးဘဲ ရှုပ်ပွပွ ဆံပင်လိမ်လိမ် ဖွာလန်ကျဲကြီးနှင့်ပင် အောက်သန်းသန်း ဆင်းလာခဲ့ပါသည်။

"အား. . . ဝါး. . . ဝါး. . . ဝါး. . . ဘာတွေလုပ်နေတာလဲ"

"မျက်စိမကန်းသေးရင် တွေ့မှာပေါ့"

"ပေါင်မုန့်ကြော်နေတာပါ။ ကော်ဖီဖျော်နေတာပါလို့ ရိုးရိုးသားသားပြောရင် ချက်ချင်းအသက်ထွက်သွားမှာစိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေပြောတတ်တာ မင်းအကျင့်ဖြစ်နေပြီထင်တယ်နော်"

ဟုဆိုကာ နောက်ဆုံးပေါင်မုန့်ချပ်ကို ပန်းကန်ပြားထဲထည့်ကာ စားပွဲပေါ်တင်လိုက်ပါသည်။

"ငါရော့ စားမယ်"

ဟုဆိုကာ ဆိုးဆိုးဆတ်ဆတ်ပင် ဆတ်ခနဲဝင်ထိုင်ပစ်တော့ သူက မျက်လုံးပြူးကြီးနှင့်ပင် စားစရာများကို သူ့ကိုယ်လုံးကြီးနှင့် မလုံ့တလုံ့ကာကွယ်ပစ်လိုက်သည်။

"ဘာလုပ်တာလဲ"

"မင်းညစ်ပတ်လှချည်လား သုခဘုံ"

"ငါ့ပါးစပ်နဲ့ငါစားတာ။ မင်းပါးစပ် ငှားစားလို့လား"

"မျက်နှာမသစ်ဘဲစားတာ လူမဟုတ်ဘူး"

"ခွေးဖြစ်ဖြစ်၊ နွားဖြစ်ဖြစ် ကြိုက်တာပြော။ ငါ့အသား ပွဲပါသွားတာမှမဟုတ်တာ"

ဟု ခပ်တည်တည်ပင်ပြောကာ သူ့ကိုယ်ကြီးကိုတွန်းဖယ်ပြီး ပေါင်မုန့်ကြော်တစ်ချပ်ကို ချက်ချင်းနှိုက်ကာ ဝါးစားပစ်လိုက်သည်။ သူမကို နှာခေါင်းရှုံ့၍ကြည့်နေသော ကျေးတမန်ကိုရွဲ့၍ပင် ကော်ဖီတစ်ခွက်ကို ဂွတ်ခနဲမြည်အောင် သောက်ပြလိုက်သေး။





ဒီလိုညစ်ပတ်သည့်လူမျိုးကို သူ့တစ်သက်မှာ မတွေ့ဖူး၍ သူနှလုံးနာစွာပင် စိုက်ကြည့်နေဖြစ်ပါသည်။ သူမကတော့ အလကားရသည့်များကို အားမနာပါးမနာ စားသောက်နေလေရဲ့။

သူက သူမကို ကျွေးချင်လှတယ်ရယ်ကြီး မဟုတ်ပေမယ့် သူမက အဲ့ဒီလိုမြိန်ရည်ယှက်ရည်စားသောက်နေပြန်တော့လည်း ဘာမှထပ်ပြီး မပြောဖြစ်။

သူက စမတ်တကျနှင့် အဝတ်အစားကို သန့်သန့်ပြန့်ပြန့်ဝတ်ဆင်ကာ ကုမ္ပဏီသွားဖို့ဆင်းလာတော့ ဆက်တီပေါ်ထိုင်နေသောသူမကို အဆင်သင့်တွေ့လိုက်ရပါသည်။

"ဒီနေ့ စောနေတယ်နော်"

"ခါတိုင်းနေ့က နောက်ကျတာပါ"

"ဒီမှာလက်မှတ်, ရော့"

"ဘာလက်မှတ်လဲ"

ဟုဆိုကာ မှန်းဆဆလေးနှင့်လှမ်းယူပြီး ကြည့်လိုက်ပါသည်။

"ရှိုးပွဲလက်မှတ်ပဲ။ ဘယ်က ရတာလဲ"

"သီအိုရမ် လာပေးတာ"

"သီအိုရမ်"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကကြီးနဲ့ ငါပေးဖို့မေ့နေတာ၊ မင်းကြိုက်တယ်မဟုတ်လား၊ မင်းဘော်ဒါတွေလေ"

"ဘာ!"

"သူတို့က မင်းလိုဗလတွေမရှိဘူး၊ ရင်အုံကြီးတွေလည်း မကျယ်တော့၊ မသိတဲ့လူဆိုရင် တကာယ်မိန်းကလေးလိုပဲ၊ ယောကျ်ားလေးမစ် ရွေးချယ်ပွဲလက်မှတ်တဲ့။ ရယ်ရတယ်နော်. . . ဟင်း. . . ဟင်း"

ဟုဆိုနေသော သူမရဲ့ရယ်သံလွင်လွင်က သူ့ကိုပဲလှောင်ပြောင်နေသယောင်။ ဘာကိုမှန်းမသိ ရင်ထဲမှာ လှောင်မြိုက်စွာ ပူပူကြီးခံစားလိုက်ရပါသည်။

ဒါကြောင့်ပင် လက်ထဲမှလက်မှတ်ကို အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲပြီးဖြစ်သွားရသည်။

"ဟင်!"

သူမအံ့ဩနေစဉ်မှာပင် သူက ဆုတ်ဖြဲပြီးစာရွက်အပိုင်းလေးများကို နင်းချေကာ ထွက်သွားလိုက်သေး၏။ သူ ဘာကို ဒီလောက်ဒေါသထွက်သွားသလဲဆိုတာ သူမ စဉ်းစားမရနိုင်အောင်ပါဘဲ။

❁ ❁ ❁



## အခန်း (၁၉)

သူအိမ်ပြန်လာသောအချိန်မှာ သော့တန်းလန်းနှင့်အိမ်က ခြောက်ကပ်စွာ ဆီးကြိုနေခဲ့ပါသည်။ သူခဘုံမရှိဘူးလို့ သူအလိုလိုနားလည်လိုက်ပါသည်။

ကားကိုဒေါင်ထဲသို့စနစ်တကျသွင်းပြီး တံခါးရွက်ကိုဖွင့်ကာ ဝင်ပြီး သော့ပြန်ခတ်ထားလိုက်သည်။ အပေါ်ထပ်သို့တက်မည်အပြုတွင် အုပ်ဆောင်းတင်ထားသောစားပွဲခုံက မြင်ကွင်းထဲ တိုးဝင်လာသည်မို့ ဘာရယ်မဟုတ်ဘဲ ထိုအုပ်ဆောင်းကို လှန်ကြည့်လိုက်သည်တွင် မြင်လိုက်ရသောဟင်းအမည်စုံစုံကြောင့် အံ့ဩသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဖွန်းတစ်ချောင်းကိုကောက်ကိုင်ကာ ဘာဟင်းရည်မှန်းမသိသော စိမ့်ဖန့်ဖန့်အရောင်ရှိသောဟင်းခွက်ကိုနှိုက်လိုက်ပြီး မြည်းကြည့်လိုက်သည့်တွင် အရသာက လျှာဖျားထဲစီးဝင်သွားကာ ရှုံ့မဲ့သွားပြီး ရေခဲသေတ္တာနားပြေးကပ်ကာ ရေဘူးကိုဖွင့်ပြီး မော့ချလိုက်ရပါသည်။

“လူကို ကျွဲမှတ်နေတယ်ထင်တယ်၊ ငန်လိုက်တာ။ အောင့်အီးကျိတ်မှိတ်လို့ကောင်း စားမရတဲ့ဟင်းထဲမှာ အဲ့ဒီတစ်ခွက်က ထိပ်ဆုံးကပဲ”

ဟု ပါးစပ်မှ ပွစိပွစိပြောကာ နောက်တစ်ခွက် ဝါကျံကျံအရောင်အဆင်းနှင့်ဟင်းကို မြည်းကြည့်လိုက်ပြန်သည်။

“အင်း. . . ဒါကတော့ မဆိုးပါဘူး။ ရေသောက်စရာမလိုဘူး။ ဘာအရသာမှကိုမရှိတာ။ ဟင်. . . ဒါက ငါးဟင်းပါလား။ မဆိုးဘူးပဲ။ သုခဘုံတို့ တိုးတက်လာပြီ”

ဟုဆိုကာ ငါးဟင်းခွက်ကိုနှိုက်မည်ကြံတော့ မာကျောကျောအတွေ့ကြောင့် သူနှာခေါင်းရှုံ့သွားရပြန်သည်။

“ဗဟုသုတနည်းလှချည်လား။ ငါးကို ကြေးခွံမချွတ်ဘဲချက်တာ တစ်လောကလုံး သူတစ်ယောက်ပဲရှိမယ်။ ဟင်! ဒါက ဘာဟင်းလဲ”

ဟုဆိုကာ ပြူးတူးပြဲတဲနှင့် ဟင်းပန်းကန်နားကပ်ကာ သေချာ





ကြည့်မိလိုက်သည့်တွင်. . .

“ဟား. . . ဟား. . . ဟား. . . သုခဘုံ. . . သုခဘုံ၊ ညံ့လှချည်လား။ ခရမ်းချဉ်သီးကို ဒီလိုနွှာပြီး သုပ်ထားတယ်။ ဟား. . . တကယ်ပဲ”

သူရယ်ရင်လည်း ရယ်ချင်စရာပါပဲ။ ခရမ်းချဉ်သီးကို လေးခြမ်းခြမ်းကာ လေးခြမ်းမှာမှ နောက်အလယ်တည့်တည့်ပိုင်းပြီး လှီးထားပုံမှာ ဒီကမ္ဘာပေါ်မှာ သုခဘုံတစ်ယောက်တည်းသာ ထိုသို့လှီးတတ်သလားဟု ထင်မြင်ယူဆချင်စရာပင်။

သူက တစ်ယောက်တည်း သုခဘုံရဲ့ဟင်းများကို တဟင်းဟင်း ရယ်ကာ အပေါ်ထပ်သို့တက်လာခဲ့ပါသည်။ သူရေမိုးချိုးအဝတ်လဲပြီး ချိန်ထိ သုခဘုံက ပြန်ရောက်မလာခဲ့ပါ။

မိုးက မှောင်စပျိုးလာ၍ သုခဘုံ ဘယ်သွားသလဲဆိုတာ သူစိတ်ဝင်စားလာမိသည်။ သုခဘုံမရှိတော့လည်း အခုလိုအိမ်ကြီးထဲမှာ သူတစ်ယောက်တည်း ပျင်းလာရသလိုလိုတော့ရှိသား။

ထလိုက်၊ ထိုင်လိုက်၊ အိမ်အောက်ဆင်းလိုက်၊ အိမ်ပေါ်ပြန်တက်လိုက်နှင့် သူတစ်ယောက်တည်း ရောက်တတ်ရာရာဖြစ်နေစဉ်မှာ မီးက ဖျတ်ခနဲပျက်သွားရပါသည်။

ထိုအခါမှာတော့ သူက တက်လိုက်ဆင်းလိုက်မနေဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲဝင်ကာ မှောင်ရိပ်ထဲ၌ပင် ခုတင်ပေါ် လဲလျောင်းနေမိပါသည်။ လရောင်က ပတ်ဝန်းကျင်မှာ ဝင်းထိန်စပြုနေပြီမို့ ခုတင်ပေါ်မှထရပ်ကာ မှန်ပြတင်းမှတစ်ဆင့် အပြင်ဘက်ဆီသို့ငေးမောမိစဉ်မှာ မိုးရေထဲက သူ့အခန်းဘက်ကိုကြည့်ကာ ဘာတွေအော်ပြောလို့ပြောနေမှန်းမသိတဲ့ သုခဘုံရဲ့ပုံရိပ်က သူ့အာရုံထဲ ထင်းခနဲပေါ်လာရပါသည်။

သူ့ရင်အစုံက နာကျင်သွားရပါသည်။ ထိုနေ့က သုခဘုံက သူ့ရင်အစုံကို နာကျင်စေခဲ့ပါသည်။ ဘယ်တော့မှ သုခဘုံကို အဲ့ဒီလိုမလုပ်တော့ပါဘူးဟု အကြိမ်ကြိမ်နောင်တရမိသည်ထိ။

သူ့ရင်ထဲ စိတ်ဖိစီးမှုကြီးက အရှိန်အဟုန်နှင့် တိုးဝင်လာခဲ့သည်မို့ မျက်ဝန်းနှစ်ဖက်ကိုပိတ်ကာ အသက်ကိုမှန်မှန်ရှူလိုက်သည်တွင် စကားပြောသံသဲ့သဲ့က သူ့နားထဲတိုးဝင်လာရပါသည်။

အမှတ်တမဲ့မှ သေသေချာချာ ဂရုစိုက်နားထောင်လိုက်သည်တွင် သုခဘုံရဲ့အသံဖြစ်နေပါသည်။

''ကျေးတမန် ပြန်မရောက်သေးဘူးထင်တယ်''

''သူ့ကိုဖုန်းဆက်ကြည့်ပါလား''

''ဟင့်အင်း, မဆက်တော့ပါဘူး။ သူပြန်လာတော့မှာပါ''

''အိတ်ထဲမှာ အသေအချာထည့်ထားတာ။ အဲ့ဒီသော့က ဘယ်





အချိန်က ခုန်ထွက်သွားမှန်းမသိဘူး''

''ကျေးတမန်က အဲ့လိုပဲ မိုးချုပ်တတ်သလား''

''တစ်ခါတစ်ရံပါ''

''သူပြန်လာတဲ့ထိစောင့်နေမှာလား''

''အင်း''

''ကိုယ်ပါ စောင့်ကူမယ်''

''ရပါတယ်။ သီအိုရမ်, လိုင်းကားမမီဘဲနေမယ်''

''ကိုယ်က ရပါတယ်''

''အဲ့ဒါဆိုရင်တော့ ကျေးဇူးပဲ။ အဟဲဟဲ. . . သုခက နည်းနည်း သရဲကြောက်တတ်တယ်''

''ဟား. . . ဟား. . . မထင်ရဘူးနော်''

''လူဆိုရင် အကောင်မြင်ရတယ်။ သရဲက မမြင်ရတော့ ပိုကြောက်စရာကောင်းတယ်''

''သုခဘုံ သရဲခြောက်ခံရဖူးသလား''

''မခံရဖူးတော့ ပိုကြောက်တယ်။ ဟဲဟဲ. . .''

''သုခဘုံက ရိုးသားပွင့်လင်းတယ်။ ကိုယ် အဲ့ဒါကိုသဘောကျတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟုသီအိုရမ်က ဆိုလိုက်သည့်တွင် နှစ်ယောက်ကြား ခေတ္တတိတ်ဆိတ်သွားကြကာ. . .

"ဟိုဘက်မှာ သွားထိုင်ရအောင်။ အဲ့ဒီမှာထိုင်စရာနေရာရှိတယ်။ ကျေးတမန်ရဲ့အခန်းဘက်လေ"

ဟုဆိုလာသဖြင့် သူက ပို၍တိတ်ဆိတ်စွာငြိမ်နေဖြစ်လိုက်ပါ၏။ ထိုသို့အသံကြားပြီး သိပ်မကြာလိုက်ပါ။ သူ့မြင်ကွင်းထဲသို့ လူနှစ်ယောက်ရဲ့ပုံရိပ်က တိုးဝင်လာရသည်။

"ဒီနေ့တော့ လသာတယ်နော်"

"လပြည့်ရောက်တော့မှာပဲလေ"

"အဲ့ဒီနေ့က လမသာဘူး. သီလာ။ မိုးလည်းရွာတယ်။ သုခအရမ်းကြောက်တယ်။ သူ့ကို နည်းနည်းတော့ စိတ်နာမိတယ်။ သူကအကြင်နာတရားမရှိဘူး။ ရက်စက်တယ်"

"ဟမ်"

"ဪ. အင်း. . . ဘာမှမဟုတ်ပါဘူး"

"သုခဘုံ"

"အင်း"

"မင်း, ကျေးတမန်ရဲ့သတို့သမီး မလုပ်ခင်ကတည်းက ကိုယ်





မင်းကိုသိနေတာ"

"ဪ"

သူမရဲ့ 'ဪ'က သာမန်ကာလျှံကာရယ်ပါ။

"မင်း, ကျေးတမန်ကိုချစ်လား"

"ချစ်လား,ဟုတ်လား"

"ဝတ်မှုန်ကူးကိုချစ်သလိုမျိုးမဟုတ်ဘူး"

"သိပ်နားမရှင်းဘူး"

"ကျေးတမန်နဲ့ တစ်သက်လုံး ဒီလိုနေသွားမယ် စိတ်ကူးထားသလား"

"ဘာဖြစ်လို့လဲ"

"အချစ်လိုတယ်လေ"

"အချစ်"

"ကိုယ်ဆိုလိုချင်တာ သုခဘုံသိပါတယ်"

"သိပေမယ့် သုခ မသိချင်ယောင်ဆောင်နေချင်တယ်"

"ဘာဖြစ်လို့လဲ"

"မဖြေချင်လို့။ သူက မိန်းကလေးတွေကိုမချစ်တတ်ဘူး။ သူ့ရင်ထဲမှာ သီအိုရမ်ကလွဲရင် ဘယ်သူမှမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်"

"သီအိုရမ်မသိဘူးမဟုတ်လား။ သူ သီအိုရမ်ကိုချစ်နေတယ်"

"မဟုတ်ဘူး သုခဘုံ။ အဲ့ဒါအထင်လွဲနေတာပါ"

"သီအိုရမ် သူ့ကိုချစ်ပေးလိုက်ပါလား"

"သုခဘုံ တစ်လွဲထင်နေတယ်ဆိုတာ သိပေမယ့် ကိုယ် ဘာမှ မပြောချင်ဘူး။ ကျေးတမန်ရင်ထဲကိုတော့ ကိုယ်ဝင်ကြည့်လို့မရပေမယ့် ကိုယ့်ရင်ထဲက အရိုးသားဆုံးဖြောင့်ချက်တစ်ခုကိုတော့ သုခဘုံဆီမှာ ကိုယ်ဖွင့်ဟချင်တယ်။ ဒါမှ ကိုယ်တစ်သက်လုံး စိတ်ရှင်းရှင်းနဲ့နေထိုင်လို့ ရသွားမယ်လို့ထင်တယ်"

ထိုစကားသံကိုကြားလိုက်ရသော သူ့ရင်ထဲမှာ ပူလောင်သွားရပါသည်။ သီအိုရမ်၊ သုခဘုံကိုဖွင့်ပြောတော့မှာလားဆိုပြီး ရင်တမမနှင့်။

"ကိုယ် တစ်စုံတစ်ယောက်ကိုချစ်မိနေတယ်၊ အဲ့ဒါ ကျေးတမန် မဟုတ်တာတော့ လုံးဝသေချာတယ်"

"ကျေးတမန်တော့ အသည်းကွဲတော့မှာပဲ"

"အချစ်စစ်ဆိုတာ တစ်သက်မှာတစ်ကြိမ်ပဲ ဖြစ်တည်တယ်လို့ ကိုယ်ယုံကြည်တယ်။ ဥပမာ ကိုယ်တို့လို နူးညံ့တဲ့နှလုံးသားနဲ့ရပ်တည်





လှုပ်ရှားတဲ့ ရေးသားသူ အနုပညာသမားပေါ့။ ရှားပါးစွာဖြစ်တည်လာတဲ့ အချစ်စိတ်ကို နူးညံ့စွာပုံဖော်ခံစားလေ့ရှိကြတယ်။ ကိုယ်သူတစ်ယောက်တည်းကိုပဲ သိပ်ချစ်တယ်။ သူက ရိုးသားပြီး အပြစ်ကင်းတယ်။ မျက်နှာမှာ ဘာမာန်မာနမှ ပေကျံခြင်းမရှိဘူး"

"အဲ့လိုလူမျိုးက ရှိလို့လား"

"သူရိုးသားသလိုပဲ တလောကလုံးကလူတွေက ရိုးသားတယ်လို့ ထင်နေတယ်။ စိတ်တိုလွယ်ပြီး ပြေလွယ်တယ်။ သူက သိပ်ချစ်ဖို့ကောင်းတဲ့လူပါ"

"အဲ့လောက်ထိချစ်နေတာ နီးစပ်ဖို့ကြိုးစားပေါ့။ ဘာကူညီရမလဲ"

"ကူညီလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ကိုယ်က ဘယ်လိုမှ မနီးစပ်နိုင်ကြတော့တဲ့လူတွေမို့ပါ"

"ဟမ်! ဟုတ်လား။ ဒါဆို သီအိုရမ်ကြိုက်နေတာက ယောကျ်ားလေးလား"

"ဟမ်"

ဘယ်တုန်းကမှ မစဉ်းစားဖူးတဲ့မေးခွန်းမို့ ကြောင်အမ်းသွားရာမှ. . .

"ဟား. . . ဟား. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



သုခဘုံရဲ့စကားကို သူအမှန်တကယ်သဘောကျသွားမိပါသည်။

"အား. . . အိပ်ချင်လာပြီ၊ ကျေးတမန်က ဘယ်အချိန်မှပြန်လာမလဲမသိဘူး"

"ကိုယ့်ပခုံးကိုမှီပြီး အိပ်လိုက်ပါလား၊ သူငယ်ချင်းတွေပဲ"

"ဟုတ်တယ်. . . သူငယ်ချင်း၊ ဟုတ်တယ်"

ဟုဆိုကာ ဆတ်ခနဲ သူ့ပခုံးပေါ် ခေါင်းမှီလာသောသူမကြောင့် တုန်ရင်သွားသော ဘယ်ဘက်ရင်အုံကို လက်ကလေးနှင့် ဖိထားလိုက်ပါသည်။

ထိုမြင်ကွင်းက သူ့အတွက်တော့ တီကောင်ကို ဆားနဲ့တို့လိုက်သလို မချိမဆန့်ကြီးခံစားလိုက်ရပါ၏။ ရုတ်တရက် အိမ်အောက်ထပ်သို့ ပြေးဆင်းလာခဲ့ပြီးကာမှ ရောက်တတ်ရာရာ၊ ဘာလုပ်လို့လုပ်ရမှန်းမသိ။ အပေါ်သို့ပြေးတက်သွားမိပြန်ပါသည်။ မှန်ပြတင်းမှတစ်ဆင့် ချောင်းကြည့်လိုက်တော့ စောစောကပုံအတိုင်း မြင်နေရတာကြောင့် သူ့ရင်ထဲမှာ နေမထိထိုင်မသာဖြစ်သွားရပြန်ပါသည်။

သူ နောက်ဆုံးမှာတော့ ဘာမှမစဉ်းစားနိုင်တော့ဘဲ အိမ်ရှိ မီးခလုတ်မှန်သမျှဖွင့်ပစ်ကာ တံခါးရွက်ကိုဖွင့်ကာ ထွက်ပစ်လိုက်သည်။

"ဘယ်တုန်းက ပြန်ရောက်သလဲ"





သီအိုရမ်ရဲ့အမေးစကားကို သူ အခုချိန်မှာ ဖြေချင်စိတ်မရှိတော့ပါ။ သီအိုရမ်ရဲ့ပခုံးကိုမှီ၍ အိပ်မောကျနေသော သုခဘုံရဲ့ကိုယ်လေးကို ဆွေ့ခနဲပွေ့ချီလိုက်ပြီး အိမ်ထဲသို့ မ,ဝင်လာကာ သူမ၏အခန်းထဲမှာ အိပ်စေလိုက်သည်။

အိပ်မောကျနေသော သုခဘုံက မနိုးသည့်ပြင် ဇိမ်ကျကျပင် အိပ်နေလိုက်သေး၊ ထိုအခါမှာတော့ သူက ထူးဆန်းစွာပင် သူမကိုကြည့်မရနိုင် မဖြစ်တော့ဘဲ စောင်ပါးပါးကိုပင် သူမကိုယ်လေးပေါ် လွှမ်းခြုံပေးဖြစ်သွားသေးသည်။

သူ အောက်ထပ်သို့ ပြန်ဆင်းလာချိန်မှာတော့ ဆက်တီတစ်လုံးပေါ် အကျအနထိုင်ပြီး ကော်ဖီသောက်နေသော သီအိုရမ်ကိုတွေ့လိုက်ရသည်။

"မင်းတို့ပွင့်လင်းသင့်တယ် ကျေးတမန်"

တိတ်ဆိတ်နေခြင်းမှာ စီးမိုးပြီးထွက်လာတဲ့ သီအိုရမ်ရဲ့စကားကြောင့် သူမှာ ကြောင်နနဖြစ်သွားရသည်။

"တစ်ခါတစ်ရံမှာ ကိုယ်ကိုယ်တိုင်မသိနိုင်တဲ့ကိုယ့်စိတ်ကို တခြားလူက အတိုင်းသားမြင်နေတတ်တယ်"

"မင်း ရေးလက်စသီချင်းစာသားလား"



www.burmeseclassic.com

www.burmeseclassic.com



''မင်းဟာ ငါ့ရဲ့တစ်ဦးတည်းသော အချစ်ရဆုံးသူငယ်ချင်းပါ ကျေးတမန်။ မင်းစိတ်ကို ငါကောင်းကောင်းသိတယ်။ မင်း, သုခဘုံကိုတွေ့ပြီး နောက် ပြောင်းလဲသွားတယ်''

''ဘာ!''

''ဒေါသဖြစ်တတ်လာတယ်။ ခါတိုင်းလို နူးညံ့မနေတော့ဘဲ ကြမ်းတမ်းလာတယ်။ မင်းကို သုခဘုံက လူဖြစ်စေလိုက်တာပဲ''

''ဘာ!''

''ငါ မင်းကိုစွပ်စွဲမယ် ကျေးတမန်။ မင်း, သုခဘုံကိုချစ်နေပြီ''

''ဘာ!''

''ဝန်ခံလိုက်ပါ ကျေးတမန်။ မင်း, သုခဘုံကိုချစ်မိနေပါပြီ။ မင်းဟာ ငါ့အပေါ် သိပ်ကောင်းတဲ့သူငယ်ချင်းပါ။ မင်းသေချာပြန်စဉ်းစားမိရင် ငါ့ရဲ့စွဲချက်ကို မင်းငြင်းတော့မှာမဟုတ်ပါဘူး။ ပြီးတော့ မင်းမသိသေးတာကိုလည်း ငါက အသိပေးလိုက်ဦးမယ်''

''ဘာလဲ''

''သုခဘုံရဲ့ရင်ထဲမှာလည်း မင်းရောက်နေပြီ''

''ဘာ! ဒါကို မင်းဘယ်လိုသိသလဲ''

''ငါက သိချင်းရေးတဲ့လူလေ။ အမြဲတမ်း တစ်စုံတစ်ယောက်ရဲ့ ခံစားချက်ကို ဖတ်ရှုနေတယ်။ မင်းကံကောင်းပါတယ် ကျေးတမန်။ မင်းတို့ပွင့်လင်းလိုက်ကြပါ။ သာယာပျော်ရွှင်စရာတွေအများကြီးက မင်းကို ဆီးကြိုနေလိမ့်မယ်''

''ငါ. . .''

''မင်းရှက်နေတာမဟုတ်လား။ အချစ်က ရှက်စရာမှမဟုတ်တာဘဲ။ ချစ်ရင်ချစ်တယ်ပေါ့။ ချစ်ရင်ချစ်တယ်လို့ ပွင့်ပွင့်လင်းလင်းပြောခွင့်ရတဲ့လူက ကံကောင်းတဲ့လူပဲ။ ကံကောင်းခြင်းလက်ဆောင်က မင်းနဲ့မျက်နှာချင်းဆိုင်မှာပါ။ မိမိရရဖမ်းဆုပ်လိုက်စမ်းပါကွာ။ ယောကျ်ားပဲ''

ဟုဆိုကာ အားမာန်အပြည့်နှင့် ကြည့်ပစ်လိုက်တော့ သီအိုရမ်ဆီက အားမာန်တွေက ကျေးတမန်ရင်ထဲသို့ လျှပ်စီးပမာ ကူးစက်ဝင်ရောက်သွားရပါသည်။

အမျိုးသားနှစ်ယောက်က အင်အားများစွာတို့နှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်နေလိုက်ကြသည်မှာ ယုံကြည်မှုတွေခိုင်မာနေလျှက်။

❀ ❀ ❀







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

သူမမျက်လုံးနှစ်လုံးပွင့်သွားချိန်မှာ တစ်ခုခုကိုအပြင်းအထန် စဉ်းစားလိုက်ရပါသည်။ ဘယ်ကဘယ်လို ခုတင်ပေါ်ရောက်နေမှန်းမသိ။ စဉ်းစား၍မရသည်ကို ဖျစ်ညှစ်စဉ်းစားမနေတော့ဘဲ အိပ်ရာထက်မှ လူးလိမ့်ထကာ အောက်ထပ်သို့ဆင်းလာခဲ့သည့်တွင် မီးဖိုခန်းထဲမှာ ကျေးတမန်ကို အဆင်သင့်တွေ့လိုက်ရပါသည်။

''မျက်နှာမသစ်သေးဘဲနဲ့ လာပြန်ပြီလား''

''ငါအမြဲတမ်းမျက်နှာမသစ်သေးဘဲ စားနေကျကို နင်အလွတ် မရသေးဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဘေစင်ကို အမှတ်တမဲ့မျက်စိရောက်သွားသည်တွင် မတော့. . .

"နင်မနေ့က ငါချက်ထားတာတွေကိုမစားဘူးလား"

"ငန်ကြွပ်နေတာပဲ၊ ငါးကို ကြေးခွံမချွတ်ဘဲချက်တာ ကမ္ဘာပေါ်မှာ မင်းတစ်ယောက်တည်းပဲ ရှိမယ်ထင်တယ်"

"ဘာပဲဖြစ်ဖြစ် နင်အဲ့လိုကြီးတော့ မသွန်ပစ်သင့်ဘူး၊ ငါ့တစ်သက်မှာ နင်တစ်ယောက်တည်းကိုပဲ ချက်ကျွေးဖူးတာ"

ဟု သူမက သိမ်ငယ်စွာပြောလိုက်သည်တွင် သူ့ရင်ထဲ မကောင်းခြင်းများစွာတို့ တိုးဝင်လာခဲ့ရသည်။

"နင်က အမြဲတမ်း ငါ့ကိုဆို အဲ့လိုပဲ။ ဘယ်တော့မှ အကောင်းမမြင်ဘူး၊ အရေးမထားဘူး၊ မိုးရေထဲမှာလည်း ပစ်ထားတယ်၊ ငါ့ဟင်းတွေလည်း သွန်ပစ်တယ်။ ငါ့ကို အကြိမ်ကြိမ်အခါခါဝမ်းနည်းစေတယ်။ ငါသိပါတယ်၊ နင်က သီအိုရမ်ကလွဲရင် ဘယ်သူ့ကိုမှအရေးထားတဲ့လူမှ မဟုတ်တာ၊ ဒီဖိုက်ဘာရုပ်လေးတစ်ရုပ်ကြောင့် ငါသေသွားလည်း ဘာအရေးလဲ၊ ငါက နင့်အတွက် ဘာမှမဟုတ်တာ၊ ငါ့လက်တွေ ဆီပူလောင်နေတာကိုလည်း နင်မသိဘူးမဟုတ်လား၊ ငါဘယ်တုန်းကမှ အိမ်သန့်ရှင်းရေး မလုပ်ခဲ့ဖူးဘူး။ အိမ်သန့်ရှင်းရေးတွေလုပ်ပြီး ချက်ပြုတ်ရလို့





ငါပင်ပန်းပြီး အိပ်ပျော်သွားတာ။ နင်က တစ်ချက်မှ ဂရုမစိုက်ကဲ့ပြင်ငါ့ကို မိုးရေထဲပစ်ထားတယ်။ ငါ နင့်ကိုစိတ်နာတယ်"

"ဆောရီး, ငါတောင်းပန်ပါတယ်။ ငါ. . . ငါ"

"ရပါတယ်။ ငါနောက်တစ်ကြိမ် နင့်ကို ဘယ်တော့မှချက်မကျွေးတော့ပါဘူး။ နင့်ဆီက ပိုက်ဆံလည်းမတောင်းတော့ဘူး"

"ဆောရီး သုခဘုံ။ ငါ မင်းကိုအများကြီးတောင်းပန်ပါတယ်။ ငါအဲ့လိုရည်ရွယ်ခဲ့တာ မဟုတ်ပါဘူး"

"သီအိုရမ်က ကောင်းတဲ့လူဆိုတာ"

"တော်တော့ သုခဘုံ"

ရုတ်တရက်ကြီး ကျုံးအော်ပစ်တဲ့ကျေးတမန်ရဲ့အသံကြောင့် သူမမှာ ဆွံ့အသွားရပါသည်။

"မင်းနှုတ်က သီအိုရမ်ကိုအမွှမ်းတင်လိုက်ရင် ငါ့ရင်ထဲမှာ ဘယ်လောက်ထိ နာသွားရသလဲ။ မင်းသိသလား"

"အဲ့ဒါ နင့်အချစ်ကြီးပဲ"

"ငါ့အချစ်ကြီး"

"နင် သီအိုရမ်ကိုချစ်နေလို့ တခြားဘယ်မိန်းကလေးကိုမှချစ်မရတာပေါ့ အရူးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မျက်လုံးတွေကိုကြည့်လိုက်စမ်း သုခဘုံ"

တည်ငြိမ်အေးစက်တဲ့ သူ့အသံရင့်ရင့်ကြောင့် သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရပါသည်။

"ငါ့မျက်လုံးမှာ မတွေ့ဘူးလား"

"ကျေး. . . ကျေးတမန်"

"ငါတို့နှစ်ယောက်က မျက်နှာချင်းဆိုင်ကြီး လွဲနေကြတာပါ။ ဒီမှာ ငါလက်ဖဝါးဖြန့်လိုက်ပြီ မင်းရဲ့လက်တစ်ဖက် ငါ့ရဲ့လက်ဖဝါးပေါ်တင်လိုက်ပါ။ အဲ့ဒီအခါ မင်း ငါ့မျက်လုံးကိုဖတ်တတ်သွားလိမ့်မယ်"

ဟုဆိုကာ သူမနားသို့ ကျားရိုင်းတစ်ကောင်လို တဖြည်းဖြည်းတိုးကပ်သွားတဲ့ကျေးတမန်ကို သူမက ယုန်သူငယ်တစ်ကောင်လိုကြောက်လန့်သွားရကာ နောက်ဆုတ်နောက်ဆုတ်နှင့်. . .

"ကျေး. . . ကျေးတမန်. . . နင်"

"ငါ့မျက်လုံးထဲက အရိပ်ကို မင်းတွေ့ရပြီလား"

ဟု သူမမျက်လုံးကို အဆက်မပြတ်အကဲခတ်ကာကြည့်ရင်း သူမနားသို့ တိုးကပ်သွားခဲ့ပါသည်။ သူမမှာ နောက်ဆုတ်နောက်ဆုတ်နှင့် နောက်ဆုံးမှာ နံရံနှင့်တစ်သားတည်းကပ်သွားရပါသည်။

"လူတွေဟာ အချစ်နဲ့တွေ့ပြီးနောက် ပြောင်းလဲသွားတတ်ကြတယ်





ဆိုတာ ငါတကယ်ပုံသွားပြီ သုခဘုံ။ ငါ မင်းကိုချစ်တယ်သုခဘုံ။ ဟော့ဒီရင်ထဲကချစ်တယ်"

"ကျေး. . . ကျေး. . . ကျေးတမန်"

"ကျေးဇူးတင်ပါတယ်၊ မင်း ငါ့ဘဝထဲရောက်လာပေးလို့၊ ဘယ်အချိန်တည်းကမှန်းမသိပေမယ့် အခု မင်းကိုငါအတော်လေးချစ်မိနေပြီ။ ငါ့ရင်ထဲကို မင်းဝင်လာပါ သုခဘုံ။ နောက်ထပ် ငါတို့ထပ်ပြီး မျက်နှာချင်းဆိုင်ကြီး လွဲမနေချင်တော့ဘူး။ ငါတို့ချစ်လိုက်ကြစို့ သုခဘုံ။ ငါ နင့်ကိုသိပ်ချစ်တယ်"

ဟုဆိုကာ တဖြည်းဖြည်းချင်းတိုးကပ်သွားသော ကျေးတမန်ရဲ့ ရွှမ်းလဲ့ရီဝေတဲ့မျက်နှာချောချောကြောင့်. . .

"ကျေးတမန်. . . ဒို"

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပကာတိတိတ်ဆိတ်လျှက်။

ရသတို့နှင့်ပြည့်စုံပါစေ။

မယ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

## မိုးစက်ပွင့် မိုးစက်ပွင့် မိုးစက်ပွင့်

ထွက်ပြီးစာအုပ်များ

၁။ တိတ်တခိုး စူးသော မြားတစ်စင်း (ဗီဒီယို)
၂။ မြေပြင်ပေါ်သက်ဆင်း၍ လမင်းကပန်ဆင်းသောအရာ
၃။ အမုန်းသချိုမှ
၄။ သံစဉ်လွဲသည့် ချစ်ခြင်းတေး
၅။ တစ်ဆောင်းသစ် နှင်းတွေတစ်ခါဝေပိုင်းမှာ
၆။ သံစုံကျူးတဲ့ ငှက်ကလေး
၇။ ဆောင်းနှင်းမှုန် ဝတ်ရုံကြားမှာ မင်းပျော်ရစ်ခဲ့ပါ
၈။ မာနအလယ်သောင်ထွန်း ချစ်သူနေတဲ့ကျွန်း
၉။ မြားသုံးစင်း ပစ်ခွင်းဘယ်သို့ရွယ်
၁၀။ ဆုံဆည်းခွင့်
၁၁။ သူ့ပါးပြင်နှင့် သနပ်ခါး
၁၂။ အတ္တကင်းတဲ့ ချစ်ခြင်းနယ်မြေ
၁၃။ တိမ်ညိုကြားက ငွေလမင်း
၁၄။ နွေမဟုတ်သော် ရိုးတံကျဲ
၁၅။ အသည်းတံခါးလေး ဖွင့်ပါဦး

ယခုလထွက်မည့်စာအုပ် (ဖေဖော်ဝါရီ ၂၀၁၃)

**တိမ်ငိုမှ ပိတောက်ပြုံး**

## မယ်ခိုင် ထွက်ပြီးသောစာအုပ်များ

၁။ ချစ်သူ့ပေပူးလွှာ
၂။ ရည်းစားဦးကျိန်စာ
၃။ ထစ်ချုန်းမိုး
၄။ သဲမုန်တိုင်းရဲ့နှလုံးသားစိန်ခေါ်သံ
၅။ အိုဒေအစစ်ကိုရှာဖွေကြသူများ
၆။ နှလုံးသားတွန်သံ
၇။ ဆူးမဲ့နှင်းဆီ (ဗီဒီယို)
၈။ အပြုံရောင်သက်တံ
၉။ မိဖုရားလားဇာတရီ
၁၀။ ကြယ်တံစ်ပွင့်နှင့်တွေ့ဆုံခြင်း (ဗီဒီယို)
၁၁။ ပန်နှံချစ်သူ
၁၂။ ကဗျာလွှတ်ပွဲတော်
၁၃။ ပထမ မဟုတ်သော ပထမလူ
၁၄။ တောသူလေး
၁၅။ မြူနှင်းလိုလေလိုတိမ်လို
၁၆။ ပေါက်ပန်းပမာ
၁၇။ ရင်ပွင့်ချိန်
၁၈။ နှင်းပွင့်ဒိုင်ယာရီ
၁၉။ ဥက္ကာပျံနှလုံးသား
၂၀။ မျဉ်းပြောင့်များ
၂၁။ သမိုင်းကာရာဇဝင် (ဗီဒီယို)
၂၂။ ကာလတစ်ခုဌ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၃။ ဖယောင်းတိုင်လေးငိုသည်းချိန်
၂၄။ နိဒါန်းသဝက်မှာ
၂၅။ မျက်လွှာကိုချကာ ပင့်သက်ကိုရှိုက်၍
၂၆။ ဒဏ္ဍာရီထဲက သဲပွင့်ကြွေသံ
၂၇။ အလွမ်းသီတဲ့ကြိုး
၂၈။ မျက်နှာစိမ်းချစ်သူ
၂၉။ ကွက်လပ်ဖြည့်ပါ
၃၀။ ကျွန်မနှင့်သူတို့
၃၁။ ဟန်ဆောင်နှလုံးသား
၃၂။ ကြယ်တံခွန်ထဲကခရုအိမ်
၃၃။ မှောင်မိုက်သောကောင်းကင်
၃၄။ ပျော်ရွှင်ခြင်းနေ့သစ်များ
၃၅။ မေးစက်ခွင့်
၃၆။ မမြင်ရတဲ့အလှစစ်
၃၇။ ညချမ်းထဲကမိန်းကလေး
၃၈။ လမင်းနှင့်နေမင်းတစ်လှည့်စီကြိုးမိုးသောကမ္ဘာ
၃၉။ အဖြူရောင်မေတ္တာ
၄၀။ မုန်တိုင်းတစ်ခု၏နောက်ကွယ်တွင်
၄၁။ ချစ်မိလေသောအခါ
၄၂။ ပင်ယံထက်က မြေမခပန်း
၄၃။ ဝက်ပါထဲမှ အလင်းရောင်
၄၄။ ကံကြမ္မာနေ့စွဲ
၄၅။ ရင်ထဲအာသချေ

**ယခုလထွက်မည့်စာအုပ် (ဖေဖော်ဝါရီ ၂၀၁၃)**

**မျက်နှာချင်းဆိုင်လျှို**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရွှေပဒေသာစာပေ

# မယ်နိုင်

# မျက်နှာချင်းဆိုင်လွဲ

(အချစ်လုံးချင်းဝတ္ထုသစ်)

graphic design by YuWa

www.burmeseclassic.com